
http://www.cherrythitsar.org



http://www.cherrythitsar.org

မောင်မျိုး စီစဉ်သည်

ကြောင်နှစ်ကောင်
စာအုပ်တိုက်
two cats PUBLICATION
အမှတ်၁၃၂(မြေညီ) ၃၅လမ်း ရန်ကုန်။
ဖုန်း ၀၁-၂၅၃၇၂၂၊ ၀၁-၂၈၂၂၄၈

http://www.cherrythitsar.org

. . . . . . . . . . . မင်းခိုက်စိုးစန် . . . . . . . . . . .

# ကျွန်တော်နှင့်ဖုမ်ပီးဆက်

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး။
- ♦ အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး — ဒို့အရေး။

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ပဓာနကျသောတာဝန် ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ♦ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ♦ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံ များအား ဆန့်ကျင်ကြ။
- ♦ ပြည်တွင်းပြည်ပအဖျက်သမားများကို ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ♦ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး။
- ♦ အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး။
- ♦ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ♦ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ♦ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ♦ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ♦ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ♦ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ♦ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ♦ အမျိုးဂုဏ်၊ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- ♦ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး။
- ♦ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

http://www.cherrythitsar.org

**စာမူခွင့်ပြုချက်အမှတ်**
၁၁၆၈/၂၀၀၃ (၈)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၂၆၂/ ၂၀၀၄ (၃)

**ထုတ်ဝေသူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

**ပုံနှိပ်သူ**
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

**ထုတ်ဝေခြင်း**
ပထမအကြိမ် ၂၀၀၄ ခုနှစ် မေလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

http://www.cherrythitsar.org


# အခန်း- ၁

(တစ်)

## နမ်မီးဆစ်(Namesis)=ကလဲ့စားချေတတ်သော နတ်သမီး

http://www.cherrythitsar.org


(နှစ်)

သူမသည် ကျွန်တော်၏ ကလေ့စားချေတတ်သော နတ်သမီးလေး တစ်ပါးဖြစ်ပါသည်။ သူမကို နားလည်ရန် ခက်ခဲလှသည့်အကြောင်း ပြောပြခွင့်ရှိလျှင် ပြောပြချင်ပါသေးသည်။ သူမသည် ကျွန်တော့်ကို 'ဝင်ခွင့်မရှိသောအိပ်မက်များကို' ကိုမက်စေသူလည်းဖြစ်သည်ပြဿဒါး နေ့ရက်များကို ဖန်ဆင်းသူလည်း ဖြစ်ပါသည်။

*

သူမ သီချင်းဆိုသည့်အခါနေ့ခင်းဘက်ဖြစ်လျှင်နေကြွတ်၍ ညဘက်ဖြစ်လျှင် လ ကွယ်ပါသည်။

ကျွန်တော်ကတော့ သူမကို စိုးရိမ်ရေမှတ်သို့ အမြဲတမ်း ရောက်ရှိနေသည့် မြစ်တစ်စင်းဟု သတ်မှတ်ထားပြီး သူမကတော့(သူမကို သူမ)အမည်နာမမရှိသောလမ်းများပေါ် ကခရီးသည်တစ်ယောက်အဖြစ် ခံယူထားပါသည်။

*

(သင့်အနေဖြင့်) သူမကိုသင်နှစ်သက်သလို ဘာသာပြန်ဆို

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org


နိုင်ပါသည်။သူမသည်ရံဖန်ရံခါတွင် ရယ်စရာကောင်းလောက်အောင် အူကြောင်ကြောင်နိုင်သည့် ငတုံးမလေးတစ်ယောက်ဖြစ်နေသလို တစ်ချိန်တည်းမှာပင်လေးနက်စူးရှသည့် အတွေးအခေါ်ရှိသူတစ်ဦးလည်း ဖြစ်နေတတ်၏။

*

အဆိုးရွားဆုံးမှာ ကျွန်တော်၏(သူမအပေါ်) ဥပက္ခာပြုမှုများကို အခံရခက်စေသော နောက်ပြောင်ကျီစယ်မှုတို့ဖြင့် လက်တုံ့ပြန် ကလဲ့စားချေတတ်ခြင်းပင်ဖြစ်၏။

'ဖြေစမ်းပါဦး၊ မေဘုန်းရှိန်၊ ငါ့ကို အဲသည်လို ဒုက္ခပေးဖို့ နင့်မှာ ဘာအခွင့်အရေးရှိလို့လဲ' ဟုကျွန်တော်က မေးမိသည့်အခါတိုင်း သူမကလိမ္မာပါးနပ်စွာဖြင့်ပြုံးရုံသာ ပြုံးနေလေ့ရှိပါသည်။ဘယ်တော့မှ ပြန်မဖြေပါ။(ကျွန်တော့်အထင်သာမမှားဘူးဆိုလျှင် တစုံတစ်ရာ ပြန်ဖြေဖြစ်သွားမည်ကို သူမကိုယ်တိုင်စိုးရွံ့နေပုံရပါသည်)

**အဘယ်ကြောင့်ဆိုသော် သူမနှင့် ကျွန်တော်သည် (မိတ်ဆွေသူငယ်ချင်းများအားလုံးနီးပါးက ထင်မြင်ယူဆထားသလိုမျိုး) ချစ်သူတွေ မဟုတ်ကြသောကြောင့် ဖြစ်သည်။**

*

အံ့ဩစရာကောင်းသည့် အချက်တခုမှာ သူငယ်ချင်းများက ကျွန်တော်တို့နှစ်ယောက်ကို ချစ်သူတွေဖြစ်နေကြပြီဟု တကယ် ရိုးရိုးသားသား ထင်မြင်ယူဆကာ'သမီးရည်းစား" ခေါင်းစဉ်အောက်က အခေါ်အဝေါ်စကားလုံးများဖြင့် ပြောဆိုဆက်ဆံသုံးနှုန်းလာသည့်အခါ များတွင်လည်းသူမကောကျွန်တော်ပါ 'မဟုတ်ပါဘူး'ဟု အကြောက်အကန်ငြင်းဆိုခြင်း၊ ရှက်ကိုးရှက်ကန်းဖြစ်ခြင်းများ မရှိဘဲ အလိုက်သင့် အလျားသင့် အမူအယာမပျက် နေထိုင်မြဲ နေထိုင်နိုင်ကြခြင်းပင်ဖြစ်၏။

အဲသည်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်နှင့်သူမ တိုင်ပင် ညှိနှိုင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ထားခြင်း တပင်တပန်း ဟန်ဆောင်ဖုံးကွယ်ရခြင်း၊ အနေရ အထိုင်ရ ခက်ခြင်းမျိုးလုံးဝ မရှိခဲ့သည့်အကြောင်း ကျွန်တော် ကျိန်ဆိုပြောဆိုဝံ့ပါသည်။

တကယ်ဆိုလျှင်. . . . အဲသည်ကိစ္စမျိုးကို ရေးကြီးခွင်ကျယ်လုပ်ပြီး ပြောနေစရာ လိုအပ်သည်ဟုပင် ကျွန်တော်တို့ မထင်ခဲ့ကြပါ။ (ကျွန်တော်တို့ နှစ်စလုံးက ပျင်းရိလွန်းနေတာလည်း ဖြစ်ကောင်းဖြစ်မည်။ သို့မဟုတ်ကိုယ့်ကိုယ်ကို လှည့်စားလွန်းနေတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်)

ဘယ်လိုကြီးမှန်းလဲတော့ ကျွန်တော်ကိုယ်တိုင်လည်း မသိပါ။

သို့ရာတွင်. . . .

သူမနှင့်ကျွန်တော်နှစ်ယောက်ကြားတွင် ရွှေရောင် ဝတ်ဆံမှုန် များဖြင့် ရက်လုပ်ထားသည့် ပင့်ကူအိမ်လေး တစ်အိမ်ရှိနေသည့် အချက် ကတော့ အသေအချာပင် ဖြစ်၏။ (ကျွန်တော်က သူမကိုဥပက္ခာ ပြုမိတိုင်း သူမက လက်တုံ့ပြန် ကလဲ့စားချေတတ်ခြင်းသည်ပင်လျှင် သည်အချက်ကို ခိုင်မာစေသော အထောက်အထားဖြစ်သည်)

သို့သော် ကျွန်တော် ရည်းစားထားချင်သော ကောင်မလေး လှလှကလေးများကို ချဉ်းကပ်ဖို့ လိုအပ်လာတိုင်း သူမက အကူအညီများ အကြံဉာဏ်များပေးတတ်စမြဲ၊ ထို့အတူ သူမကို ရည်းစားစကားလိုက် လိုက်ပြောသော ငနဲတွေ ရှိလာတိုင်း (သူမက အနည်းငယ်ကြွားချင်တာ ဖြစ်ကောင်းဖြစ်မည်) သူမပြန်ပြောသမျှ ဇရုတ်သုက္ခ အဖြစ်အပျက်တွေကို ကျွန်တော်ကချည်း ဒိုင်ခံ နားထောင်ပေးရစမြဲ။

ပြီးလျှင် ကျွန်တော်တို့နှစ်ယောက် ရယ်မောပစ် လိုက်တက်ကြ သည်။

*

တကယ်တော့ ကျွန်တော်တို့နှစ်ယောက်သည် ကျွန်တော်တို့ နှစ်ယောက်သာလျှင်ဖြစ်သည်။

■

http://www.cherrythitsar.org


(သုံး)

အဲသည့်နေ့က ပြဿဒါးနေ့သည် ကျွန်တော်ထံ နှစ်ကိုယ်ခွဲပြီး ရောက်လာသောနေ့ဖြစ်၏။

*

မနေ့က တစ်နေ့လုံး မြောက်ဥက္ကလာပရှိ ဆေးတက္ကသိုလ်(၂) စာသင်ဆောင်များရှိရာ စင်္ကြန်ပေါ်တွင် ကျွန်တော် တစ်နေကုန်ခဲ့သည်။ မုဆိုးနားနီးမုဆိုး၊ တံငါနားနီးတံငါဟူသော စကားကိုယုံပြီး ဆရာဝန်ဖြစ်ချင်သောကြောင့် ဆရာဝန်များအနီး ရစ်သီရစ်သီ သွားလုပ် နေခြင်း မဟုတ်ပါ။

တတိယနှစ် အမ်ဘီတွင် ကျွန်တော် ရည်းစားဖြစ်ချင်နေသော အရပ်ပုပု ကောင်မလေးတစ်ယောက် ရှိသည်။ အဲသည်ဂျပုမလေး၏ အမည်မှာ စမ်းစမ်းဖြစ်ပြီး ထိုကောင်မလေးအကြောင်းကို မေဘုန်းရှိန်အား ပြောပြသည့်အခါ. . .

သူမက. . .

“ဘာ. . . သူ့နာမည်က ဘယ်လို”

“စမ်းစမ်း၊ စမ်းစမ်းတဲ့”

“ဩော် နင့်ကောင်မလေးက မျက်စိမမြင်ရှာဘူးကိုး”

“ဘာဆိုင်လို့လဲဟ”

“မျက်စိမမြင်လို့သာ စမ်းစမ်း ဖြစ်နေတာပေါ့”

ကျွန်တော် အတော်စိတ်တိုသွားသည်။ သို့သော် မနည်းကျိတ် မှိတ်မျိုသိပ်ထားလိုက်ပြီး ကြိုးစားပမ်းစား ချိုသာထားရသော မျက်နှာဖြင့်

http://www.cherrythitsar.org



သူမကိုရှိသေဝပ်တွားရပါသည်။ သူမ၏အဆကက်အသွယ်ဖြင့် ဂျပုမကလေးကို ချဉ်းကပ်ရမည်မဟုတ်လား။ (မေဘုန်းရှိန်ထံတွင် ပန်းချီသင်တန်းတက်နေသည့် တပည့်မလေးတစ်ယောက်သည် ထိုဆရာဝန်လောင်းဂျပုမလေး၏ ညီမဖြစ်ပါသည်)

သည်လိုနှင့်ပင် မေဘုန်းရှိန်၏ ကူညီစောင်မမှုဖြင့် ထိုဂျပုမလေး၏အနီးတွင် ကျွန်တော်သည် 'ရည်းစားစကားပြောခွင့် လိုင်စင်ရ' သူငယ်ချင်းဘဝဖြင့် ရစ်သီရစ်သီ လုပ်ခွင့်ရသွားပါတော့သည် ။

မနေ့ကတစ်နေ့လုံး ဂျပုမလေး၏ အတန်းရှေ့စကြိုန်တွင် သုံးနာရီကြာမျှ ခြေထောကအညောင်းခံပြီးနောက်. . . .

"မနက်ဖြန် လပြည့်နေလေစမ်းရဲ့ အဲတာ. . . "

"အင်းလေ. . .၊လပြည့်နေ့ဆိုတော့. . . လပြည့်နေ့ဆိုဈေးတွေပိတ်တာပေါ့၊ အဲဒါ ဘာဖြစ်လဲကိုမင်းညီ"

သွားသေလိုက်ပါလား ဂျပုမရယ်။ လပြည့်နေ့မှာ ဈေးပိတ်တဲ့အကြောင်းပြောချင်လို့နှင့်ကိုသုံးနာရီလုံးလုံး ရပ်စောင့်နေတယ်များအောက်မေ့နေသလား။ ကျွန်တော် စိတ်ထဲကကျိတ်ပြီး ဆဲလိုက်၏။သို့သော်ကျွန်တော်၏ မျက်နှာကမူ (ရုပ်ရှင်မင်းသား၊ မင်းသမီး သုံးလေးဦးကဝိုင်း၍အလွန်မှန်ကန်ကြောင်း ထောက်ခံချက်ပေးထားသော လက်မှတ်များနှင့်အတူ) မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ဓါတ်ပုံဖြင့်ကြော်ငြာထားသည့် ဗေဒင်ဆရာ၏ မျက်နှာပေးမျိုး၊ အလွန်တရာမှကောင်းစွာပြုံးဖြီးဖြီး လုပ်ထားပြီး. . .

"မဟုတ်သေးဘူးလေ စမ်းရဲ့၊ ကိုယ်ပြောချင်တာက ဟိုလေလပြည့်နေ့ဆိုတော့ ရွှေတိဂုံဘုရားဖြစ်ဖြစ် သွားချင်မလားလို့၊ ကိုယ် လိုက်ပို့ပေးမယ်လေ"

ငတိမက အူသလို၊ ကြောင်သလိုနှင့် အတော်ကြာအောင်စဉ်းစားနေသေး၏။ ပြီးတော့မှ "မဖြစ်သေးဘူးထင်တယ်ကိုမင်းညီရဲ့၊ အိမ်ကလွှတ်မှာမဟုတ်ဘူး။ စမ်းကတစ်ခါမှယောက်ကျားလေးတစ်ယောက်နဲ့အပြင်ထွက်ဘူးတာမဟုတ်တော့ ဟိုသင်း". . .

"သြော်. . . စမ်းကလဲကိုယ်နဲ့နှစ်ယောက်တည်းသွားမှာမှမဟုတတ်တာ၊ မေဘုန်းရှိန်လည်း ပါမှာပဲဥစ္စာ"

http://www.cherrythitsar.org



ကျွန်တော်က မေဘုန်းရှိန်ကို ငါပြောရင်ရမှာပဲဟု အပိုင်တွက်ထားပြီး ရဲရဲကြီး အာမခံလိုက်၏။ ထိုအခါတွင် ဂျပုမက တွန့်ဆုတ်တွန့်ဆုတ် လေသံဖြင့်. . .

“အင်း မမဘုန်းပါလာရင်တော့ ဖြစ်မယ်ထင်တာပဲ၊ မပြောတက်သေးဘူးလေ၊ မနက်ဖြန် ဆိုင်ကိုလာပြီး ပြောကြည့်ပေါ့”

ထို ဂျပုမလေး၏ အဖေက တာမွေရှိ ဗညားဒလလမ်းနှင့် ဖိုးစိန်လမ်းဆုံတွင် ဓါတ်ပုံဆိုင်ဖွင့်ထားရာသူမက ထိုဆိုင်၏အပေါ်ထပ် တိုက်ခန်းတွင် နေထိုင်ပါသည်။

“ကဲ. . . ဒါပဲမဟုတ်လား၊ ကိုမင်းညီ ပြန်တော့လေ၊ ကျွန်မ အတန်းဝင်ရဦးမယ်”

ထိုမရေမရာ စကားတစ်ခွန်းနှင့်ပင် ဆေးဝါးနံ့၊ အရက်ပြန်နံ့၊ ပိုးသတ်ဆေးနံ့၊ လူသေအလောင်းကို စိမ်ထားသော ဖော်မလင် ဆေးနံ့တို့ဖြင့် မွန်းကျပ်နံစော်နံစော်နေသောဝန်းကျင်မှ ကျွန်တော် ခပ်မြန်မြန် ပြန်လည်ထွက်ခွာလာဖြစ်ခဲ့တော့၏။

ဆရာဝန်တွေအဖို့တော့ဘယ်လိုနေမည် မသိပါ။ ကျွန်တော်ကတော့ထိုဆေးအနံ့များကိုသုံးနာရီခန့်ရှူမိသည်နှင့်ပင် ခေါင်းတွေကိုက်ခဲကာ (မည်သူကိုမှန်းမသိ)ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲပစ်လိုက်ချင်စိတ်တွေ ပေါ်နေပါသည်။

ကျွန်တော်က ‘ဆေး’ဆိုလျှင် ရွံ့လည်းရွံ့သည်။ မုန်းလည်းမုန်းသည်။အနံ့ရရုံမျှဖြင့်အော်ဂလီဆန်ကာ ပျို့ချင်အန်ချင်တတ်သူဖြစ်၏။ ကျွန်တော်ငယ်ငယ်ကအလွန်ချူချာသောကြောင့် အမြဲတမ်းလိုလို ဆေးတွေချည်း စားခဲ့ရလေရ ကြီးလာသောအခါ ထမင်းတောင် မစားတတ်တော့ဘဲဖြစ်နေမည်ကို စိုးရိမ်ခဲ့သည်ဟု ကျွန်တော့်အဖိုး က ပြောပြခဲ့ဖူးပါသည်။

ထိုကြောင့်. . .

သည်လို အနံ့အသက်ဆိုးတွေနှင့် ကင်းဝေးရာ ရပ်ဝန်းဒေသ တစ်ခုတွင်ဂျပုမလေးနှင့်(အနည်းဆုံးတစ်ညနေခင်းစာလောက်ဖြစ်ဖြစ်) လျှောက်လည် လိုက်ရလျှင် ဘယ်လောက်ကြည်နူးစရာကောင်းလိုက်မလဲ

http://www.cherrythitsar.org



ဟုတွေးမိသော ရင်ခုန်မှုဖြင့်ပင် မေဘုန်းရှိန်၏ ပန်းချီပြခန်းသို့ ကျွန်တော် ရောက်လာဖြစ်လေသည်။

*

သို့သော်အကြိုးအကြောင်းကိုပြောပြပြီးအကူအညီတောင်း လိုက်သည်နှင့် တစ်ပြိုင်နက် မေဘုန်းရှိန်က ကျွန်တော့်ကိုခါးခါးသီးသီး အပြစ်တင်တော့သည်။

"နင့်စိတ်ထဲမှာငါ့ကိုဘယ်လိုများအောက်မေ့ထားလို့လဲ မင်းညီ၊ ငါကနင့်အတွက်ဘာမဆိုလုပ်ပေးဖို့အမြဲတမ်း အသင့်ရှိ နေတယ်လို့များ ထင်ထားလား"

" ဟာ မဟုတ်ပါဘူးဟာ နင်ကလဲ. . . "

" နင့်အနေနဲ့ အနည်းဆုံးငါ့ကိုကြိုပြောပြီး'ကူညီနိုင်မလား' ဆိုတာကိုခွင့်တော့တောင်းသင့်တာပေါ့။အခုတော့နင်ကဟိုဘက်မှာ လုပ်ချင်တာလုပ်လာခဲ့ပြီးမှ. . . "

"အေးဟာ. . . နင်ပြောရင်လည်းငါခံရတော့မှာပဲ၊ ငါတောင်းပန် ပါတယ်ဟာ"

ကျွန်တော်က တကယ်ပင် စိတ်မကောင်းဖြစ်သွားပါသည်။ 'မေဘုန်းရှိန်ကို ငါပြောရင် ရမှာပဲ' ဟူသည့်အတွေးက သူမကို အနိုင်ကျင့် ချင်တိုင်းကျင့်၍ရသလိုမျိုး စီးစီးပိုးပိုး ရှိလွန်းသည့်အကြောင်းကျွန်တော် အခုမှပင် ပြန်တွက်ဆမိ၏။ ခုတော့ တောင်းပန်းရုံကလွဲပြီး ကျွန်တော် ဘာမှ မတက်နိုင်တော့ပါ။

"ဒါပေမဲ့. . . . နင် ငါ့ကို ကူတော့. . . ကူညီမယ်မဟုတ်လားဟင် မေဘုန်းရှိန်"

"ဟင့်အင်း. . . ငါမအားသေးပါဘူးဟာ၊ မနက်ဖြန်မှာ စိတ်ရောဂါကု ဆေးရုံကလူနာတွေကိုပန်းချီသင်ပေးဖို့ရှိတယ်"

ရွှေမိုင်အနီးရှိ တံတားလေး စိတ်ရောဂါ အထူးကု ဆေးရုံ ဆရာဝန်ကြီးများဖြစ်ကြသော ဒေါက်တာဦးစဝ်စိုင်းလုံ၊ ဒေါက်တာ

http://www.cherrythitsar.org



ဦးတိုးအောင်နှင့် ဒေါက်တာဦးဇော်စိန်လွင်တို့က လူနာများကတေးဂီတဖြင့်လည်းကောင်း၊ ပန်းချီဖြင့်လည်းကောင်း၊ အခြားလူမှုရေးလုပ်ငန်းများဖြင့်လည်းကောင်း ကုထုံးများ အသုံးပြု ကုသပေးနေချိန်ဖြစ်ရာ သူမကပန်းချီသင်ကြားရေးတာဝန်ကိုယူထား၏။

"နင်ပန်းချီသင်တဲ့အချိန်ပြီးမှသွားမယ်လေ၊ခဏလေးပဲဟာ. . .၊စမ်းစမ်းကိုအပြင်ရောက်အောင်ခေါ်ထုတ်ပေးရုံလေးပါ၊ နင်ကသူတို့အိမ်နဲ့ရင်းနှီးတယ်မဟုတ်လား"

"မရင်းနှီးပါဘူး၊စမ်းစမ်းရဲ့ညီမကိုပဲ ကောင်းကောင်းသိတာ၊ နင့်ဂျပုမနဲ့တောင်သိပ်စကားပြောဖြစ်တာမဟုတ်ဘူး။နောက်ပြီးသူတို့အဖေကြီးနဲ့ငါနဲ့ကလုံးဝမျက်နှာကြောမတည့်ဘူးဟ"

"သူတို့အဖေဆိုတာဟိုခါတ်ပုံဆိုင်မှာအမြဲတမ်းထိုင်ထိုင်နေတဲ့ ဝဝတုတ်တုတ်ထိပ် ပြောင်ပြောင်နဲ့လူကြီးလား"

"အေး. . . . အဲဒီလူကြီးကသိပ်အကြွားသန်တာဟ၊တစ်လောကလုံးမှာသူ့လောက်တော်တဲ့ ဓါတ်ပုံဆရာမရှိတော့တဲ့အတိုင်းပဲလေလုံးမိုးလုံး ထွားလွန်းတယ်၊ တကယ့်ပြဿနာဟ"

ကျွန်တော်ကရယ်လိုက်မိသည်။ကြွားတတ်သူများကိုတွေ့လျှင်မျက်စိအဆိပ်သင့်တတ်သောမေဘုန်းရှိန်အကြောင်းသိထားပြီမို့ ခပ်ပေါ့ပေါ့ပင်။

"ဒါပြဿနာမဟုတ်ပါဘူးဟာ။ငါနဲ့တွေ့ရင်အဆင်ပြေသွားပါလိမ့်မယ်။ငါဘယ်လောက်အပြောအဆိုညက်တယ်ဆိုတာနင်အသိပဲမဟုတ်လား၊သူ့အကြိုက်လိုက်ပြောပြီးဝင်လုံးလိုက်ရင်အဘိုးကြီးငါ့ကိုဟာသသဖြစ်သွားစေရမယ်"

မေဘုန်းရှိန်ဆတ်ကနဲမျက်လုံးပင့်ကြည့်ရင်းခဏနှုတ်ဆိတ်နေလိုက်သည်။နောက်မှ"အေးလေကြည့်ကြသေးတာပေါ့"ဟုပြောကာနားလည်ရခက်သောအပြုံးတစ်ချက်ပြုံးလိုက်၏။

ထိုအပြုံးသည်ပြဿဒါးနေ့ကိုနှစ်ကိုယ်ခွဲစေသောအပြုံးဖြစ်ပါသည်။

■

http://www.cherrythitsar.org


(လေး)

**"မိုး" ဓါတ်ပုံတိုက်**
**ဓါတ်ပုံ ပုံကြီးချဲ့ကူးသည်။**
**ပကတိအရွယ်အစား(Life-size)အတိုင်း ရမည်။**

ထိုဆိုင်းဘုတ်ကိုမော့ကြည့်ပြီး ကျွန်တော်နှင့်သူမပြုံးဖြစ်ကြ၏။ သူမကတော့ဘာရည်ရွယ်ချက်နှင့်အပြုံးလည်းမသိပါ။ကျွန်တော်ကတော့ ဘာရည်ရွယ်ချက်နှင့်ပြုံးသည်မသိပါ။ကျွန်တော်ကတော့ဂျပုမလေး၏ ဖခင်ကြီးနှင့် စကားလမ်းကြောင်းသင့်အောင်ပြောဖို့စိတ်ကူး**Idea**ရလိုက် သောကြောင့်ဖြစ်ပါသည်။

ဓာတ်ပုံဆိုင်အတွင်းသို့ဝင်သွားသောအခါ ထက်ထက်မိုးဦး၊ နန္ဒာလှိုင်၊စိုးမြတ်နန္ဒာတို့၏ဓာတ်ပုံများကိုပကတိအရွယ်အစားအတိုင်း ပုံကြီးချဲ့ကူး၍ နံရံတွင်အလှဲ၏ပြချိတ်ဆွဲထားသည်ကိုတွေ့ရ၏။

လူဝဝကြီးက စားပွဲမှ ထလာရာ ကျွန်တော်က စမ်းစမ်းနှင့် တွေ့ချင်ကြောင်း ပြောပြလိုက်သဖြင့် လူဝဝကြီးက အလုပ်သမား တစ်ယောက်ကိုအပေါ်ထပ်သို့စေလွှတ်ပြီး သူ့သမီးကိုအခေါ်ခိုင်းလိုက်၏။

ထိုအချိန်တွင် မေဘုန်းရှိန်ကတော့ ကျွန်တော့်နောက်ဘက် နားတွင်ရပ်ပြီး ဟိုငေးသလိုလို ဒီငေးသလိုလို၊ နံရံမှ ပုံများကိုကြည့် သလိုလိုလုပ်နေသည်။

ကျွန်တော်က"ဒါငါကြိုးစားရမယ့်အချိန်ပဲ" ဟုတွက်ကာ

http://www.cherrythitsar.org



ခပ်တည်တည်ဖြင့်ဓာတ်ပုံများကိုတအံ့တသြကြည့်လိုက်ပြီး. . .

"ဟာ. . . ပုံတွေကကောင်းလိုက်တာ၊ဒါတွေအားလုံး အန်ကယ့်လက်ရာတွေချည်းပဲလားဟင်"

လူဝကြီးက ကျွန်တော့်အမေးကို ချက်ခြင်းမဖြေသေးဘဲ တဟဲဟဲနှင့် အတန်ကြာအောင် ရယ်နေလိုက်ပြီးမှ. . .

"ဟဲဟဲ. . . ဒါတွေက အန်ကယ့်တပည့်လေးရဲ့လက်ရာပါ။ အန်ကယ်သင်ပေးထားတာလေ၊ ဒါတောင်မှ ဒီကောင်တွေ ခုထိ အန်ကယ့်ခြေဖျားကို မမီသေးဘူး"

"သြော်. . . ဟုတ်လား၊ ဒါဆို. . . ကျွန်တော်ပြောလိုက်တာ နန်ကယ့်ပညာကို စော်ကားသလိုဖြစ်သွားရင် ခွင့်လွှတ်ပါနော်၊ ပုံတွေက ကောင်းလွန်းလို့ပါ၊နောက်ပြီး တကယ့်လူအရွယ်အစားအတိုင်းဆိုတော့ ထက်ထက်မိုးဦး ကိုယ်တိုင် အနားမှာလာရပ်နေသလိုပဲ။ အသက်ဝင်လွန်းလို့. . . ဟဲဟဲ"

"အေးကွ၊ **Life Size**အရွယ်အစား ရအောင်ပုံကြီးချဲ့ ကူးတယ်ဆိုတာ လွယ်တဲ့ပညာတော့ မဟုတ်ဘူး။ အန်ကယ်တော်မှ ဒီပညာနဲ့ ဂျပန်မှာ ခြောက်နှစ်လောက် လုပ်ကိုင်စားသောက်လာလို့. .။အန်ကယ်က **Life Size** ကူးတာ စပါယ်ရှယ်လစ်ပဲ"

"ဟာ. . . ဒါဆို ကျွန်တော့်မိဘတွေ ဓါတ်ပုံယူလာပြီး အန်ကယ့်ဆီမှာ အပ်ရဦးမယ်၊ တကယ့်လူအရွယ်အစားအတိုင်း ရတော့ခံ့ခံ့ ညားညားဖြစ်တာပေါ့"

ပြောရင်းနှင့်ပင် "ငါ ဓါတ်ပုံတစ်ပုံလောက် ယူမလာမိတာ မှားလေခြင်း"ဟု တွေးတွေးပြီး ကိုယ့်ကိုကိုယ် မချင့်မရဲ ဖြစ်မိ၏။ လူဝကြီးက အားတက်သရောဖြင့်. . .

"ဟာ. . . ယူလာယူလာခဲ့၊ ဘာပုံဖြစ်ဖြစ် တကယ့်အပြင်မှာရှိတဲ့ မူရင်းအရွယ်အစားအတိုင်း ရစေရမယ်. . . ဟဲဟဲ"

ထိုစဉ် မေဘုန်းရှိန်က နောက်ဘက်မှနေ၍ကျွန်တော့်ကို အသာ ကျိတ်ပြီး လက်ကုပ်လိုက်သည်။

ကျွန်တော် မသိမသာခေါင်းငဲ့ပြီး ခိုးကြည့်လိုက်သောအခါသူမ

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ကပိုက်ဆံအိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို လူဝကြီး မမြင်အောင် ဖျတ်ခနဲ ထုတ်ပြီး ကျွန်တော့်လက်ထဲ အသာကပ်ထည့်ပေးနေသည်ကိုတွေ့ရ၏

ဟား. . . တော်ပါသေးရဲ့၊ မဘုန်းရှိန်ကတော့ ငါ့ကို ကယ် လိုက်ပြန်ပြီဟု တွေးရင်း ကျွန်တော့်လက်ထဲရောက်လာသော ဓါတ်ပုံကို လူဝကြီးဆီ ကမ်းပေးလိုက်ကာ. . .

"ဒါဆို ဟောဒီဓာတ်ပုံလေးကူးပေးပါအန်ကယ်၊ ပကတိအရွယ် အတိုင်းနော်"

လူဝကြီးက ဓါတ်ပုံကို ငုံ့ကြည့်လိုက်ပြီးသည်နှင့် တစ်ပြိုင်နက် 'ဟင်'ခနဲ. . တစ်ချက်မျှ ရေရွတ်လိုက်ပြီး ကျွန်တော့်ကို မျက်လုံးပြူး၍ စိုက်ကြည့်ကာ ပျစ်ပျစ်နှစ်ဆဲရေးပါတော့သည်။

ထိုအခါကျမှ ကျွန်တော်လည်း လက်ထဲမှဓာတ်ပုံ့ကိုပြန်ငုံ့ ကြည့်မိ၏။ ဓာတ်ပုံက. . .

ပြင်သစ်ရှိ ကမ္ဘာကျော် အီဖဲလ်မျှော်စင်ကြီး၏ပုံ. .။

"ခွေးမသား၊ လက်စသတ်တော့ မင်းက ငါ့ကို လာနောက် နေတာကိုး၊ သေဖို့သာပြင်တော့၊ ကိုင်း. . . "

လူဝကြီးက စားပွဲပေါ်ရှိ သံပေတံဖြင့် ကျွန်တော့်ခေါင်းကို ဝှီခနဲမြည်အောင် လှမ်းခုတ်လိုက်ရာ ကမန်းကတန်း ငုံ့ရှောင်လိုက်ရ၏။

မဘုန်းရှိန်ကတော့ ဘယ်အချိန်ကတည်းက လစ်သွားပြီးလဲ မသိ။ မတွေ့တော့။ အပေါ်ထပ်မှ ဆင်းလာသော စမ်းစမ်းက တအံ့ တသြဖြင့် အမောတကောမေးသည်။

"ဖေဖေ ဖေဖေ၊ ဘာဖြစ်လို့လဲ"

"ဒီကောင့်ပေါ့၊ ငါတယ်. . မပြောလိုက်ချင်ဘူး၊ လူကြီးကို နောက်စရာများ မှတ်နေသလားမသိဘူး၊ သူကူးခိုင်းတဲ့ ဓါတ်ပုံကိုကြည့်စမ်း ဒီမှာ"

လူဝကြီးက အီဖဲလ်မျှော်စင်ပုံကိုပြရင်း အကြောင်းစုံကို ဘောက် ဆတ်ဘောက်ဆတ်ဖြင့် ဒေါသတကြီးပြောတော့သည်။ စကားဆုံးသော အခါ ဂျပုမလေးက မျက်နှာပြင်တစ်ခုလုံးသာမက နားရွက်ဖျားတွေ နီရဲလာပြီး. . .

http://www.cherrythitsar.org



"ရှင်. . ရှင်၊ ခုထွက်သွား၊. . . သွား"

အမေ့ အသုဘကို လိုက်ပို့သော သားလေးတစ်ယောက်၏ ရှိကျိုးပုံမျိုးဖြင့် ရှို့ရှို့ကုပ်ကုပ်ကလေး ကျွန်တော် ထွက်လာခဲ့သည်။

*

ဘတ်စကားမှတ်တိုင်တွင် ပြုံးစေ့စေ့ဖြင့် ကျွန်တော်ကို ရပ်စောင့်နေသော မေဘုန်းရှိန်အား တွေ့လိုက်ရသည်။ သူမကလှမ်းပြီး. . .

"နင်နဲ့ငါဘယ်သူ့Ideaပိုကောင်းသလဲဆိုတာသိပြီလား မင်းညီ"

ကျွန်တော် ဘာမှပြန်မဖြေပါ။အလွန်စိတ်တိုနေသည့်အကြောင်းကို သူမ သိအောင် ပြသရမည်ဖြစ်ပါသည်။ ကျွန်တော် တမင်တကာ မျက်နှာကိုရှုတင်းတင်းလုပ်ထားပြီးစကားတစ်လုံးမှပြန်မပြောဘဲ တစ်ဘက်သို့လှည့်နေလိုက်၏။

Air Con ဘတ်စ်ကားတစ်စင်း ဆိုက်ကပ်လာသောအခါ ကျွန်တော်တက်လိုက်သည်။ မေဘုန်းရှိန်လည်း နောက်ကတက်လိုက်လာပါသည်။ ဘတ်စ်ကားက လူချောင်သောကြောင့် နှစ်ယောက်ထိုင်ခုံသုံးလေးလုံးခန့်လွတ်နေပါ၏။ ကျွန်တော်က နောက်ဘက်ခပ်ကျကျ ထိုင်ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်ရာ သူမကလည်း ကျွန်တော့်ဘေးတွင် စွေ့ကနဲဝင်ထိုင်လိုက်၏။ ကျွန်တော်က တမင်ပင်ပြတင်းပေါက်ဘက် မျက်နှာမူထားပြီးပြင်ပမှရှုခင်းများကို ငေးနေလိုက်သည်။

သည်လိုနှင့်ပင် မှတ်တိုင်ခြောက်တိုင်စာမျှ နှစ်ဦးသား တိတ်တိတ်ဆိတ်ဆိတ် ဖြတ်သန်းလာခဲ့ကြ၏။

(သူမ ကျွန်တော့်ကို မကြာခဏ လှမ်းကြည့်နေမှန်း ကျွန်တော် မမြင်ရဘဲနှင့်ပကတိအာရုံကသိနေ၏)အတော်ကြာပြီးသည့်နောက် သူမက စကားစလာသည်။

"မင်းညီ"

ကျွန်တော် ဘာမှပြန်မဖြေ၊ လှည့်လည်းမကြည့်။ သူမက

http://www.cherrythitsar.org



ကြင်နာယုယသော လေသံဖြင့်ထပ်ခေါ်သည်။

"မင်းညီ၊ နင်.. ထိုင်ရတာ သက်တောင့်သက်သာရှိရဲ့လား"

သူမက ကျွန်တော့်ကို ချော့နေပြီးမှန်း တွက်ဆမိ၏။

ထို့ကြောင့် လေသံမာမာဖြင့်. . .

"အင်း"

"သေသေချာချာကြည့်ပါဦးဟ၊ နင့်ထိုင်ခုံက နူးနူးညံ့ညံ့ ရှိရဲ့လားလို့"

"နူးညံ့သားပဲ"

"ကျောမှီကရော ကောင်းရဲ့လား"

"ထိုင်ခုံကော၊ ကျောမှီကော အကုန်ကောင်းတယ်၊ ဒါပဲ မဟုတ်လား၊ သွား နင်ငါ့ကို လာချော့မနေနဲ့ မေဘုန်းရှိန်"

သူမက မျက်လုံးကလေးများ ကြောင်စီစီဖြင့် ကျွန်တော့်ကို ကြည့်လိုက်ပြီး. . .

'နင့်ကို ချော့မလို့ မဟုတ်ဘူးဟ၊ ငါ့ထိုင်ခုံက စပရိန်တွေ ပြုတ်နေလို့ နင်နဲ့ နေရာချင်းလဲမလို့"

ကျွန်တော် အသက်အောင့်ပြီး အခွန်းတစ်ရာပြည့်အောင် ကပက်ပက်စက်စက် ကျိန်စာတိုက်ပစ်လိုက်၏။

■

http://www.cherrythitsar.org


(ငါး)

“နင့် ဂျပုမက စိတ်ဆိုးတာနဲ့ ဒီလောက်တောင် ဖြစ်နေရသလား ဟ၊ နင့်မျက်နှာကြီးက ကြည့်ရတာ ကျက်သရေ မရှိလိုက်တာ မင်းညီရယ်”

“အောင်မာ. . . နင့်ပြောပုံက ငါ့မှာဘဲ အပြစ်ရှိနေသလိုလိုချောက် တွန်းတုန်းကတော့ နင်ပဲတွန်းပြီးတော့”

“ဟဲ့. . . နင့်ပုံစံက အကဲပိုလွန်းလို့ ပြောတာဟဲ့၊ တကတည်း နင့်ဂျပုမက တစ်ခါတည်း သေသွားတာကျနေတာပဲ၊ စိတ်ဆိုးတာပဲဟာ ပြန်ချော့လိုက်ရင် ပြီးသွားမယ့်ကိစ္စကို. . . ”

ကျွန်တော် ခေါင်းကို ကုတ်လိုက်ရင်း

“ငါမှ မချော့တက်တာ၊ နောက်ပြီး. . . . သူက အချော့ခံဖို့ နေနေသာသာ ငါ့မျက်နှာမြင်တာနဲ့ ကန်ထုတ်မလားတောင်မသိဘူး”

သူမက ခေတ္တ စဉ်းစားလိုက်ပြီး. . . .

“ဒီလိုလုပ်လေဟာ. . .၊ စစချင်းတော့ လူကိုယ်တိုင်သွားမတွေ့နဲ့ ဦးပေါ့၊ လက်ဆောင်ပစ္စည်းတစ်ခုခု ဝယ်ပြီး ပို့လိုက်၊ နောက်တစ်ခေါက် ကျမှ လူကိုယ်တိုင်သွား”

“အိုကေ. . . အဲဒီအကြံကောင်းတယ်၊ ကဲ. . . လာပါဟာ အခုပဲ ဗိုလ်ချုပ်ဈေးသွားပြီး ဝယ်ကြရအောင်၊ နင်ပါလိုက်ခဲ့”

ပြောပြောဆိုဆို ကျွန်တော်က အတင်းဆွဲခေါ်ရာ သူမက မလိုက်ချင်လိုက်ချင်နှင့် တရွတ်တိုက်ပါလာ၏။

လမ်းတစ်လျှောက်လုံးတွင် ကျွန်တော်က ဂျပုမလေးကိုမည်မျှ ချစ်ကြောင်း၊အိပ်မက်ထဲတွင်၂၇၅ခါတိတိ ထည့်မက်စွဲလမ်းနေရ ကြောင်း၊ ရည်းစားသာ ဖြစ်ခွင့်ရမည်ဆိုလျှင် မည်မျှ ယုယုယယထားမည် ဖြစ်ကြောင်း စသဖြင့်(မေဘုန်းရှိန် မခံချင်အောင်)တမင်တကာပိုပို သာသာ

http://www.cherrythitsar.org


လုပ်ကြံပြောလာခဲ့သည်။

မဘုန်းရှိန်ကဘာမှပြန်မပြော။သို့သော်. . . . သူမ၏မျက်နှာက အ တော်သည်းခံထားရပုံမျိုးဖြင့် စူပုပ်နေ၏။ သူမက မျက်နှာစူပုပ်လေလေ ကျွန်တော်ကဂျပုမလေးအကြောင်း ပိုပြီး ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောလေလေ ဖြင့် တစ်လမ်းလုံး စိတ်ဓာတ်စစ်ဆင်ရေးလုပ်လာရသည်မှာကျွန်တော့်အတွက် အရသာရှိလှသည်။

ဈေးထဲသို့ ရောက်သောအခါ ဟိုဟိုဒီဒီလျှောက်ကြည့်ကြပြီး ကျွန်တော်က. . . .

"ငါဘာဝယ်ရင်ကောင်းမလဲဟ၊ အကြံပေးစမ်းပါဦး"

မဘုန်းရှိန်က အတန်ကြာအောင် စဉ်းစားပြီးမှ အမျိုးသမီး ဖက်ရှင်ဆိုင်တစ်ခုဆီသို့ကျွန်တော့ကိုခေါ်သွားကာ. . . .။

"ဒီအင်္ကျီလေးဝယ်ပြီးလက်ဆောင်ပေးလိုက်ဟာ. . . . "

သူမလက်ညှိုးထိုးပြသည့် အင်္ကျီကဝေ့စ်ကုတ်ဟုခေါ်သော အပေါ်မှ ထပ်ဝတ်ရသည့် လက်ပြတ်ခါးတို အင်္ကျီဖြစ်သည်။ လှတော့ အတော်လှ၏။သို့သော် ကျွန်တော်က. . . .

"ဖြစ်ပါ့မလားဟာ. . . ငါ့ဂျပုမက ဒါမျိုးတစ်ခါမှဝတ်တာ မတွေ့ဖူးဘူး၊ သူကမြန်မာဆန်ဆန်ပဲ ဝတ်တာဟ"

"အဲဒါကြောင့် တမင်ဝယ်ခိုင်းတာ မင်းညီရဲ့။မိန်းကလေးဆိုတာ အဝတ်အစားကို ပုံစံမထပ်အောင် ဝတ်ချင်ကြတာချည်းပဲ"

ဘာပဲပြောပြော သည်နေ့အဖို့မဘုန်းရှိန်သည် ကျွန်တော့် အပေါ်တွင် အတော်စိတ်ကောင်းဝင်နေပုံရ၏။ ထို့နောက် သူမက. . .

"နင်. . . ကောင်တာမှာ ပိုက်ဆံသွားချေထားနှင့်ဦး မင်းညီ၊ပြီးရင် အဲဒီမှာပဲစောင့်နေ၊ ဟိုဘက်မှာ ငါ့အတွက်လိုတာလေးတွေ သွားဝယ် လိုက်ဦးမယ်"

"ဘယ်သွားမှာလဲဟ၊ ငါလိုက်ခဲ့မယ်လေ၊ နင်လိုချင်တာရှိရင် ငါဝယ်ပေးမှာပေ့ါဟ"

ကျွန်တော့်ကို ကျေးဇူးတင်လိမ့်မည်အထင်နှင့် မျက်နှာလိုအားရ ပြောလိုက်သော်လည်း တလွဲဖြစ်သွားသည်။သူမကကျွန်တော့်ကို

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ဒေါကန်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး. . .

"ဘာ. . . ရာရာစစ၊ နင်က ဘာလိုက်ဝယ်ပေးရမှာလဲ၊ ငါဝယ်မယ့် ပစ္စည်းက ဟိုမှာ. . ."

သူမ မေးငေါ့ပြသောဘက်ဆီလှမ်းကြည့်လိုက်သောအခါ "အမျိုးသမီး အတွင်းခံအဝတ်အစားများ"ဟု စာတမ်းကပ်ထားသည့် နေရာကို တွေ့လိုက်ရ၏။

ကျွန်တော် ခေါင်းပုသွားသည်။

*

လက်ဆောင်ပစ္စည်းများကို စက္ကူလှလှကလေးများဖြင့် ထုတ်ပိုးပေးသည့် ဆိုင်ရှေ့တွင် ကျွန်တော့်ကို ရပ်စောင့်ခိုင်းပြီး သူမက ကျွန်တော်ဝယ်လာသည့် ဝေ့စ်ကုတ်အင်္ကျီကို ယူကာ ပါကင်ထုတ်ခိုင်း၏။ ပါကင်ဘူးကိုအပြင်မှ ပတ်ထားသည့် စက္ကူအရောင်က ပန်းရောင်ဖြစ်သည်။ သူမက. . .

"ငါဘာဖြစ်လို့ ပန်းရောင်စက္ကူနဲ့ ထုတ်ခိုင်းရသလဲသိလား"

"ဟင့်အင်း. . ."

"Blue for Boys, Pink for Girls.....တဲ့။ ယောကျာ်းလေးတွေအတွက်ဆို အပြာရောင်၊ မိန်းကလေးတွေအတွက်ဆို ပန်းရောင်လို့ ဆိုရိုးရှိတယ်။ နင်မသေမချင်း မှတ်ထား။ နောက်ဆိုမိန်းကလေးတွေကို လက်ဆောင်ပေးရင် ပန်းရောင်ပစ္စည်းကို သုံးရမယ်"

ကျွန်တော် သူမကို စိတ်ထဲမှာ ကျိတ်၍ချီးကျူးလိုက်မိ၏။

"ဒါနဲ့. . . . နေစမ်းပါအုံး၊ ဒီလက်ဆောင်ထုတ်ကို ငါက ဘယ်လိုပြောပြီး သွားပေးရမှာလဲ"

"နင်ကိုယ်တိုင် သွားမပေးနဲ့လေဟာ၊ တစ်ယောက်ယောက်ကို ပို့ခိုင်းလိုက်။ နင်ကတော့ စာတစ်စောင်လောက်ရေးထည့်ပေးလိုက်ပေါ့"

"အိုကေ"

အအေးဆိုင် တစ်ဆိုင်တွင် ထိုင်ကာ ဂျပုမလေးကို ပေးဖို့

http://www.cherrythitsar.org


စာကို ကျွန်တော်တို့နှစ်ယောက် အတူရေးကြသည်။ အတူရေးသည်ဆိုသောလည်း တကယ်တော့ သူမနှုတ်က ခေါ်ပေးသမျှကို ကျွန်တော်လိုက်ရေးရခြင်းသာလျှင် ဖြစ်ပါသည်။

*သို့*

*စမ်းစမ်း. . .*

*မင်းကျောင်းသွားတဲ့ အခါဖြစ်ဖြစ်၊ အပြင်ထွက်တဲ့ အခါဖြစ်ဖြစ် ဒါမျိုးတွေ ဝတ်လေ့မရှိဘူးဆိုတာ ကိုယ်သတိထားမိလို့ တမင်ဝယ်ပြီး လက်ဆောင်ပေးတာပါ။ ဝတ်ဖြစ်အောင် ဝတ်နော်. . .*

*ဒီလိုဟာမျိုးက ရှေ့က ကြယ်သီးတွေကို. . .*

*. . . . . .*

*. . . . . .*

*

မှတ်မှတ်ရရ မေဘုန်းရှိန်ကို အကြံဉာဏ်ပူဇော်ခအဖြစ်အိုက်စ်ကရင်တစ်ပွဲ ကျွေးရသည်။ ထို့နောက် အဲသည်ညမှာပင် လက်ဆောင်ပါကင်ထုပ်ကို ဂျပုမလေး စမ်းစမ်းထံသို့ ပို့လိုက်၏။

■

http://www.cherrythitsar.org


(ခြောက်)

မနက်စောစော. . ။

လူခေါ်ခေါင်းလောင်းသံ မြည်လာသော အသံကြောင့် ဘယ်သူများပါလိမ့်ဟု တွေးရင်း အခန်းတံခါးကို ဖွင့်လိုက်ရာ မမျှော်လင့်ဘဲ စမ်းစမ်းကို တွေ့လိုက်ရသည့်အတွက် ကျွန်တော် အံ့သြသွာ၏။

ဂျပုမလေး၏ မျက်လုံးများက ရဲရဲနီလျှက် တစ်ကိုယ်လုံးလည်း ဒေါသဖြင့် တဆတ်ဆတ် တုန်နေ၏။ သူမ၏ လက်ထဲတွင်တော့ မနေ့ညက ကျွန်တော်ပို့လိုက်သည့် လက်ဆောင်ထုပ်. . . ။

"ဒါ. . . ရှင်ပေးခိုင်းလိုက်တဲ့ လက်ဆောင်ပစ္စည်း မဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်လေ"

"နှမသားချင်း မစာနာ နောက်ပြောင်ချင်တဲ့. . . လူ၊ကဲဟယ်"

"ဖြန်း"

ကျွန်တော့်ပါး တစ်ဖက် ပူထူသွားသည်။ ဘာဖြစ်သွားမှန်း မသိလိုက်၊ ဘယ်လို ဖြစ်သွားမှန်းမသိလိုက်၊ ကျွန်တော် သတိထားမိသည့် အချိန်တွင် စမ်းစမ်းက မရှိတော့ပြီ။

လက်ဆောင်ပစ္စည်း ထုပ်ကလေးက ကြမ်းပြင်ပေါ်တွင်. . . ။

ကျွန်တော် ထို လက်ဆောင်ပစ္စည်းကို ကောင်ယူပြီး ဘူးကို ဖွင့်ကြည့်လိုက်သည်။ အထဲမှ ထွက်လာသည့် ပစ္စည်းက အမျိုးသမီးဝတ် 'အတွင်းခံဘောင်းဘီ' တစ်ထည်။

"ဟိုက်"

ထို့နောက်. . .

ကျွန်တော်လက်ရေးဖြင့် ရေးထားသည့်စာ. . .

http://www.cherrythitsar.org



သို့

စမ်းစမ်း. . .

မင်းကျောင်းသွားတဲ့အခါဖြစ်ဖြစ်၊ အပြင်ထွက်တဲ့အခါ ဖြစ်ဖြစ်၊ ဒါမျိုးတွေ ဝတ်လေ့မရှိဘူးဆိုတာ ကိုယ်သတိထားမိလို့ တမင်ဝယ်ပြီး လက်ဆောင်ပေးတာပါ။

ဝတ်ဖြစ်အောင်ဝတ်နော်. . .

ဒီလိုဟာမျိုးက ရှေ့က ကြယ်သီးတွေမတပ်ဘဲ ဟောင်းလောင်းဖွင့်ပြီးဝတ်ရင် ပိုကြည့်ကောင်းတယ်။ ဒါခေတ်ပေါ် စတိုင်လ်လေ။ မင်းသာ. . . အဲသည်လို ဝတ်ပြီး အပြင်သွားလိုက်ရင် လူတွေ ဝိုင်းကြည့်ကြမှာ သေချာတယ်။

ခု. . . အပတ် စနေနေ့ကျရင် မင်းဆီကို ကိုယ်လာလည်မယ်ကွာ၊ ကိုယ့်ကို အဲဒီလိုမျိုးလေး ဝတ်ပြီး စောင့်ကြိုနေနော်. . .။

မျှော်လင့်ခြင်းကြီးစွာဖြင့်
မင်းညီ

■

http://www.cherrythitsar.org


(ခုနှစ်)

မေဘုန်းရှိန်၏ ပန်းချီစတူဒီယိုသို့ရောက်သွားသောအခါ မနေ့က ဝယ်ထားသည့်ဝေ့စ်ကုတ်ခါးတိုအင်္ကျီကလေးဝတ်ပြီးပန်းချီဆွဲနေသည့် သူမကို တွေ့ရသည်။

ခြေသံပြင်းပြင်းနင်းကာ ဝင်လာသည့် ကျွန်တော့်ဘက်ကို လှည့်ကြည့်ပြီး သူမနှုတ်ခမ်းအစုံကို စေ့ကာ လှပစွာ ပြုံးသည်။ ထို့နောက်. . .

"ဘယ့်နှယ့်လဲ မင်းညီ။ စမ်းစမ်းက သူ့အတွက် ဝယ်ပေးတဲ့ လက်ဆောင်ကို ကြိုက်ရဲ့လား"

"ခွေးစုတ်မ. . . ဒါနင့်အကြံတွေပေ့ါလေ"

"အေးပေ့ါဟာ၊ နင်နဲ့ငါ ဘယ်သူကIdeaပိုပြီး ကောင်းတယ် ဆိုတာ သိပြီမဟုတ်လား"

ကျွန်တော်က သူမကို ပက်ပက်စက်စက်ပြောဆို ကြိမ်းမောင်းပစ် လိုက်ဖို့ရန် ခံစားမှုအပြည့်သွင်းပြီး စိတ်ကို မောင်းတင်လိုက်၏။

သို့သော် သူမကကျွန်တော်မျက်လုံးများ၏ဟိုး. . . အတွင်းပိုင်းထဲ အထိ လှမ်းကြည့်နေသလိုမျိုး တည့်တည့်စိုက်ကြည့်ကာ ပြုံးနေသည်။ သူမ၏အကြည့်က ကျွန်တော် ဖုံးကွယ်ထားသည့် တစ်စုံတစ်ရာကို ရှာဖွေ တွေ့ရှိသလိုမျိုး. . .။

သူမ. . . ပြုံးနေသည်။ သူမက ပြုံးနေသည်။သူမ. . . ပြုံးနေသည်။

ကျွန်တော်. . . ဆက်လက်ဟန်ဆောင်ပြီး စိတ်ကို တင်းမထား နိုင်တော့။

အော်ရယ်ပစ်လိုက်မိတော့သည်။

ဟား. . . ဟား. . . ဟား။

ကျွန်တော်တို့ နှစ်ယောင်သားတစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ပြီး အတော်ကြာသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောနေဖြစ် ကြသည်။

*

"အမှန်က နင်ကြေကွဲနေရမှာဟ မင်းညီရဲ့။ နင့်ဂျပုမလေးနဲ့ နင်. . . ဒီတစ်သက် ဘယ်လိုမှ မျက်နှာချင်းပြန်ဆိုင်လို့ ရတော့မှာမှ မဟုတ်တာ။ နင်ဝမ်းမနည်းဘူးလား"

"ဟင့်အင်း. . .ငါရယ်ပဲ ရယ်ချင်နေတယ်"

မေဘုန်းရှိန်က နှုတ်ခမ်းများကို လှပစွာ မဲ့လိုက်ပြီး. . .

"ဟင်း. . . ငါသိသားပဲ။ နင်အဲဒီကောင်မလေးကို တကယ်ချစ်တာမှ မဟုတ်တာ"

"အေး"

ထို့နောက် ကျွန်တော်တို့ နှစ်ယောက်သား ပြောဆိုစရာ စကား မရှိတော့သလို နှုတ်ဆိတ်နေမိကြ၏။

နေရောင်ခြည်သည် ပြတင်းပေါက်ဘောင် ထောင့်ချိုးပေါ်တွင် ကြောင်ပေါက်စလေးတစ်ကောင်လို နူးညံ့စွာ ခွေအိပ်နေ၏။ ပန်းပွင့်တွေ ကအပြာရောင် အိမ်မက်များကိုမက်နေကြသည်။ ရင်အုပ်နီနီနှင့်ငှက်ကလေး များက အိမ်ခေါင်မိုး တံစက်မြိတ်စွန်းတွင် ငြိမ်သက်စွာ ခိုနားနေကြ၏။

အတန်ကြာမှ. . . . ကျွန်တော်က

"ဒါဆို. . . . ငါတကယ်ချစ်တဲ့သူဟာဘယ်သူလဲဆိုတာပြောပြ ရမလား"

"ဟင့်အင်း. . . မပြောနဲ့"

သူမက စုတ်တံကို အနီးရှိ ရေခွက်ထဲသို့ ပစ်ချလိုက်ရင်း ကျွန်တော့်ကို လှည့်မကြည့်ဘဲ ချက်ချင်းဖြေသည်။ ကျွန်တော်က. . .

"အဲဒါဆို. . . နင်ပြောမှာလား"

"ဟင့်အင်း"

ကြည့်စမ်း. . . ခွေးစုတ်မ၊ အူသလို ကြောင်သလို လုပ်နေပြန်

http://www.cherrythitsar.org



ပြီ၊ ကျွန်တော်ကသူမ၏ နောက်ကျောဘက်မှနေ၍ခါးဆစ်ရိုးသို့ဖနောင့်ဖြင့် အားရပါးရစောင့်ကန်ပစ်လိုက် ချင်စိတ်ပေါ်လာ၏။ကဲ. . . . ပြောစမ်း ပါအုံးကွယ်၊ နှစ်ယောက်စလုံးက အဖြေသိနေ တဲ့ပုစ္ဆာတစ်ပုဒ်ကို ငါတို့ ဘာလို့များ ပဟေဠိဝှက်နေကြတာလဲ။ ကျွန်တော်က စိတ်တိုတိုဖြင့်

"ဟဲ့. . . လဒမရဲ့၊ ဒါဆို ငါတို့နှစ်ယောက်က ဘာလဲ"

ကျွန်တော့်မေးခွန်းကြောင့် သူမရှက်သွားလိမ့်မည်(သို့မဟုတ်) တစ်စုံတစ်ရာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလိမ့်မည်ဟု အောက်မေ့ထားခဲ့ရာ သည်တစ်ကြိမ်တွင်လည်း ကျွန်တော့်အတွေးက လွဲချော်သွားခဲ့ပြန်ပါသည်။

သူမက အေးအေးဆေးဆေးပင် လက်ကိုအဝတ်စတစ်ခုဖြင့် သုတ်ရင်း. . . ။

"နေဦး. . . မင်းညီ၊ငါနင့်ကိုလက်ဆောင် တစ်ခုပေးရှိတယ်။ အဲဒါကို ကြည့်လိုက်ရင် **ငါတို့နှစ်ယောက်က ဘာလဲ**ဆိုတာရှင်းသွား လိမ့်မယ်"

သူမအခန်းထဲ ဝင်သွားပြီး ပြန်ထွက်လာသောအခါ လက်ထဲတွင် တစ်ထွာခန့်အမြင့်ရှိသော စဉ်းအိုးသေးသေးကလေးတစ်လုံး ပါလာသည်။

စဉ့်အိုးကလေး၏ မျက်နှာပြင်ပေါ်တွင် ဘာမှခြယ်သထားခြင်း မရှိ။

ပကတိ ပြောင်ချော။

ဈေးဆိုင်အိမ်တွေမှာ၊ အိမ်တွေမှာသုံးလေ့ရှိသောရာဝင်အိုးပုံစံအတိုင်း အရွယ်အစားကို သေးသေးလေးချုံ့ထာသည့် အိုးကလေးမျှသာ ဖြစ်၏။ ဘာမှမထူးခြားပါ။

"ရော့. . . "

ကျွန်တော့်လက်ထဲသို့ စဉ့်အိုးပေါက်စကလေးကို ထည့်ပေးရင်း သူမက ပြောသည်။

"နင့်အတွက် လက်ဆောင်ပေါ့ဟာ၊ နင်စာရေးတဲ့ စားပွဲပေါ်မှာ ဒီအိုးလေးကိုတင်ထားပေါ့"

"အင်းကောင်းသားပဲ၊ ဘောပင်တို့ ခဲတံတို့ ထည့်လို့ ရတာပေါ့"

http://www.cherrythitsar.org



"မဟုတ်ဘူး. . . မင်းညီ၊ မဟုတ်ဘူး. . . မဟုတ်ဘူး"

သူမက ချက်ချင်းပင် ခါးခါးသီးသီး ကန့်ကွက်၏။

"အဲဒီ. . . စဉ့်အိုးထဲကို ဘာမှမထည့်နဲ့"

"ဘာဖြစ်လို့လဲဟ"

"အဲဒီအထဲကို ဘောပင်တွေ၊ ခဲတံတွေထည့်လိုက်ရင်ဒါဟာ စာရေးကိရိယာထည့်တဲ့ခွက်ဖြစ်သွားလိမ့်မယ်။အဲဒီအထဲကိုပန်းတွေ ထည့်လိုက်ရင်စားပွဲတင်ပန်းအိုးဖြစ်သွားလိမ့်မယ်။ ရေတွေထည့်လိုက်ရင် ရေအိုးဖြစ်သွားလိမ့်မယ်"

"အဲဒီတော့. . ."

"ငါနင့်ကို ပေးတာ စာရေးကိရိယာ ထည့်တဲ့ခွက်လည်း မဟုတ်ဘူး၊ ရေအိုးလည်း မဟုတ်ဘူး၊ စားပွဲတင်ပန်းအိုးလည်း မဟုတ်ဘူး။

"နင့်ကိုပေးတာ စဉ့်အိုး. . .။အဲဒီ. . . **စဉ့်အိုးကလေးကို စဉ့်အိုးကလေးအဖြစ်နဲ့ပဲ သူ့ဟာသူ အလွတ်အတိုင်း ထားလိုက်ပါ မင်းညီရယ်၊ အထဲကို ဘာမှ သွားမထည့်လိုက်ပါနဲ့"**

ကောင်းကင်၏ အနက်ရောင်တံခါးများသည် ဟင်းလင်းပွင့်နေကြ၏။ အသိုက်မဲ့သောငှက်တွေ မုန်တိုင်းထဲတွင် နေရာယူကြသည်။ ဘဝဆိုသည်မှာ အပိတ်လား၊ အပွင့်လား ကျွန်တော်တို့ စဉ်းစားကြရပါမည်။ ကိုယ့်ကိုယ်ကို မည်သည့်ထောင် ချောက်ထဲ ထည့်လှောင်ခဲ့ကြပါသလဲ။

သူမကမေးသည်။

"ဒါဆို. . . ငါတို့နှစ်ယောက်ကဘာလဲဆိုတာ နင်. . သဘောပေါက်ပြီလား မင်းညီ"

"အေး. . . ငါသိပြီ ထင်တာပဲ"

ကျွန်တော်က စဉ်းစဉ်းစားစား ဖြေလိုက်၏။ သူမက. . .

"ဒါဖြင့်ဘာလဲ"

"ငါတို့နှစ်ယောက်က. . . စဉ့်အိုးလေ"

နင့်ဂျီးဒေါ် စဉ့်အိုးလား ငတုံးရဲ့"

http://www.cherrythitsar.org



သူမကတအားဆောင့်လိုက်ရာကျွန်တော့်ညိုသကျည်းကို ဒေါက်ခနဲတည့်တည့်. . . .

■

http://www.cherrythitsar.org


(ရှစ်)

ယခုကျွန်တော်ရှေ့ရှိ အနက်ရောင် ဖိတ်ဖိတ်တောက် ပြောင်လက်နေသည့် စားပွဲမျက်နှာပြင်ပေါ်တွင် စဥ့်အိုး သေးသေးကလေး တစ်လုံးရှိနေပါသည်။

ထိုစဥ့်အိုကလေးထဲတွင် ဘာမှ ထည့်မထားပါ။ သည်အတိုင်း ဗလာဟင်းလင်း အလွတ်သက်သက်ဖြစ်၏။

သို့ရာတွင် ထိုစဥ့်အိုးကလေး၏ အထဲတွင် ပြည့်နှက်နေပြီဖြစ် သည်။ ဘာပစ္စည်းမှထပ်မံထည့်သွင်း၍မရတော့ပါ။

...,...,  ...,

ဗလာ ဟင်းလင်းဖြင့်ပြည့်နေခြင်းဖြစ်ပါသည်။

♥ ▪ ♥

http://www.cherrythitsar.org



အခန်း- ၂

ကြယ်သန်သည့်လူနှင့် ညာသန်သည့်လူဟူ၍နှစ်မျိုးရှိသည့်အနက် ယာဉ်တိုက်မှုဖြစ်ပြီး ကွယ်လွန်သူ အရေအတွက်တွင် မည်သည့်အမျိုးအစားကပိုများမည်ဟု
သင် ထင်ပါသနည်း။

(တစ်)

ရင်းနှီးသော အတွင်းသိ မိတ်ဆွေများက ကျွန်တော့်ကို "မေဘုန်းရှိန်၏နားရွက်"ဟု နောက်ပြောင်ခေါ်ဝေါ်ကြသည်မှာ အကြောင်းရှိပါသည်။ ကျွန်တော်သည် မေဘုန်းရှိန်၏ တစ်ဦးတည်းသော အနီးကပ်ဆုံးလူဖြစ်၏

ကျွန်တော်နှင့်သူမကို'ချစ်သူများ'အဖြစ်နှင့် ခေါင်းစဉ်တပ်ဖို့ရန်မှာလည်းမလွယ်၊ **ချစ်သူဟူသော အခြေအနေသည် မလိုအပ်ဘဲ အချုပ်အနှောင်များလွန်းသော ဆက်ဆံရေး တစ်ရပ်ဖြစ်သည်ဟု ကျွန်တော်တို့နှစ်ယောက်စလုံးကခံယူထားကြ၏။**ကျွန်တော်တို့နှစ်ဦးကြားတွင်ရှိသော ကွက်လပ်ကလေးကို မည်သည့်ပိုင်ဆိုင်မှုအမှောင်နှောင်ကြိုးနှင့်မျှ မဖြည့်စွက်မချည်နှောင်လိုပါ။

သူ့ကွက်လပ်အတိုင်းလေး သက်သက်သာ လွပ်လွပ်လပ်လပ်

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



လင်းပနေစေချင်ပါသည်။ကျွန်တော်တို့နှစ်ယောက်သည်(တကယ်တော့) ကျွန်တော်တို့နှစ်ယောက်သာ လျှင် ဖြစ်၏။ သည့်ထက်ပိုပြီးဘာမှမဖြစ်ချင်ပါ။

ကောင်မလေး လှလှပပကလေးများကိုမြင်လျှင် ရည်းစားဖြစ်ကြည့်လိုက်ချင်သော ကျွန်တော့်စိတ်ကူးကို သူမက မကန့် ကွက်သည့်အပြင် တစ်ခါတစ်ရံ စိတ်လိုလက်ရရှိလျှင် ဇာတ်ညွှန်းကောင်းကောင်းများဖန်တီးကာ အကြံဉာဏ်ပေးတတ်သည်။ (တစ်ခါတစ်ရံတော့ အကြီးအကျယ်ချောက်တွန်းတတ်ပါသည်။)

ကျွန်တော်ကလည်း သူမ၏ အနီးအပါးသို့ ရစ်ဝဲလာတတ်သော ငနဲများအကြောင်း သူမကြွားသမျှ မညည်းမညူ ဒိုင်ခံနားထောင်ပေးရသည်။ တစ်ခါတစ်လေ ထိုငနဲသားကိုညှင်းဆဲချင်၍ ဟိုဟိုဒီဒီ လျှောက်လည်မည်ဆိုလျှင် ကျွန်တော်က နောက်က တကောက်ကောက်လိုက်ပေးရသေး၏။

မနေ့ညကတည်းက ကျွန်တော့်ကို မေဘုန်ရှိန်က

"အင်္ဂါနေ့ ညနေကျရင် ငါ့ဆီဝင်ခဲ့ဦး၊ ငါပန်းချီစတူဒီယိုမှာရှိမယ်"

ဟု ဖုန်းဆက်၍လှမ်းမှာ၏။

"ဘာကိစ္စရှိလို့လဲ"

ဟု ပြန်မေးသောအခါ သူမက မဖြေဘဲ ရယ်ရှိသာရယ်၍နေသည်။ အင်း. . . ကြည့်ရတာ မအူမလည်ငတိတစ်ကောင်ကောင်တော့ သင်းအနားမှာလာပြီး'ကြောင်'နေပြန်ပြီထင်တယ်ဟု ကျွန်တော်တွေးလိုက်သည်။

ကျွန်တော့်အထင်မှန်ပါသည်။

■

http://www.cherrythitsar.org


(နှစ်)

အင်္ဂါနေ့၏ ညနေခင်းသည် တခြားသော ညနေခင်းတွေလိုပင် အိပ်မက်ရနံ့သင်းပျံ့သော လေပြေလေညင်းနှင့် နတ်သမီး ပုံပြင်ဆန်သော နေရောင်ခြည်ဖျော့ဖျော့နှင့်၊ လိပ်ပြာတွေက ပန်းပွင့်မီးလျှံတွေကြားမှာ ကခုန်ကြသော ညနေခင်းပင်ဖြစ်ပါသည်။

မေဘုန်းရှိန်၏ ပန်းချီစတူဒီယိုရှေ့ရှိ လမ်းဘေးဆိုင်ကလေးမှ ဆေးလိပ်ကွမ်းယာရောင်းသော ကောင်မလေးသီဆိုနေသည့် ထွန်းအင်ဒြာဗိုလ်၏'မချစ်ရင်မနေနိုင်တာကလွဲလို့' သီချင်းသံကိုသာမကြားရဘူးဆိုလျှင် ညနေခင်းသည်ပိုပြီး လှလှပပဖြစ်မှာသေချာပါသည်။

ထိုကွမ်းယာသည်မလေးသည် အသက်ကအလွန်ဆုံးရှိလှမှ ဆယ့်သုံးနှစ်လောက်သာ. . . ။ ထိုချာတိတ်မသည် ဘဝ ကံအကျိုးပေး မကောင်းသောကြောင့် နှုတ်ခမ်းကွဲကာ နှာခေါင်းသံပါပြီး စကားမပီ ဖြစ်ရသည့် ကြားထဲ အလွန်အင်မတန်မှ သီချင်းဆို ဝါသနာကြီးမားလှ သူကလေးဖြစ်၏။ အမြဲတမ်းထပ်တလဲလဲဆိုနေသောသီချင်းကလည်း 'မချစ် ရင်မနေနိုင်တာကလွဲလို့' သာဖြစ်သည်။

"မညစ်ရင်. . . မနေနိုင်နာက နွဲနို့. . . ညိုနာ နွေညျုန္တားပါ မင်းကိုမနို ညင်ရင်ဘူးနေ"

"တော်ပါတော့ကွမ်းအိန္ဒြာဗိုလ်ရယ်၊ကဲ. . ငါ့ကို လန်ဒန်နှစ်လိပ် လောက်ရောင်းစမ်းပါ"

"ရော့ရော့. . . အတိုနှေး၊ အတိုနှေးတောင် ဒီဘက်မလာနာ ကြာပြီ နော်"

"အေးပါ။ ဒါနဲ့. . . အထဲမှာမေဘုန်းရှိန်ရှိလား"

ကျွန်တော် သူမ၏ နောက်ကျောဘက်မှ ပန်းချီစတူဒီယိုသို့

http://www.cherrythitsar.org



မေးငေါ့ပြပြီး မေးလိုက်၏။ ချာတိတ်မလေးက ခေါင်းကို ခပ်သွက်သွက် ညိတ်ပြပြီး

"ဟုတ်နဲ့၊ ညိုတယ်ညိုတယ်။ စောစောကလေးတင် မမနေးကို ညင်လိုက်တေးတယ်"

ကောင်မလေးက မေဘုန်းရှိန်ကိုမမလေးဟုရှိရှိသေသေခေါ် လေ့ရှိ၏

"ကိုမူးရောတွေ့မိသေးလား"

ဟုကျွန်တော်ကဆက်မေးလိုက်သည်။မေဘုန်းရှိန်၏ အစ်ကိုကြီး'အောင်မျိုးရှိန်' ကို အားလုံးက 'ကိုမူး'ဟုသာ နာမည်ပြောင်ဖြင့် ခေါ်ဝေါ်ကြ၏။ အသက်(၄၀) နားနီးသည့် အရွယ်ရောက်သည့်တိုင်အောင် အောင်မျိုးရှိန်သည် မည်သည်အလုပ်မှမယ်မယ်ရရမလုပ်ဘဲ ညီမ ဖြစ်သူ၏ပန်းချီကားရောင်းရငွေများကို တစ်နေကုန်အရက်သောက် ပစ်ခြင်းဖြင့် ထိုင်ဖြုန်းနေသူဖြစ်သည်။

ရာသီဥတု သုံးပါးစလုံး လမ်းပေါ်တွင် အရက်မူးပြီး လဲနေ တတ်သော (သို့မဟုတ်) ယိုင်ထိုးယိုင်ထိုး လျှောက်သွားနေတတ်သော ကိုမျိုးကို အရွယ်မရောက်သေးသော ကလေးများကအစ 'ကိုမူး'ဟု ခေါ်ကြသည်။ ဘယ်သူကမှ မလေးစား၊ ဆန်ကုန်မြေလေးတစ်ယောက်လို သဘောထားပြီးဆက်ဆံကြ၏။

. . . .     . . . .     . . . .

ကျွန်တော့်မေးခွန်းကို ကွမ်းယာသည် ကလေးမလေးက ခေါင်းခါ ပြပြီး ဖြေသည်။ သြော် ထုံးစံအတိုင်း မနက်မိုးလင်းကတည်း နေရာ တကာလှည့်ပြီးအရက်သောက်နေမှာပေ့ါဟုကျွန်တော်တွက်ဆလိုက်မိ၏။

ထိုနောက် ကျွန်တော်က ကွမ်းယာသည် ချာတိတ်မလေး ကို'သွားဦးမယ်ဟာ' ပြောပြီး မေဘုန်းရှိန်၏ ပန်းချီစတူဒီယိုထဲ သို့ဝင်ခဲ့တော့ သည်။

*

http://www.cherrythitsar.org


ရေးလက်စ ပန်းချီကားတစ်ချပ်၏ရှေ့တွင် (အဖြူရောင် မီးပြတိုက်တစ်ခုလို)ဖွေးဖွေးဆွတ်နေသည့် ဝတ်ရုံရှည်ဖြင့် တင့်တယ်ငြိမ်းချမ်းလှပစွာရပ်နေသော မေဘုန်းရှိန်ကို တွေ့လိုက်ရ၏။ (ကျွန်တော်ခဏရပ်ပြီးငြိမ်သက်တိုးတိတ်စွာငေးကြည့်နေခဲ့မိကြောင်းဝန်ခံလိုပါသည်)

ကျွန်တော်က "ဟိုင်း. . ."ဟု လှမ်းနှုတ်ဆက်လိုက်သောအခါ သူမက(ကျွန်တော့်ကို လှည့်မကြည့်ဘဲ)ကင်းဗတ်စပေါ်တွင် ခရမ်းရောင်ဆေးစက်တစ်စက်ကို စုတ်တံဖြင့် လှမ်းတို့လိုက်ရင်း

စိတ်မပါတပါ လေသံဖြင့် "ဟိုင်း"ဟု ပြန်နှုတ်ဆက်၏။

ကျွန်တော်က သူမနောက်ကျောဘက်နားဆီမှ (သူမ၏ဆွဲလက်စ ပန်းချီကားကို) စိတ်မပါစွာ ရပ်ငေးကြည့်ရင်းပျင်းပျင်းနှင့်စီးကရက်ကိုတစ်ဖွာပြီးတစ်ဖွာရှိုက်ဖွာလျက်အနီးရှိအနီးရှိခုံပုကလေးပေါ်တင်ထားသော ကြေးနီလိုလို ကြေးဝါလိုလို ဘာသတ္တုနှင့် ပြုလုပ်ထားမှန်းမသိသည့် ပန်းကန်လုံးပုံစံခွက်ကလေးထဲသို့ဆေးလိပ်ပြာများကိုခြွေချနေလိုက်သည်။

ခဏအကြာ သူမက အမှတ်တမဲ့ လှည့်ကြည့်လိုက်ရာမှ ကျွန်တော် ``ပြာခြွေနေသောခွက်ကို သတိထားမိသွားပြီး စုတ်တံကို ကမန်းကတန်း ပစ်ချလိုက်ကာ ပျာပျာသလဲဖြင့်. . . . .

"ဘုရားရေ. . .။ ဟဲ့. . . မင်းညီ နင်ဘာလုပ်နေတာလဲ"

"ဆေးလိပ်ပြာခြွေနေတာလေ၊ ဘာဖြစ်လို့လဲ"

"ဘုရား၊ ဘုရား. . . အဲဒီဟာက ဆေးလိပ်ပြာခွက်မဟုတ်ဘူးတော့ ရဲ့၊ အဲဒါ ရှေးဟောင်းပစ္စည်း အီဂျစ်လက်ရာအစစ်၊ ပိုက်ဆံသိန်းချီပေးပြီး လာဝယ်ကြတာတောင် မရောင်းနိုင်ဘူး။ ငါ့အရမ်းမြတ်နိုးတဲ့ ပစ္စည်း"

ကျွန်တော်က ပခုံးကိုသာ တစ်ချက်တွန့်ပြလိုက်သည်။ ကျွန်တော့် စိတ်အထင်အရ ပြောရလျှင်တော့(မည်သည့်ရာစုနှစ် လုပ်ထားခြင်း ဖြစ်စေကာမူ) အလယ်တွင် အချိုင့်ခွက်ပါရှိပြီး နှုတ်ခမ်းသားဘောင်များ ကာရံထားသည်မှန်လျှင် ဆေးလိပ်ပြာခြွေလို့ရသည်ချည်းပင်ဖြစ်သည်။

ယခုလို ဒီခွက်ထဲသို့ကျွန်တော် ဆေးလိပ်ပြာခြွေမိသည့်အတွက်ကြောင့်တော့ အီဂျစ်များက စိတ်ဆိုးကြလိမ့်မည်မဟုတ်ဟုထင်ပါသည်။(ထို့ပြင် အဲသည်ခေတ်တုန်းကကော ဒီခွက်သည် ဆေးလိပ်ပြာခွက်အဖြစ် အသုံးပြုခဲ့ခြင်း မဟုတ်ဘူးဟု မည်သူကအာမခံနိုင်ပါမည်နည်း)

မေဘုန်းရှိန်က ဆေးလိပ်ပြာများကို သွန်ပစ်ပြီး အဝတ်စတစ်ခုဖြင့် သုတ်နေစဉ် ကျွန်တော်ကမေးလိုက်သည်။

"ဒါနဲ့ . . . နေစမ်းပါအုံး၊ နင်ငါ့ကို ဖုန်းဆက်ခေါ်တဲ့ ကိစ္စကဘာလဲ၊ ဘယ်လိုအူကြောင်ကြောင် ငတိမျိုးက နင့်ကိုလာပြီး အိမ်မက်မက်နေလို့လဲ"

မေဘုန်းရှိန်က ကျွန်တော့်ကို တစ်ချက် မျက်စိဝေ့ဝဲကြည့်ပြီး ပြုံးလိုက်သည်။

သူမ ပြုံးပုံက သချိုင်းဂူပေါ် လေပြည်အေးအေး ဖြတ်သန်းတိုက်ခတ်သွားပုံမျိုးနှင့် တူပါသည်။ ထို့နောက် သူမက. . .

"ဒီငနဲကတော့ ချမ်းလည်း တော်တော်ချမ်းသာတယ် မင်းညီရဲ့၊ ပြီးတော့ ဆွေကြီးမျိုးကြီးထဲကပဲဟ"

"သူ့နာမည်က ဘယ်သူတဲ့လဲ"

"ထိပ်တင်ကြီး. . . တဲ့"

"ဟင် အဆန်းပဲနော်၊ သူက ဘာဖြစ်လို့ ထိပ်မှာတင်ကြီးနေရတာလဲ။ အလယ်ပိုင်းနဲ့ အရင်ပိုင်းကကော မကြီးဘူးလား"

"သေလိုက်ပါလား၊ ဟော. . . ဟိုမှာ ဟိုမှာ လာနေပြီ။ အခု စတူဒီယိုထဲ ဝင်လာနေတဲ့သူပဲ"

ကျွန်တော်က လှမ်းကြည့်လိုက်သောအခါ နှာခေါင်း ပွပွ နှုတ်ခမ်းထူ ထူနှင့် ဆံပင်ပါးပါးကို လည်ကုတ်နားအထိ ဝဲထားသောလူတစ်ယောက်ကို မြင်ရသည်။ ထိုသူ့ပုံသဏ္ဌာန်ကို ကြည့်ရသည်မှာ ကွယ်လွန်ခဲ့သည်မှာ ကြာပြီဖြစ်သော ပုဂ္ဂိုလ်တစ်ဦး၏ ဓာတ်ပုံလို တစ်စက်မှ စွဲမက်စရာမရှိ။ ဆွဲဆောင်မှု လုံးဝကင်းပြီး မျက်နှာသေနှင့်ဖြစ်၏။ အရုပ်တစ်ရုပ်ကို ကြည့်နေရသလိုမျိုးပင် ဖြစ်သည်။

ကျွန်တော် အတော်ပင် စိတ်မချမ်းမသာဖြစ်သွားမိ၏။ထို သူကို

http://www.cherrythitsar.org



တွေ့တွေ့ချင်းမှာပင်(အရင့်အရင်က) မေဘုန်းရှိန်ကို ရစ်ဝဲခဲ့ကြဖူးသော ငတုံးများအားလုံးထက် အဆပေါင်းများစွာ ပိုပြီးတုံးမည့်'မဟာငတုံးကြီး' တစ် ယောက်ဖြစ်ကြောင်း စိတ်ထဲမှ ကြိတ်၍ မှတ်ချက်ချလိုက်၏။

မေဘုန်းရှိန်က

"ဒါ. . . ကျွန်မရဲ့အချစ်ဆုံးသူငယ်ချင်း ကိုမင်းညီဆိုတာပေါ့။ သူနဲ့ ကျွန်မက အမြဲတမ်းတစ်တွဲတွဲပဲရှင့်။ဘယ်တော့မှ မခွဲဘူး"

ဟု မိတ်ဆက်ပေးလိုက်သောအခါ 'မဟာငတုံးကြီး' အတော်ပင် မျက်နှာပျက်သွားသည်ကို တွေ့လိုက်ရ၏။ ကျွန်တော် တော်တော်ဝမ်းသာ ကျေနပ်သွားသည်။

ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စိတ်မပါစွာ လက်စွဲနှုတ်ဆက်ကြသည်။ ထို့နောက် ကျွန်တော်က သူတို့ အချင်းချင်း ဘာဘာညာညာ လွပ်လွပ်လပ်လပ်ပြောပါစေ. . . ဟု ထား ပစ်ခဲ့ပြီး စီးကရက်တစ်လိပ်ဖွာရင်း ပြခန်းထဲမှ ပန်းချီကားများကို လျှောက်ကြည့်နေလိုက်သည်။

အတော်လေးကြာပြီး သူတို့နှစ်ယောက်ရပ်စကားပြောနေရာဆီ ကျွန်တော်ပြန်ရောက်လာချိန်တွင်

"ဟင့်အင်း. . . ကိုထိပ်တင်ကြီး၊ ဒါကိုတော့ ကျွန်မ မရောင်း နိုင်လို့ပါ"

"အို. . . ဘာဖြစ်လို့လဲ၊ ဈေးနည်းလို့လား၊ တစ်သိန်းမကဘူး၊ တစ်သိန်းခွဲဆိုလည်း ကိုယ်ဝယ်နိုင်ပါတယ်။ ကိုယ်ကလည်း ဟဲဟဲ. . . . မေ့လိုဘဲ ရှေးဟောင်းပစ္စည်းတွေကို မြတ်နိုးတတ်တဲ့သူပါ"

မဟာငတုံးကြီး၏ လက်ထဲတွင် စောစောက ကျွန်တော် ဆေးလိပ်ပြာ ခြွေခဲ့မိသည့် ရှေးဟောင်းအီဂျစ်ပန်ကန်လုံးကလေးကို တွေ့ရ၏။ မေဘုန်းရှိန်က သူ့လက်ထဲမှဆတ်ခနဲပြန်ယူလိုက်ရင်း. . . .

"ဝမ်းနည်းပါတယ်ရှင်၊ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ"

အသံမာမာဖြင့် ငြင်းလိုက်သောကြောင့် ထိပ်တင်ကြီး ခပ်ရှုံ့ရှုံ့ ဖြစ်သွားသည်။ ထို့နောက် ကျွန်တော်က သူတို့ဘေးနားသို့ ရောက်လာ သောကြောင့် သိပ်အရေးမကြီးဟန်ဖြင့် စကားကိုလွှဲလိုက်ရင်း

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



"သြော်. . . ဒါနဲ့ ပြီးခဲ့တဲ့ တစ်ခေါက်ကိုယ်လာတုန်းက မပြော ခဲ့တယ်မဟုတ်လား။ ကိုယ့်ဆံပင်ပုံစံက အဘိုးကြီးနဲ့ တူတယ်ဆို"

"အင်း"

"အခုလို. . . ကိုယ့်ဆံပင်ဒီဆိုင်းပြောင်းလိုက်တော့ အဘိုးကြီးနဲ့ မတူတော့ဘူးမဟုတ်လား"

"အင်း. . . ဟုတ်သားပဲ၊ အဘွားကြီးနဲ့ တူလာတယ်ဗျ"

ကျွန်တော်က ဝင်ပြောလိုက်ရာ ငတိက ကျွန်တော့်ဘက်ကို မျက်ထောင့်နီဖြင့် လှမ်းကြည့်ပြီး အသံမာမာဖြင့်

"သူငယ်ချင်းကလည်းကွာ ဝင်မရှုပ်ပါနဲ့၊ နားလည်မှုရှိစမ်းပါ၊ ဒီမှာ ကိုယ် မေ့ကို ရင်ဖွင့်ပြစရာတွေရှိသေးတယ်"

"ရင်ဖွင့်မယ်ဆိုရင် ခင်ဗျား အင်္ကျီကြယ်သီးတွေ ဖြုတ်ရခက် နေမှာ ပေါ့၊အကောင်းဆုံးကတော့လောလောဆယ်မှာခင်ဗျားပြန်သွားဖို့ပါပဲ ကျွန်တော့်သူငယ်ချင်းနဲ့ကျွန်တော်ဆွေးနွေးစရာကိစ္စတွေအများကြီး ရှိသေးတယ်ဗျ"

ကျွန်တော်ကအားမနာတမ်းပြောချလိုက်ပြီးနောက် လက်ထဲမှ စီးကရက်တိုကို အီဂျစ်ရှေးဟောင်းပန်ကန်လေးထဲသို့ ထိုးချေလိုက်၏ ထိုငတိက မေဘုန်းရှိန့်မျက်နှာကို တစ်ချက်လှမ်းကြည့်သည်။မေဘုန်းရှိန်က ဘာမှဝင်မပြောပဲ လေကလေးတစ်ရှိုရှို ချွန်ရင်း သူမ၏ ဆွဲလက်စ ပန်းချီကားဆီ လှည့်သွားသောကြောင့် ငတိက မကျေမနပ်ဖြင့် ခြေဆောင့် နင်းကာ ပြန်ထွက်သွားတော့သည်။

သူထွက်သွားလျှင် ထွက်သွားချင်း ကျွန်တော်က မေဘုန်းရှိန်ကို

"ဘယ်လိုလုပ်ပြီးတော့များ အဲဒီလို ငတုံးနဲ့ နင်ကဆုံဖြစ်ရတာလဲ ဟာ"

"သူက စားသောက်ဆိုင်နဲ့တွဲလျက် Unplugged ဂစ်တာဝိုင်းပါတဲ့ ကဖေးဖွင့်ထားတယ်ဟ။ သူ့ဆိုင်ကို နိုင်ငံခြားတွေလည်း လာတယ်တဲ့။ အဲဒါသူ့ဆိုင်မှာ ချိတ်ဖို့ ပန်းချီကားတွေ ပန်းပုတွေ ဒီမှာလာလာဝယ်ရင်း ငါနဲ့ တွေ့တာပဲ"

"အဲဒီ. . . ငတုံးကြီးက နင့်ကို ရည်းစားစကားတွေဘာတွေကော

http://www.cherrythitsar.org



ပြောပြီးပြီလား”

“သူ. . . ဒီကို ငါးကြိမ်မြောက် ရောက်ပြီးကတည်းက‘လက်ထပ်ပါရစေ’လို့ တန်းပြီး ခွင့်တောင်းတော့တာပဲ။ ဒါနဲ့ မင်းညီ. . . နင်က သူ့ကို ငတုံးကြီး၊ ငတုံးကြီးနဲ့ ခေါ်ပါနဲ့ဟာ၊ သိပ်ပြီး မိုက်ရိုင်းတာပဲ”

သူမစကားကြောင့် ကျွန်တော်ရင်ဘတ်ထဲ အောင့်သွားသည်။ (မနာလိုစိတ်ကြောင့် ဖြစ်ပေလိမ့်မည်) ကျွန်တော်က မျက်နှာကိုမဲ့ကာ ပုခုံးတစ်ချက်တွန့်ပြလိုက်ပြီး. . .

“ခေါ်တော့ ဘာဖြစ်လဲဟာ၊ နင်က သူ့ဘက်ကနာနေရသေးလား ခေါ်မှာပဲ။ ငတုံးမို့ ငတုံးလို့ ခေါ်တာပေါ့”

“သွားသေလိုက်ပါလား၊ နင်ဟာလေ လူတစ်ဘက်သားကို မှိုချိုးမျှစ်ချိုး”

“နင့်လို ဆောင့်ကြွားကြွားနဲ့ ဘဝင်မြင့်တတ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ချင်တဲ့ကောင်မျိုးဟာ ငတုံးမဟုတ်လို့ဘာလဲ၊ ငတုံးမှ တကယ့် တစ်ရာရာခိုင်နှုန်းပြည့် ငတုံးအစစ်”

**“အောင်မာ၊ မိန်းမတစ်တယောက် ဘဝင်မြင့်တယ်ဆိုတာ မြင့်ချင်တိုင်း မြင့်လို့ရတယ်များ နင်ထင်နေသလား မင်းညီ။ အရည်အချင်းရှိမှ ဘဝင်မြင့်လို့ရတာ။** မှတ်ထား အနည်းဆုံးတော့ နင်တို့လို ယောကျ်ားတွေထက် ငါလိုမိန်းမက ပိုပြီး ဉာဏ်ကောင်းတယ် ဆိုတာ နင်ဝန်ခံ”

ကျွန်တော်က အမြင်ကတ်စွာဖြင့်

“အေး ငါကလည်း အဲဒီလို ဉာဏ်ကောင်းတဲ့ ထက်မြက်တဲ့ မိန်းမမျိုးဆို ပိုတောင် အမြင်ကတ်သေးတယ်

မိန်းမဆိုတာ အစကတည်းကမှ နေရာတကာ စပ်စပ်စုစု ဝင်ပါချင်တတ်တဲ့ အမျိုးအစားပဲဟာ

အဲဒီကြားထဲကမှ သူကိုယ်သူ ထက်မြက်လှပါတယ်ဆိုတဲ့ မိန်းမမျိုးကိုသာ လက်ထပ်မိရင်လေ အဲဒီယောကျ်ားဟာ တစ်သက်လုံး မိန်းမရဲ့ ဆရာလုပ်သမျှ ငုံ့ခံနေရရော. . .။ သေပြီသာမှတ်။ ငါဆိုရင်တော့ ဘယ်တော့မှ ထက်မြက်တဲ့ မိန်းမကို မယူဘူး။ တုံးတဲ့ မိန်းမကိုပဲ

http://www.cherrythitsar.org



ယူမယ်”

သူမက ဘာစကားမှ ပြန်မပြော။ ဆေးစက်များ ပေကျံနေသော ဝတ်ရုံရှည်ကြီးကို ဆွဲချွတ်ကာ အနီးရှိ တိုင်တစ်တိုင်ပေါ်သို့ ပစ်တင်လိုက်ရင်း အခန်းထောင့်ဆီ တစ်လှမ်းချင်း လျှောက်သွား၏။နောက်မှ

“နင်. . . . နောက်ဆုံးပြောလိုက်တဲ့ စကားက ဘာ. . . . ”

**“ငါသာဆိုရင် ထက်မြက်တဲ့ မိန်းမကို မရွေးချယ်ဘူး၊ ညံ့တဲ့မိန်းမကိုပဲ ရွေးချယ်မယ်လို့ ပြောတာ”**

သူမ မခံချင်အောင် တမင်ပြောခြင်းဖြစ်သော်လည်း သူမက မည်သို့မျှ ခံစားရပုံမပေါ်သောကြောင့် ကျွန်တော် ကသိကအောက်ဖြစ်သွား၏။ မေဘုန်းရှိန်က လေသံခပ်အေးအေးနှင့်ပင်

“အေးလေ၊ ဒါက နင့်ရွေးချယ်မှုပဲ၊ ကြိုက်တာရွေးပေါ့။ သြော် ဒါနဲ့ သိပ္ပံပညာရှင်တွေ ပြောတဲ့စကားတစ်ခွန်းရှိတယ်၊ နင်ကြားဖူးမလား တော့ မသိဘူး”

“ဘာစကားလဲ”

“ဘယ်သန်တဲ့လူနဲ့ ညာသန်တဲ့လူနှစ်မျိုးရှိတဲ့အနက် ကားတိုက်မှုဖြစ်ပြီး သေတဲ့ အရေအတွက်မှာဘယ်သန်တဲ့လူဦးရေကပိုများတယ်ဆိုပဲ”

“ဘာဖြစ်လို့လဲ”

ကိုယ့်ရှေ့မှာ အတားအဆီးတစ်ခုခုကို တွေ့ရရင် **ညာသန်တဲ့လူက ညာဘက်ကို ကွေ့ပတ်ပြီး ရှောင်တဲ့ အကျင့်ရှိသလို၊ ဘယ်သန်တဲ့ လူကလည်း ဘယ်ဘက်ကို ကွေ့ပတ်ပြီး ရှောင်တဲ့ အကျင့်က အလိုလိုရှိပြီးသား**မဟုတ်လား”

“ဟုတ်တယ်လေ၊ အဲဒီတော့. . . . ”

“မျက်နှာချင်းဆိုင်လာတဲ့ ကားနှစ်စီးလုံးဟာ တစ်ခုခုကို ရှောင်ကြတဲ့အခါ နှစ်ဘက်စလုံး ထိပ်တိုက်မတိုးမိအောင် ကိုယ့်ညာဘက်ကိုယ် အသီးသီးရှောင်လိုက်ကြရင် ဘာမှပြဿနာမရှိဘူး၊ဒီလိုမှမဟုတ်ဘဲ မျက်နှာချင်းဆိုင် နှစ်ယောက် တစ်ယောက်ကဘယ်ဘက်၊ တစ်ယောက်က ညာဘက်ကိုရှောင်လိုက်ရင် တည့်တည့်တိုက်မိတော့တာပဲ။ အဲဒါကြောင့်**Accident** ဖြစ်ရင် ဘယ်သန်တဲ့လူတွေဘဲ အသေများကြတာ”

http://www.cherrythitsar.org



ရိုးသားစွာ ပြောရလျှင် ကျွန်တော်လုံးဝစိတ်မရှည်တော့ပါ။ သူမ၏သပွဲနည်းကျ ရှင်းလင်းချက်များကိုလည်း စိတ်မဝင်စားပါ။ ထို့ကြောင့်

“နင်ဟာ အခုတစ်လော စကားပြောရင် ‘ဆရာကြီးလေသံ’ သိပ်များနေတယ် မေဘုန်းရှိန်၊ ရိုးရိုးသားသားနဲ့ လူနားလည်အောင် ပြောလို့မရဘူးလားဟင်”

“ရှင်းရှင်းလေးပဲ မင်းညီရယ်၊ နင်ကြိုက်တဲ့ဘက်ကို ရွေးချယ်ခွင့် ရှိတယ်။ ဒါပေမဲ့ မတိုက်မိအောင် ရှောင်လိုက်ခါမှ တည့်တည့်တိုးမိတဲ့ အဖြစ်မျိုးတော့ မကြုံစေနဲ့ပေါ့ဟာ”

ဘုရားရေ. . . သူမရဲ့ ရိသဲ့သဲ့ နှိပ်စက်နေတဲ့ လေသံက ရေစိမ် ထားတဲ့ ကြိမ်လုံးသေးသေးလေးတစ်ချောင်းနဲ့ ရိုက်ပြီး ပွတ်တိုက်နှစ်ဆွဲ ပစ်လိုက်သလိုပါပဲလား၊ကြီးကျယ်လိုက်တာကောင်စုတ်မလေးရယ်။

သူမကို ဘယ်လို တုံ့ပြန်ရမလဲဟု တွေးရင်းနှင့်ပင် ကျွန်တော် နှင်းဖြူစိုးကိုသတိရလိုက်မိ၏။

“နှင်းဖြူစိုး”ဆိုသည့် ကောင်မလေးက(ဂရိနတ်ဘုရား ပုံပြင် များတွင်ပါသောအလှဘုရင်မဗီးနပ်(စ်)ကမနာလိုဖြစ်ရသည့်မိန်းမပျို) ‘ဆိုက်ခီ’ ထက်ပင် ပိုလှသေးသည်ဟု ကျွန်တော်ပြောလျှင် သင်တို့ ယုံကြည်ကြစေလိုပါသည်။ သူမ၏နို့နှစ်ရောင်ဖြူဝင်းနေသည့် အသား အရေပေါ်ရှိ မွေးညှင်းနုနုကလေးများကို နေရောင်ဟပ်သည့်အခါ ရွှေမျှင် ရွှေခြည်တန်းလို လက်နေတတ်သည်။

ဆည်းဆာချိန်များတွင် မြက်ခင်းစိမ်းနှင့် ပန်းပွင့်ဝါဝါများ ပေါ် တစ်ဖျတ်ဖျတ် ဝဲပျံနေတတ်သည့် လိပ်ပြာတစ်ကောင်နှင့်လည်း တူပါသည်။ လမင်း၏ နှုတ်ဖျားတွင် တွဲလဲခိုနေတတ်သော နှင်းစက်နှင်းဥကလေးနှင့် တူပါသည်။

သို့သော် နှင်းဖြူစိုး၏ အဆိုးရွားဆုံး အရည်အချင်းတစ်ခုမှာ တုံးခြင်းဖြစ်၏။ (မညှာတာစတမ်းပြောရလျှင် သူမသည် အရှေ့တောင် အာရှတွင် ဉာဏ်အထိုင်းဆုံး ‘ငတုံးမ’ တစ်ကောင်ဖြစ်ပါသည်။) နှင်းဖြူစိုး သည် သူမကိုယ်သူမ လှအောင် ဘယ်လို ပြင်ဆင်ခြယ်သရမည် ဆိုသည်

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ကလွဲ၍ကျန်တာ ဘာမှမသိပါ။

ဆယ်တန်းတုန်းကကျွန်တော်တို့သည် အတန်းဖော်များဖြစ်ကြရာ သူမက ကျွန်တော့်ကို မေးခွန်းတစ်ခုမေးပါသည်။(ထို မေးခွန်းကို ကျွန်တော့်တစ်သက် ဘယ်တော့မှ မေ့တော့မည်မဟုတ်ပါ) နှင်းဖြူစိုးက. . .

"မင်းညီ၊ငါ. . . မသိလို့ တစ်ခုလောက်မေးစမ်းပါရစေဟာ"

"မေးလေ နှင်းဖြူ ဘာလဲ"

"နေနဲ့လဆိုတာ တစ်ခုတည်းလားဟင်"

ကျွန်တော် ဘယ်လိုဖြေရမည်မှန်း မသိတော့ပါ။အော်ငို ပစ်ချင်စိတ်ပေါက်သွားသည်။(ကျွန်တော်လုပ်ကြံလီဆယ်၍ ရေးခြင်းမဟုတ်ပါ။ တကယ်ပင်ဖြစ်ပါသည်။ယခု သူမဒဿနိဗေဒဘွဲ့ရကာ နည်းပြဆရာမပြန်ဖြစ်နေပါပြီ)

ကျွန်တော် သက်ပြင်းချလိုက်သည်။ မည်သို့ပင်ဆိုစေကာမူ ယခုအချိန်တွင် မေဘုန်းရှိန်က လက်တုံ့ပြန်ရန် အကောင်းဆုံး နည်းလမ်းမှာ ကျွန်တော့်အတွက် 'နှင်းဖြူစိုး'ကို ရွေးချယ်လိုက်ဖို့သာ ရှိပါတော့သည်။

ကျွန်တော်ကမေဘုန်းရှိန်ကိုတစ်ဝက်ကျောခိုင်းပြီးလှမ်းပြောလိုက်မိ၏။

"အေးလေ၊ နင်ငါ့ရဲ့ရွေးချယ်မှုကိုကြည့်ဦးပေါ့၊ တစ်လအတွင်းမှာ ခပ်တုံးတုံး၊ ခပ်ထိုင်းထိုင်း မိန်းမတစ်ယောက်နဲ့ ငါတွဲပြမယ်။ နင်မနာလို ဖြစ်သွားစေရယ် မေဘုန်းရှိန်၊ သိလား"

"**Accident** ဖြစ်ပြီး သေမသွားဖို့ကိုပဲ ဂရုစိုက်ပါ မင်းညီရယ်"

မေဘုန်းရှိန်၏ သတိပေးစကားထဲတွင် လှောင်ရယ်သံသဲ့သဲ့ပါနေ၏။

ကျွန်တော်စိတ်ဆိုး မာန်ဆိုးဖြင့် သူမကို နှုတ်မဆက်ဘဲ ထွက်လာခဲ့တော့သည်။

■

http://www.cherrythitsar.org


(သုံး)

ခပ်လှမ်းလှမ်းက မြင်လိုက်ရုံနှင့်ပင် သူ့ကို 'ကိုမူး'မှန်း ကျွန်တော် သိလိုက်သည်။ သို့သော် သူလုပ်နေပုံက ခပ်ဆန်းဆန်းဖြစ်သောကြောင့် ကျွန်တော် အသာရပ် စောင့်ကြည့်နေလိုက်သေး၏။သူ့ပုံစံက လူမှန်း သူမှန်းမသိအောင် မူးနေမှန်းလည်း သိသာသည်။

အကျီက ကြယ်သီးများပြုတ်ကာ ဖိုသီဖတ်သီနှင့်၊ ခါးမှာလည်း ပုဆိုးမရှိတော့ဘဲ ဘောင်းဘီတိုပွပွကြီးနှင့် ဖြစ်၏။ ကျွန်တော် အနီးသို့ ရောက်သွားချိန်တွင်. . . .

သူသည် မျက်စိစုံမှိတ်၍ အုတ်တိုင်ကြီးတစ်တိုင်၏ နံရံကို လက်နှစ်ဘက်ဖြင့် စမ်းနေသည်။ နောက်တစ်ရွေ့ရွေ့သွားရင်း ဒုတိယနံရံကို ဆက်၍စမ်းပြန်သည်။ ထို့နောက် တတိယနံရံ စတုတ္ထနံရံ ဆက်၍ဆက်၍ အုတ်တိုင်ကြီးကို တစ်ပတ်ပြည့်အောင် လှည့်ကာ ပတ်လည်စမ်းပြီးနောက်

"ဟာ. . . ဒုက္ခပါပဲ၊ ထွက်ပေါက်မရှိတော့ဘူး၊ ငါ့ကို အလုံ ပိတ်ထားလိုက်ကြပြီ၊ ကယ်ကြပါဦး ငါ့ကို ဒီအခန်းထဲက ထုတ်ပေးကြပါ။ ကယ်တော်မူပါဗျို့"

"ဟင်. . . ညီလေး၊ မင်းညီလား၊ မင်းဘယ်လိုလုပ်ပြီး ဒီအခန်းထဲ ဝင်လာတာလဲ၊ ငါ. . . နံရံလေးဖက်စလုံး လျှောက်စမ်းကြည့်ပြီးပြီ။ ဘယ်နံရံမှာမှ. . . . အပေါက်မရှိဘူးကွ"

"ဟာ. . . ခင်ဗျား ဘယ်အခန်းထဲမှာမှ ပိတ်မိနေတာ မဟုတ်ဘူး ဗျ။ အုတ်တိုင်ကြီးကို ပတ်ပြီးစမ်းနေတာ၊ မျက်လုံးလည်း သေသေချာချာ ဖွင့်ကြည့်ပါဦး"

http://www.cherrythitsar.org


"ဟမ်. . . ဟုတ်လား"

ကျွန်တော်က ကိုမူးကို တွဲပြီးပြန်ခေါ်လာစဉ်သူက. . .

"ညီလေး. . ငါအန်ချင်လာပြီကွ အေ့. . . အေ့"

သူ့ကို လမ်းဘေးသို့ ကမန်းကတန်း ဆွဲချထိုင်ခိုင်းလိုက်ရပြီး အောက်သိုးသိုး ချဉ်စုတ်စုတ် အနံ့အသက်ဆိုးများနှင့် လွတ်ကင်းသည့် အကွာအဝေးအထိ ခပ်မြန်မြန်ရှောင်ထွက်လိုက်သည်။

"ဝေါ့. . . . ဝေါ့. . . အေ့. . . ဝူး. . ဝေါ့"

ကံဆိုးသော အဒေါ်ကြီးတစ်ယောက်မှာ ကိုမူးအန်နေသည့် အခိုက်အတန့်မှာပင် ရှေ့တည့်တည့်မှ ဖြတ်လျှောက်မိလျှက်သားဖြစ်နေရာ အန်ဖတ်များ ဗရပွ ပေကျံနေသည့် ကိုမူးကိုကြည့်ရင်း နှာခေါင်းရှုံ့ကာ ရွံရှာစွာဖြင့်

"ဟဲ့. . . ဟဲ့ နင်ကလည်း လက်ကိုင်ပုဝါလေး ဘာလေးများ မပါဘူးလား"

ကိုမူးက ထိုအဒေါ်ကြီးကို ပြန်မော့ကြည့်လိုက်ပြီး

"ပါတော့ပါတယ် အန်တီရဲ့၊ ဒါပေမယ့် ဆောရီးပဲ. . . ကျွန်တော့် လက်ကိုင်ပုဝါကို အန်တို့ကို မငှားနိုင်တာတော့ ခွင့်လွှတ်နော်၊ ကျွန်တော်က ရွံတတ်လို့ပါ"

"အလိုတော်. . ။သင်းကပဲ ပြောရတယ်ရှိသေး"

ထိုအဒေါ်ကြီးထံမှ ဆဲဆိုသံများ ထွက်မလာခင် အချိန်လေး မှာပင် ကိုမူးကိုတွဲ၍ ကျွန်တော် သုတ်ခြေတင်လာနိုင်ခဲ့သည်။

*

အစာအိမ်ထဲရှိသမျှ အန်ထုတ်လိုက်ရသောကြောင့်ကိုအောင်မျိုးရှိန် ၏ ဦးနှောက်ထဲတွင် အမူးဒီဂရီအတော်လျော့ပါးသွားပုံရ၏။ အပြန်လမ်းတွင် ကျွန်တော်က သူ့ကိုတွဲရင်း. . .

"ကိုမူး၊ခင်ဗျားတသက်လုံး. . . ဒီလိုပဲနေသွားတော့မှာလား"

"မင်း. . . ဘာကိုဆိုလိုတာလဲ ညီလေး"

http://www.cherrythitsar.org



"အစ်ကို့ကို ကျွန်တော် နှမြောတယ်ဗျာ၊ **အောင်မှူးရှိန်ဆိုတဲ့ လူတစ်ယောက် လောကကြီးထဲရောက်လာတာ ဘာလုပ်ဖို့လဲ၊** မနက် မိုးလင်းကနေ မိုးချုပ်အထိ အရက်မူးမယ်၊ ပြီးရင်အိပ်မယ်၊ အိပ်ရာကနိုးရင် အရက်ထပ်သောက်မယ်"

"ဒီလိုနဲ့ တစ်ရက်ထက် တစ်ရက် အသက်တွေ ပိုပိုကြီးလာပြီး နောက်ဆုံးမှာ အောင်မှူးရှိန်ဆိုတဲ့ လူတစ်ယောက်လောကကြီးကနေ ပျောက်ကွယ်သွားမယ်။ **လူ့ဘဝရဲ့ အဓိပ္ပာယ်ဆိုတာ ဒါပဲလား. . .**"

ကိုမှူးက ရယ်လိုက်၏။(သို့မဟုတ် သူရယ်မောသည်ဟု ကျွန်တော် ထင်လိုက်မိ၏။သိပ်တော့ မသေချာပါ) ထိုနောက် သူက

"မင်းက ငါ့ကို လောကကြီးထဲကရောက်လာတာ ဘာလုပ်ဖို့လဲ လို့မေးတယ်၊ ကောင်းပြီ. . . ငါကလည်းမင်းကို ပြန်မေးရဦးမယ်၊ **လောကကြီးထဲကပြန်ထွက်သွားရတော့ကောဘာဖြစ်** သေးလဲကွာ. . . လို့"

ကျွန်တော်မှာ ဖြေစရာစကားမရှိပါ။ ကိုမှူးက ရီဝေသော မျက်လုံးများဖြင့် တစ်ချက်လှမ်းကြည့်ရင်း စကားဆက်၏။

**"လူ့ဘဝဆိုတာ ပုတ်သင်ညိုရဲ့ အမြီးလိုပဲကွ၊ တစ်ချောင်း ပြတ်သွားပြီးရင် အဲဒီနေရာမှာ အစားထိုးဖို့ နောက်ထပ် အသစ်တစ်ချောင်း ပေါက်လာတာပဲ၊** မယုံရင် ဟောဒီလောကကြီးထဲကနေ မင်းဖယ်ပေးလိုက်၊ မင်းနေရာမှာ တစ်စုံတစ်ခုက အစားထိုးဖို့ ဝင်လာမှာပဲ။

"မင်းပြန်အလာကို ဘယ်သူကမှ စောင့်ဆိုင်းနေမှာ မဟုတ်သလို မင်းမရှိလို့ လောကကြီးမှာ ကွက်လပ်တစ်ခု ဖြစ်ပြီး ကျန်နေရစ်မှာလည်း မဟုတ်တာ သေချာတယ်။ ဟောဒီလောကကြီးထဲမှာ 'လူတစ်ယောက်ရဲ့ နေရာ' ဆိုတာ ဘာမှ အဓိပ္ပါယ်မရှိပါဘူးကွာ"

ကျွန်တော် ခေါင်းခါမိသည်။ သို့ရာတွင် ကျွန်တော်မှာ သူ့ကို ပြန်ပြောစရာ စကားမရှိပါဘူး။လေတိုက်သည့်အခါ ယိမ်းနွဲ့သွားတက်သည့် အစိမ်းရောင် မြက်ပင်ရှည်ရှည်များနှင့် လေအတိုက်တွင် ကြွေကျလာတက်သည့် ဗာဒမ်ရွက်နီဝါဝါတို့ကိုသာ ငေးကြည့်နေဖြစ်၏။

ကျွန်တော်အတွေးထဲတွင် မြက်ပင်ယိမ်းနွဲ့နွဲ့များက 'ရင့်ကျက်'

သည့် အသွင်ကို ဆောင်နေကြပြီး ဗာဒမ်ရွက်ကြွေများက 'ရင့်ရော်' ပုံ ပေါက်နေကြသည်။

'ရင့်ကျက်ခြင်း' နှင့် 'ရင့်ရော်ခြင်း' တို့သည် ကွဲပြားခြားနား ကြပါသည်။ ကိုအောင်မျိုးရှိန်သည် ရင့်ကျက်နေသူ တစ်ယောက်လား ရင့်ရော်နေသူတစ်ယောက်လားဟု ကျွန်တော် ခွဲခြားမရသေးပါ။

လမ်းခွဲကြခါနီးတွင် သူက နောက်ဆုံးစကားတစ်ခွန်းကို ဆို၏။

"လူ့ဘဝမှာ အလေးနက်ဆုံး အဓိပ္ပါယ်ဆိုလို့ တစ်ခုပဲရှိတယ် ညီလေး၊ အဲဒါက ပြင်သစ်လို'မော့(တ်) တဲ့၊ အဓိပ္ပါယ်က သေခြင်းတရား ပေါ့ကွာ"

■

http://www.cherrythitsar.org



(လေး)

တိရိစ္ဆာန် ဥယျာဉ်ပန်းခြံထဲရှိ ထိုင်ခုံရှည်တစ်ခုပေါ်တွင် ထိုင်ရင်း ကျွန်တော် နှင်းဖြူစိုး အလာကို စောင့်နေပါသည်။ ဒီကနေ့သည်လည်း အင်္ဂါနေ့ပင်ဖြစ်၏။ တိတိကျကျ ပြောရလျှင် မေဘုန်းရှိန်ကို ကျွန်တော် စိန်ခေါ်ခဲ့သော 'တစ်လ' အချိန်ပြည့်ရန် ခုနှစ်ရက် တိတိသာ လိုတော့သည်

အင်္ဂါနေ့ပင်ဖြစ်ပါသည်။

ကျွန်တော်က သူမအလာကို စိတ်မရှည်စွာဖြင့် စောင့်ဆိုင်းရင်း ထိုငတုံးမကို အသံမထွက်ဘဲ တိတ်တိတ်ကျိတ်ပြီး ကျိန်ဆဲနေမိ၏။ ကျွန်တော် ပထမ ရည်ရွယ်စဉ်တုန်းက တိရစ္ဆာန်ရုံ၊ အဲဒီကိုသာသွား ချင်လှချည်ရဲ့' ဟု သေမတက် တောင်းဆိုနေသောကြောင့် ကျွန်တော် ခေါင်းညိတ်လိုက်ရခြင်းဖြစ်၏။ ဘာဖြစ်လို့လဲဟု ကျွန်တော်က မေးသော အခါ သူမက

'တိရစ္ဆာန်ရုံကို ငယ်ငယ်တုန်းကပဲ ရောက်ဖူးတာ၊ အခု အသက် ကြီးမှ မရောက်ဖြစ်တာကြာပြီ"

ဟု စိတ်ပျက်ဖွယ်ရာဖြေ၏။ အဲဒီ. . . တိရစ္ဆာန် အနံ့အသက် ညှီစို့စို့ ပုပ်သိုးသိုးတွေကြားထဲမှာ နင့်ကိုငါ ဘယ်လိုလုပ်ပြီး ရည်းစားစကားပြောလို့ရမှာလဲ ငတုံးမလေးရယ်. . .။

ကျွန်တော် နှင်းဖြူစိုးကို အမျိုးမျိုး ကျိန်ဆဲရေရွက်ရင်း ပန်းခြံ တန်းလျားရှည် အစွန်းတွင် ပျင်းရိငြီးငွေ့စွာ ထိုင်စောင့်နေ၏။

ထိုအခိုက်မှာပင် အသက်ငါးဆယ်ခန့် လူဝဝကြီးတစ်ယောက်သည် ဂျာနယ်တစ်စောင်ကို ကိုင်လျှက် ကျွန်တော် ထိုင်နေသော ခုံတန်းလျား၏

http://www.cherrythitsar.org



တစ်ဘက်အစွန်းတွင် ဝင်ထိုင်လိုက်သည်။ ထိုလူဝကြီး၏နောက်တွင် အမွှေးစုတ်ဖွား နားရွက်ဖားလျားနှင့် ခွေးကြီးတစ်ကောင်ပါလာ၏။

လူဝကြီးက ခုံတန်းလျားအစွန်တွင် ထိုင်ချလိုက်ပြီး လက်ထဲမှ ဂျာနယ်ကို ဖွင့်ကာ ဖတ်နေချိန်တွင် သူ၏ ခွေးကြီးက ကျွန်တော်ထိုင်နေရာ အောက်တည့်တည့်ကို လာဝင်ပြီး ခွေအိပ်နေသည်။

ခဏအကြာ. . .

"ဟိုက်. . . ဒုက္ခပဲ" ဟု ကျွန်တော်စိတ်ထဲက ကျိတ်ပြီး အလန့်တကြား ရေရွတ်လိုက်မိသည်။ ကျွန်တော့် ဝမ်းဗိုက်ထဲက မအီမလည်ဖြစ်ကာ လေပုပ်တွေက တဂွီဂွီမြည်လာသောကြောင့် ဖြစ်သည်။ ကျွန်တော် လေလည်ချင်လာသည်။ အောင့်အည်း ထားနိုင်စွမ်းမရှိတော့ပါ။

ခုံတစ်ဘက်စွန်းမှ လူဝကြီးဆီသို့ မသိမသာ ခိုးကြည့်လိုက်သည်။

အား. . .ငါလေလည်တဲ့ အသံသူကြားသွားရင်တော့. . . ဒုက္ခပဲ။ ရုတ်တရက် ကျွန်တော့်ခုံအောက်တွင် ခွေအိပ်နေသည့် ခွေးကြီးကို ကျွန်တော် သတိရလိုက်မိ၏။

ဟု ကျွန်တော် ကြံကြံဖန်ဖန်တွေးလိုက်မိသည်။ ထိုအခိုက်အတန့်မှာတင် ကျွန်တော် မအောင့်နိုင်တော့ဘဲ လေလည်လိုက်မိတော့သည်။ အသံ မတိုးမကျယ်မြည်သွားသည်။

လူဝကြီးက 'အပမ်း' ဟု ချောင်းဟန့်လိုက်ပြီး ဂျာနယ်ဖတ်နေရာ မျက်နှာကို မလွှဲဘဲ. . .

"ဟဲ့ ဘော်ဘီ၊ ခုံအောက်က ထွက်စမ်း"

သူ့ခွေးကို မာန်မဲလိုက်၏။။ ကျွန်တော်ဝမ်းသာသွားသည်။ ထိုလူဝကြီးသည် (ကျွန်တော် မျှော်လင့်ထားသည့်အတိုင်း) သူ့ခွေးက လေလည်သည်ဟု ထင်သွားသည် မဟုတ်ပါလား။

ကျွန်တော် နောက်ထပ်တစ်ကြိမ် လေလည်ချင်စိတ် ပေါ်လာပြန်သည်။

သည်တစ်ကြိမ်လည်း အသံက မတိုးမကျယ်မြန်သွားပြန်၏

http://www.cherrythitsar.org



"ဟဲ့. . . ဘော်ဘီ၊ ခုံအောက်က ထွက်ခဲ့စမ်းလို့ပြောနေတာ မကြားဘူးလား"

လူဝကြီးက သူ့ခွေးကို ထပ်၍ မာန်မဲလိုက်ပြန်သည်။ ကျိတ်၍ ဝမ်းသာနေသူမှာ ကျွန်တော်။ ယခုအချိန်အထိ လေလည်သူမှာ သူ့ခွေး ဖြစ်သည်ဟု ထင်နေစမြဲမဟုတ်ပါလား။ အဆင်မပြေလိုက်ပုံများတော့. . .။

ကျွန်တော် ထပ်၍လေလည်လိုက်ပြန်သည်။

သည်တစ်ကြိမ်တွင် အသံက အတော်ကျယ်ကျယ် မြည်သွား၏။

လူဝကြီးက လက်ထဲတွင် ဂျာနယ်ကို ဆတ်ခနဲ ပစ်ချလိုက်ကာ ခုံအောက်သို့ ငုံ့ကြည့်လိုက်ပြီး

"ဟဲ့. . . ဘော်ဘီ၊ နင့်ကို ထွက်ခဲ့စမ်းလို့ ငါပြောနေတာ သုံးခါ ရှိသွားပြီ၊ တော်တော်ကြာ နင့်အပေါ်ကို လေလည်ရုံတင်မကဘူး၊ ဝမ်းပါ ဒလဟော. . . သွားချလိုက်ရင် တစ်ကိုယ်လုံး ပေကုန်လိမ့်မယ်"

ကျွန်တော်ရှက်ရှက်ဖြင့် ထိုနေရာမှ အမြန်ထလစ်ခဲ့တော့၏။

*

သည်နေ့သည် ကျွန်တော့်အတွက် တကယ်ပင် ကံမကောင်း နေ့ပင်ဖြစ်ပါသည်။ အစတုန်းကတော့ စိတ်ကူးထဲမှာ အစစ အရာရာ အဆင်ပြေနေခဲ့သည်။ နှင်းဖြူစိုးနှင့်တွဲပြီး ဘယ်လိုလျှောက်လည်လိုက်မည်။ ချစ်စကားတွေ ဘယ်လိုပြောလိုက်မည်. . . စသည်ဖြင့်။

မေဘုန်းရှိန်ကိုပင် မနက်တုန်းက ဖုန်းဆက်ပြီး လှမ်းကြွား လိုက်သေးသည်။

"ငါ. . . ဒီနေ့ နှင်းဖြူစိုးဆိုတဲ့ ကောင်မလေးတစ်ယောက်နဲ့ လျှောက်လည်မလို့ဟ။ တိရစ္ဆာန်ဥယျာဉ်မှာ ချိန်းထားတယ်။ ခပ်တုံးတုံး ကောင်မလေးတစ်ယောက်ပေါ့ဟာ၊ ဒါပေမဲ့. . . အရမ်းလှတယ်ဟ။ နင်မြင် လိုက်ရင် မနာလိုဖြစ်သွားမယ်၊ အားရင် . . . လာခဲ့ပါလား"

"မလာနိုင်ပါဘူးဟာ၊ အိမ်က ကားကို ကိုကြီး ယူသွားတယ်ဟ"

"ဟင်. . . ကိုအောင်မျိုးရှိန်ကို နင်က ဘာဖြစ်လို့ ကားသော့ပေး လိုက်ရတာလဲ၊ တော်ကြာ မူးမူးနဲ့ လမ်းမှာ. . . တစ်ခုခု ဖြစ်နေဦးမယ်"

http://www.cherrythitsar.org



"ကိုကြီး အရက်မသောက်တော့ဘူးဟ၊သူ့အရက်ပြတ်သွားပုံက အံ့တော့. . . . အံ့ဩစရာပဲ၊ နောက်မှ နင့်ကိုငါ အေးအေးဆေးဆေး ပြောပြရအုံးမယ်၊ အခု အရက်ပြတ်သွားတာ ဆယ့်လေးငါးရက် ရှိသွားပြီ"

"အေးလေ၊ ပြတ်လက်စနဲ့ လုံးဝပြတ်သွားရင်လည်း ကောင်းတာ ပေါ့ဟာ၊ ဒါပေမယ့် ငါနဲ့နှင်းဖြူစိုးကို နင်လာမကြည့်နိုင်တာတော့ စိတ် မကောင်းစရာပဲ"

"ငါ နင်တို့ကို လာလည်းမကြည့်ရက်ပါဘူး မင်းညီရယ်"

"ဘာဖြစ်လို့လဲ၊ နင်အခုအရမ်းခံစားနေရပြီ မဟုတ်လား"

"မဟုတ်ပါဘူး၊ နင်ကလည်း ခပ်တုံးတုံး၊ ကောင်မလေးကလည်းခပ်တုံးတုံးဆိုတော့ တလွဲတချော်တွေဖြစ်ပြီး ဒုက္ခရောက်နေမှာငါ ကြိုသိနေလို့ လာမကြည့်ရက်တာပါ"

မေဘုန်းရှိန် နိမိတ်ဖတ်ခဲ့သော စကားမှာ အတိအကျ မှန်ကန်ခဲ့ ပါသည်။ ကျွန်တော်သည် ကံကောင်းသူတစ်ယောက် မဟုတ်ခဲ့ပါ၊

နှင်းဖြူစိုး ရောက်မလာခင်ကတည်းက လူဝကြီး. . .၊ ခွေး တစ်ကောင်တို့နှင့် အရှုက်ကွဲခဲ့ရသောကျွန်တော်သည် နှင်းဖြူစိုး ရောက်လာခါမှ အကြီးအကျယ် စိတ်ညစ်ရပါတော့သည်။

*

သူမနှင့်ကျွန်တော် ကျားသစ်များထားသည့် လှောင်အိမ်ရှေ့ ရောက်သွားသည်။ ကျားသစ်လှောင်အိမ်တွင် ဆိုင်းဘုတ်တစ်ခု ချိတ်ဆွဲ ထားသည်။

'သတိ၊ ဆေးမခြောက်သေးပါ'

ထို ဆိုင်းဘုတ်ကို ဖတ်ကြည့်ပြီး နှင်းဖြူစိုး မျက်လုံးလေးများ ဝိုင်းကာ တအံ့တဩဖြစ်သွားသည်။ ထို့နောက် ကျွန်တော့်ဘက်ကို လှည့်ပြီးပြော၏။

"ဟဲ့ မင်းညီ၊ ငါအစတုန်းက ထင်ထားခဲ့တာက ကျားသစ်ရဲ့ ကိုယ်ပေါ်က အစက်အပြောက်တွေဟာ သူတို့မွေးကတည်းကဘာဝ

http://www.cherrythitsar.org



အတိုင်းပါလာတယ်လို့ အောက်မေ့ထားတာ၊ လက်စသတ်တော့ ဆေးခြယ်ပေးထားတာကိုး. . . . နော်”

သူမပြောလိုက်ပုံက တိုးတိုးညင်သာလည်း မဟုတ်။ အော်ကြီးဟာစ်ကျယ် ဖြစ်ရာ ဘေးလူများက ကျွန်တော့်တို့နှစ်ယောက်ကို ဝိုင်းကြည့်ပြီးပြုံးစေ့စေ့လုပ်ကြ၏။ ကျွန်တော် တော်တော်ရှက်သွားသည်။

“လှောင်အိမ်မှာ သုတ်ထားတဲ့ ဆေးမခြောက်သေးဘူးလို့ ရေးထားတာဟ၊ ကျားသစ်ကိုယ်ပေါ်မှာ နင့်ကြီးဒေါ်ကြီးက ဆေးခြယ်ပေးမှာလား”

ကျွန်တော်က အသံခပ်အုတ်အုတ်ဖြင့် ပြောရင်း ထိုနေရာမှ ခပ်မြန်မြန်ခွာလာခဲ့သည်။ (စိတ်ထဲတွင် ဒီလောက်တောင် တုံးရလား ဟု မေးမေးပြီး နာရင်းကို ဆယ့်ငါးချက်လောက် ရိုက်ပစ်လိုက်ချင်နေသော်လည်း ကျိတ်မှိတ်မျိုသိပ်ထားရ၏။ ဒီနေ့ အဖို့ သူမကို ရည်းစားစကားပြောရဦးမည်မဟုတ်လား၊ သည်းခံ၊ သည်းခံဟု ကိုယ့်ကိုယ်ကို မနည်းသတိပေးနေရသည်) သူမက နောက်မှပြေးလိုက်လာရင်း

“ဒါက ဘယ်သွားဦးမလို့လဲ”

ဟုမေးသည်။ ကျွန်တော်က ပြီးစလွယ်

“မျောက်တွေကို သွားကြည့်ရအောင်”

ဟု ပြောလိုက်၏။ မျောက်ရုံရှေ့ရောက်သောအခါတွင်လည်း သူမပါးစပ်က ငြိမ်ငြိမ်မနေပါ။ မျောက်တွေကို ကျွန်တော် ငှက်ပျောသီးကျွေးနေသည်ကို ကြည့်ရင်း. . .

“မျောက်တွေကနင့်ကို. . . . တော်တော်ချစ်ပုံရတယ်နော်၊မင်းညီ”

“ဟုတ်တယ်. . . မျောက်တွေက ငါ့ကို သူတို့ရဲ့ ဦးလေးလို့ထင်နေပုံရတယ်”

ဩော်. . . . ဟုတ်လား”

သေလိုက်ပါတော့၊ တမင်အရွဲ့တိုက်ပြီး ပြောလို့လည်း ပြောမှန်းမသိ၊ ကျွန်တော့်ကို မျောက်တို့၏ ဦးလေးနှင့် သဏ္ဌာန်တူသော သတ္တဝါတစ်ကောင်အဖြစ် ထူးခြား အံ့ဩသလို မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေပြန်ပါသည်။

ကျွန်တော် စိတ်ပျက်လက်ပျက်ဖြင့် သက်ပြင်းတစ်ချက်ချလိုက်၏။ တော်ပြီ သင်းကို ရည်းစားစကားမြန်မြန်ပြောမှပဲ၊ ကြာရင်. . . သင်းရဲ့ ဆံပင် ကိုဆောင့်ဆွဲပြီး မျက်နှာကို ဒူးနဲ့တိုက်မိတော့မယ်။

"နှင်းဖြူ. . . ငါတို့ မြို့ထဲသွားပြီး ဆိုင်တစ်ဆိုင်မှာ အေးအေး ဆေးဆေး စကားပြောကြရအောင်"

"ကောင်းသားပဲ၊ ဘယ်ဆိုင်မှာထိုင်မလဲဟယ်. . . . အခုမှသတိရ တယ်။ ဒီဘက်အပေါက်ကထွက်ရင်လမ်းဆုံနားငါ့အဒေါ်ဆိုင်ရှိသားပဲ၊ အဲဒီမှာ သွားထိုင်ကြရအောင်"

အရေးထဲ ကြော်ငြာကဝင်နေပြန်ပြီဟု ကျွန်တော် စိတ်မရှည် စွာ တွေးလိုက်၏။ သူ့အဒေါ်ဆိုင်တွင် ကျွန်တော်ထိုင်ဖူးပါသည်။ လက်ဖက်ရည်၊ ကော်ဖီနှင့် အအေးပုလင်းကလွဲလျှင် ဘာမှမရသော ဆိုင်ဖြစ်ပြီး လက်ဖက်ရည်နှင့် ကော်ဖီတို့မှာလည်း သောက်၍မရနိုင် လောက်အောင် ညံ့ဖျင်းသည့် လက်ရာဖြင့် ဖျော်ထားခြင်းဖြစ်၏။

"ဟာ. . . ငါအဲဒီဆိုင်မှာ ထိုင်ဖူးပါတယ်၊ သောက်လို့ မကောင်းပါ ဘူးဟာ"

"နင်က. . . ဘာသောက်တာလဲ၊ လက်ဖက်ရည်လားကော်ဖီလား"

"ဘာမှန်းကို မသိပါဘူး၊ အရသာက သွားတိုက်ဆေး အရည် ဖျော်ထားသလိုမျိုးပဲ"

သူမ၏ မျက်နှာက ဝင်းပရွှင်လက်သွားပြီး

"ဟား. . . . ငါသိပြီ၊ အဲဒါ လက်ဖက်ရည်ပဲ၊ ကော်ဖီကျတော့ အဲဒီလို မဟုတ်ပါဘူးဟ၊ ဖိနပ်သုတ်တဲ့ကော်ကို ဖျော်ထားတဲ့ အရသာ မျိုး. . . . သိလား"

ထို့ခနဲ တံတွေးထွေးပစ်ချင်စိတ်ပေါက်သွား၏၊ သို့ရာတွင် ဘာမှ မတတ်နိုင်ပါ။ မအီမလည်နှင့်ပင် တိရစ္ဆာန်ဥယျာဉ်ထဲမှ ကျွန်တော်တို့ ထွက်ခဲ့ကြပါသည်။

လမ်းဆုံဆီသို့ရောက်သွားရန် ကျွန်တော်ခြေလှမ်းတွေ နှေးကွေး လျက်ရှိပါသည်။ "ဘယ်လို လမ်းကြောင်းလွှဲပစ်ရင် ကောင်းမလဲ"ဟု လမ်းတစ်လျှောက်နေတွေးလာရင်း ဟိုဧေးဒီဧေးဧေးနေမိ၏အဲသည်အခိုက်

http://www.cherrythitsar.org



မှာပင်. . . . . . .

ကိုအောင်မျှုးရှိန်မောင်းလာသောကားကို ဖျတ်ခနဲ လှမ်းမြင်လိုက်ရခြင်းဖြစ်၏။

*

အဖြစ်အပျက်က မြန်ဆန်လွန်းလှပါသည်။

*

ကျွန်တော် လှမ်းမြင်လိုက်သည့် စက္ကန့်ပိုင်းအတွင်းမှာပင်. . . .

မျက်နှာချင်းဆိုင်မှ လာနေသော ကားတစ်စီးနှင့် ကိုအောင်မျှုးရှိန်၏ကားက 'ဝုန်း' ခနဲ ခေါင်းချင်းဆိုင်ပြီး တိုက်မိလိုက်ပြီဖြစ်၏။

ကျွန်တော် အသိမဲ့စွာ ကြောင်ငေးရပ်ကြည့်နေမိသည်။

*

ရိုးစင်းလှသော တွေ့ဆုံမှုပင်ဖြစ်ပါသည်။ မျက်နှာချင်းဆိုင်မှ လာနေသောကားက ညာဘက်သို့ ရှောင်သည်။ ကိုအောင်မျှုးရှိန်ကားက ဘယ်ဘက်သို့ ရှောင်သည်။

ဆန့်ကျင်ဘက်လာနေကြခြင်းဖြစ်သောကြောင့် အရပ်မျက်နှာတစ်ဘက်တည်းဆီကို ပြိုင်တူရှောင်မိကြသလိုဖြစ်ပြီး တည့်တည့်ဝင်တိုက်လိုက်ကြခြင်းဖြစ်၏။

မေဘုန်းရှိန် ပြောခဲ့ဖူးသော စကားကို ရုတ်တရက် ကြားယောင်မိသည်။

*

ကျွန်တော် အခုမှ 'ဖျတ်ခနဲ' သတိရလိုက်မိ၏

ကိုအောင်မျိုးရှိန်သည် ဘယ်သန် တစ်ယောက်ဖြစ်ပါသည်။

ကျွန်တော်ရောက်သွားချိန်တွင် ကိုအောင်မျိုးရှိန် အသက်မရှိတော့ပါ။

■

http://www.cherrythitsar.org


(ငါး)

မေဘုန်းရှိန်၊နင်. . . ဒါဘာလုပ်တာလဲ၊ ဟင်. . . ဘာသဘော လဲ၊ ဟင်. . . ဘာသဘောလဲ၊ ပြောစမ်းပါဦး”

အသုဘရက်လည်ပြီး နောက်တစ်ညနေတွင်ဖြစ်သည်။

ကျွန်တော်က ပေါက်ကွဲ ရှူးသွပ်နေသလောက် မေဘုန်းရှိန် ကတော့ အေးတိအေးစက်မျက်နှာထားနှင့်ပင် ရှေးဟောင်း အီဂျစ်ပန်ကန် ကလေးကိုကိုင်လျက် ပန်းချီစတူဒီယိုထဲမှ ထွက်ခွာသွားသော ‘ထိပ်တင်ကြီး’၏ ကျောပြင်ကို မျက်တောင်မခတ်ငေးကြည့်နေ၏။

မေဘုန်းရှိန်လက်ထဲတွင်တော့ ထိပ်တင်ကြီး ပေးသွားခဲ့သည့် တစ်ထောင်တန် ငွေစက္ကူအရွက်တစ်ရာတိတိ။

“နင်. . . . ရှူးနေသလားမေဘုန်းရှိန်၊ အဲဒီပစ္စည်းကို နင်. . . အရမ်း မြတ်နိုးတယ်ဆို၊ ဘာဖြစ်လို့ ရောင်းလိုက်ရတာလဲ၊ ဒီငတုံးကိုနင်ပဲ အဲဒီစကားတွေပြောခဲ့ပြီး အခုကျမှ လွယ်လွယ်နဲ့ ရောင်းပစ်လိုက်တော့ နင်ပြောသမျှ စကားတွေက အပေါစားဖြစ်မသွားဘူးလား၊ဟင်. . . မေဘုန်းရှိန်. . . ပြောစမ်းပါဦး”

ကျွန်တော် သူမ၏ပုခုံးနှစ်ဖက်ကို ဆုတ်ညှစ်လှုပ်ကိုင်ရင်း မေး လိုက်သည်။ သူမက ကျွန်တော့်ကို စကားမတုံ့ပြန်။

ကျွန်တော်လက်တွေကို အသာအယာ ဖယ်ရှားပြီး ပန်းချီကား စတူဒီယိုရှေ့ရှိ ကွမ်းယာဆိုင်ကလေးဆီ တစ်လှမ်းချင်းလျှောက်သွား၏။ ထို့နောက် သူမ၏လက်ထဲမှ ပိုက်ဆံအားလုံးကို ကွမ်းယာဆိုင်မှ နှုတ်ခမ်းကွဲ နေသည့် ကလေးမလေး လက်ထဲသို့ ထည့်ပေးလိုက်သည်။

နှုတ်ခမ်းကွဲနေသည့် ကွမ်းယာသည်ချာတိတ်မလေးက မျက်ရည် တွေစီးကျရင်း အတင်းငြင်းဆန်နေသည်ကို ကျွန်တော်မြင်နေရ၏။

http://www.cherrythitsar.org



မြင်းကွင်းကကြေကွဲစရာကောင်းနေသည်။

ကျွန်တော် သူတို့အနီးသို့ရောက်သွားသောအခါ မေဘုန်းရှိန်၏ လေးလေးနက်နက်ပြောနေသည့် စကားသံကိုကြားရသည်။

"ယူပါ. . . ညီမလေးရယ်၊ဒီပိုက်ဆံကို စိတ်ချမ်းချမ်းသာသာနဲ့ လက်ခံလိုက်စမ်းပါ။ ပြီးတော့ ဟောဒီပိုက်ဆံနဲ့ ညီမလေးရဲ့ ကွဲနေတဲ့ နှုတ်ခမ်းလေးကို ပြန်ခွဲစိတ်ပြီး ချုပ်ဖြစ်အောင်ချုပ်ပါနော်၊ ဒါဟာ ကွယ်လွန်သွားတဲ့ အစ်ကိုကြီး အောင်မျိုးရှိန်ရဲ့ အင်မတန်ဖြူစင်တဲ့ စေတနာပါကွယ်"

*

အဖြူရောင်လွှမ်းမိုးနေသော အခန်းထဲတွင် ဖျော့တော့ဝေရီသည့် ဆည်းဆာအလင်းရောင်က အေးမြမြ မီးတောက်မီးလျှံတစ်ခုနှင့် တူနေ၏။ စားပွဲပေါ်ရှိ ပန်အိုးထဲတွင်နှင်းဆီ ပန်းတစ်ပွင့်က စိမ်းလန်းသော လက်ရင်းအရွက် သုံးလေးရွက် ဝန်းရံကာ လွှမ်းလွှမ်းဆွတ်ဆွတ်ရှိနေသည်။

မိုးကုတ်စက်ဝိုင်း အစပ်နားတွင် တောက်ပနေသော ညနေကြယ်ကို ပြူတင်းပေါက်မှ တစ်ဆင့်လှမ်းမြင်နေရ၏။

"ကိုကြီးအရက်ပြတ်သွားပုံက အဲဒီနှုတ်ခမ်းကွဲလေးက စတာပဲ မင်းညီ၊ လွန်ခဲ့တဲ့နှစ်ပတ်လောက်က ကိုကြီး. . . အိမ်ပြန်လာတယ်။ထုံးစံအတိုင်း မူးမူးရူးရူးနဲ့ပေါ့။

"ပြီးတော့. . . အဲဒီကွမ်းယာဆိုင်မှာ ကွမ်းယာဝယ်ရင်း'သမီး၊ သမီးရဲ့ နှုတ်ခမ်းအကွဲလေးကို ဆရာဝန်ဆီမှာ ခွဲစိတ်ပြီး ပြန်မချုပ်ချင်ဘူးလား"လို့ မေးတယ်၊ မင်းညီရယ်. . . နင်သိတဲ့အတိုင်း ကောင်မလေးက နောင်တစ်နှစ်၊နှစ်နှစ်ဆို အပျိုဖော်ဝင်တော့မှာ၊သူလည်း လှချင်ပချင်တဲ့ စိတ်ရှိမှာပေါ့"

"ကိုကြီးက **'အေး. . . . . သမီး. . . ဘာမှမပူနဲ့၊ မနက်ဖြန်ကစပြီး ဦးဦးအရက်ဖြတ်မယ်၊ အလုပ်လုပ်မယ်၊ ပိုက်ဆံရတာနဲ့ သမီး နှုတ်ခမ်းအကွဲလေးကို ပြန်ချုပ်ပေးမယ်'** လို့ ကတိပေးလိုက်တယ်"

http://www.cherrythitsar.org



"ဟိုက ကလေးဆိုတော့ လူကြီးပြောသမျှ ယုံတာပေါ့။ ယုံပြီးတော့ အရမ်းပျော်သွားတယ်၊ လာသမျှ လူတိုင်းကို အဲဒီအကြောင်းပြောပြပြီး သီချင်းဆိုလိုက်ရတာလည်း အမော"

ကျွန်တော် တစ်စုံတစ်ရာကို လွမ်းဆွတ်တသသလို ခံစားလိုက်ရသည်။ ကြင်နာမှုဆိုသည်မှာ မည်မျှပင် ခရီးဝေး၍ အချိန်ကြာမြင့်စေကာမူ နွေးထွေးသော အစွမ်းသတ္တိလျော့ပါးသွားခြင်းမရှိသည့်အကြောင်း နာလည်ရင်း ရင်ထဲမှာ ဆွတ်ဆွတ်ပျံ့ပျံ့ဖြစ်လာသည်။

မေဘုန်းရှိန်က. . .

"ငါ. . . သူ့ကို 'ကိုကြီး မူးမူးနဲ့ ဘာတွေလျှောက်ပြောနေတာလဲ၊ ကလေးဆိုတာ စွဲမိစွဲရာ ယုံတတ်တာမျိုး၊ တော်ကြာ. . . သူ့ကို စိတ်ဒဏ်ရာ ရသွားအောင် လုပ်လိုက်သလို ဖြစ်သွားရင် မကောင်းဘူးလို့' ပြောတော့ ကိုကြီးက ဘာပြန်ပြောသလဲသိလား"

ကျွန်တော်မဖြေ၊ မေဘုန်းရှိန်၏ စကားအဆက်ကို စောင့်နေလိုက်သည်။ နှင်းဆီရနံ့က သင်းပျံ့နေသည်။ 'လူ့ဘဝဆိုတာ ပုတ်သင်ညိုအမြီးလိုပဲ"ဟု ပြောခဲ့ဖူးသော ကိုအောင်မျိုးရှိန်ကို သတိတရစွာဖြင့် နှလုံးအိမ်သည် လေးလံနာကျင်နေသည်။

မေဘုန်းရှိန်က ဆက်ပြောသည်။

"ကိုကြီးကပြောတယ်။ **'ငါ့ဘဝ တစ်လျှောက်လုံးမှာ ကောင်းတာဆိုလို့ ဘာတစ်ခုမှ မလုပ်ခဲ့ဘူး၊ဒီနေတော့ ကလေးလေးတစ်ယောက် ပျော်ရွှင်သွားအောင် ငါလုပ်ပေးနိုင်ခဲ့ပြီ၊** ဟောဒီ ကြည်နူးမှုကို ငါပထမဦးဆုံးအကြိမ် ခံစားဖူးတာပဲ၊ ငါကတိပေးပါတယ် ညီမလေးရယ်. . . ။ ငါ တကယ် အရက်ဖြတ်မှာပါ၊ ပြီးတော့ အလုပ်လုပ် ငွေစုပြီး အဲဒီကောင်မလေးရဲ့ နှုတ်ခမ်းကွဲကလေးကို ချုပ်ဖြစ်အောင် ချုပ်ပေးမယ်တဲ့"

မည်းမှောင်နေသော ကောင်းကင်၏ အနားစပ် မိုးကုတ်စက်ဝိုင်းထောင့်တစ်နေရာစီတွင် လင်းလက်မှုတစ်ခုကို ကျွန်တော်မြင်လိုက်ရ၏။ မိုက်ကန်းရှုးသွပ်နေသော လူတစ်ယောက်၏ အနက်ရောင်နှလုံးသားတစ်နေရာမှာ 'လူသားဆန်သည့် ကြင်နာမှု' တစ်ခုရှိနေခဲ့ပါလား ဟူသော

http://www.cherrythitsar.org



အသိက ညနေကြယ်လို တောက်ပစွာနေ အလင်းရောင်ပေးနေသည်။

"အဲဒါပါပဲ. . . မင်းညီရယ်။ ဒါကြောင့်ငါအမြတ်နိုးဆုံးပစ္စည်းလေးကို ရောင်းပြီး ငါ့အစ်ကို လူမိုက်ကြီးရဲ့တစ်ခုတည်းသော ဆန္ဒကောင်းလေးကို ဖြည့်ဆည်းပေးလိုက်တာပါ"

ပုတ်သင်ညိုတို့၏ အမြီးတွေ ပြတ်ကျနေသည်။ ထိုနေရာတွင် ကံ့ကော်ပွင့်တွေ ပွင့်လာကြ၏၊ လမင်း၏အလင်းရောင်ထဲတွင် ရွက်လွှင့်သွားကြသော အိမ်မက်များသည်လည်းကောင်း၊ ဆောင်းဝတ်ရည်ဖြင့် စိုစွတ်နေသော ညများသည်လည်းကောင်း၊ နွေဦးတုနှောင်းခါနီးတွင် အိမ်ရာဆီ ပျံသန်းကြသော ရင်အုတ်ဝါဝါ ငှက်ကလေးများသည် လည်း၊ကောင်း၊ ကမ္ဘာကြီးကို နူးညံ့လှပစွာ ဖွဲ့စည်းပေးထားကြသည်။

*

လူတစ်ယောက်သေဆုံးသွားသည့်အခါ (ပုတ်သင်ညို၏ အမြီးသစ်ပေါက်သလိုမျိုး) အစားထိုးမှုတစ်ခုက ဝင်ရောက် နေရာယူနိုင်ပေလိမ့်မည်။ ထိုသူ့နေရာတွင် ကွက်လပ်မကျန်ရစ်အောင် ဖြည့်ဆည်း ဖျောက်ဖျက်ပစ်နိုင်ပေလိမ့်မည်။ သို့ရာတွင် **ထိုလူသား တစ်စုံတစ်ယောက်၏ 'စေတနာကောင်းဖြင့် ထားရစ်ခဲ့သည့် လုပ်ရပ်တစ်ခုတစ်ခု ' ကိုမူ အစားထိုးဖို့ သော်လည်းကောင်း၊ ဖျောက်ဖျက်ပစ်လိုက်ဖို့ကိုသော် လည်းကောင်း ဖြစ်နိုင်လိမ့်မည် မဟုတ်ဟု ကျွန်တော် ယုံကြည်နေမိပါတော့သည်။**

*

http://www.cherrythitsar.org



# အခန်း- ၃

(တစ်)

"ငွေကြေးချမ်းသာမှု" ဆိုသည်မှာ ချွေးနံ့ပျောက်ဆေး တစ်မျိုးပင် ဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ လူတစ်ယောက် ငွေကြေးပြည့်စုံလာပြီဆိုလျှင် ယခင်ကရှိခဲ့သမျှ အနံ့ဆိုးများကို (ခဏဖြစ်ဖြစ်) ဖုံးအုပ်ပစ်လိုက်နိုင်စွမ်းရှိသည် မဟုတ်လား။

အဲသည်အတွေးကို မေဘုန်းရှိန်အား ကျွန်တော်ပြောပြဖြစ်သည်။ သူမက (အသွားမြည့်မြည့် ဓားတစ်လက်ကို နေရောင်မှာ ကိုင်မြှောက်လိုက်သလို လက်မခနဲပြုံးလိုက်၏။ ဘာမှတော့ မပြော။ သူမက မည်သို့မျှ စကားမတုံ့ပြန်သည့်အတွက် ကျွန်တော် အနည်းငယ် ကသိကအောက် သလို ခံစားရသည်။ တကယ်ဆိုလျှင် တစ်ခုခုတော့ ပြန်ပြောဖို့ ကောင်းပါသည်။ကျွန်တော်က. . .

"ချမ်းသာတယ်ဆိုတာ. . . ပူလောင်ပါတယ်ဟာ"

"ဆင်းရဲတာဟာလည်း ပူလောင်တာပါပဲ. . . မင်းညီရယ်"

သူမက ဆွဲလက်စ ပုံတူပန်းချီကားကို နောက်သို့ ခြေတစ်လှမ်း ဆုတ်ကြည့်လိုက်သည်။ သူမ၏အာရုံက ပန်းချီကားထဲတွင်သာ လုံးဝ နစ်မြုပ်နေပုံမျိုး။

ယခုအချိန်တွင် ကျွန်တော်မကြည့်ချင်ဆုံးအရာ သုံးမျိုးကို ပြောပြပါဟု မေးလာလျှင် (၁)ကတုံးတုံး ထားသော မိန်းမလျှာ (၂)လိပ်ခေါင်းနှင့် (၃) ထိုပုံတူပန်းချီကားကတို့ဖြစ်ကြသည်ဟု ဖြေမိမှာ သေချာ

http://www.cherrythitsar.org



ပါသည်။

ထိုပုံတူ ပန်းချီကားသည် ထိပ်တင်ကြီး၏ အဘွားပုံဖြစ်ပါသည်။ သူတို့ကိုယ်သူတို့ ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသည်ဟု ပြောကြသည့် အတိုင်း(စော်ဘွားမျိုးရိုးလား ၊ မင်းဆွေမင်းမျိုးလား၊ တစ်ခုခုတော့ တစ်ခုခုပင် ကျွန်တော်သေချာမမှတ်မိတော့ပါ) မဟာဆန်ဆန် ဝတ်စား ဆင်ယင်ထားသည့် အဘွားကြီးတစ်ယောက်၏ အဖြူအမည်း ဓါတ်ပုံ ဟောင်းကြီးကို ကြည့်၍ ပုံတူပြန်ဆွဲဖို့ လာအပ်ခြင်းဖြစ်သည်။

"ပန်းချီဆရာတစ်ယောက်ရဲ့အလုပ်က လိုင်စင် ဓါတ်ပုံရိုက်ပေး တဲ့လူလို ပုံတူဆွဲပေးဖို့မဟုတ်ဘူး"

ဟု တစ်ချိန်က ပြောပြခဲ့ဖူးသော မေဘုန်းရှိန်သည် ထိပ်တင်ကြီးက သူ့အဘွား၏ပုံတူကို လာအပ်သောအခါ ဘာကြောင့် လွယ်လင့်တကူ လက်ခံလိုက်မှန်း ကျွန်တော် နားမလည်။ ကျွန်တော်က"မိဘက ပိုက်ဆံချမ်းသာရုံနဲ့ ဘဝင်လေဟပ်နေတဲ့ ထိပ်တင်ကြီးလို ကောင်မျိုးဆီက အလုပ်လက်ခံပြီး ပိုက်ဆံယူရမှာထက်စာရင် ကလေးအီးအီးတွေကို ဘူးနဲ့ပါကင်ထည့်ပြီး ထောပတ်သီးဖျော်ရည်လို့ ညာရောင်းပြီး စီးပွားရှာရတာ ပိုသန့်ရှင်းဦးမယ်"

သူမက ကျွန်တော်ကန့်ကွက်ချက်ကို လက်မခံပါ။ ခပ်မဲ့မဲ့ ပြုံးနေသည်ကိုသာ မြင်ခဲ့ရ၏။

မေဘုန်းရှိန်သည် 'ပိုက်ဆံ' တွင် သာယာနေသလား၊ စကားလုံး တင်တုရင်တုများဖြင့် (ရွှံ့စရာကောင်းလောက်အောင်) ပါးစပ်တန်ဆာ ဆင်ထားသည့် လေသံများတွင် သာယာနေသလား ကျွန်တော်မသိပါ။

ပြန်ခါနီးတွင် ကျွန်တော်က သူမကို နောက်ဆုံးမေးခွန်းတစ်ခု မေးဖြစ်အောင် ထပ်မေးလိုက်သေးသည်။

'ချမ်းသာလို့ ပူလောင်ရတာနဲ့၊ ဆင်းရဲလို့ ပူလောင်ရတာ၊ အဲဒီနှစ်ခုအနက် ဘယ်ဟာက ပိုပြီးပူလောင်သလဲ မေဘုန်းရှိန်"

သူမက ပုံတူပန်းချီကားပေါ်တွင် စုတ်တံဖြင့် ဆေးစက်တစ်စက် တို့လိုက်ရင်း ကျွန်တော်ဘက်သို့ လှည့်အကြည့်ဘဲ ပြောသည်။

"အဲဒီ အဖြေအတွက် နင့်ကိုငါ ပုံပြင်လေးတစ်ပုဒ်ပြောပြမယ်။

http://www.cherrythitsar.org



ဒါပေမယ့်. . . အခုတော့ မဟုတ်သေးဘူး၊ မနက်ဖြန်ကျမှ ပြောပြမယ်။ အခု တော့ဒီပုံတူကို အပြီးလက်စသတ်ရဦးမယ်ဟ၊ မနက်ဖြန် လာပို့မယ်လို့ ပြောထားတာ၊ ဩော်. . . . . ဒါနဲ့ မနက်ဖြန် ပုံတူသွားပို့တဲ့မခါကျရင် နင်လိုက်ခဲ့ဦးနော်. . . မင်းညီ”

■

http://www.cherrythitsar.org


(နှစ်)

ကျွန်တော်ကကျွန်တော်ကားစုတ်လေးကို လှည်းတန်ဘက်ဆီသို့ ဦးတည်လိုက်၏။ သည်အချိန်လောက်ဆို စံရိပ်ငြိမ်က မောင်မောင်အေး၏ ဗွီဒီယို အခွေငှားဆိုင်တွင် သူငယ်ချင်းတွေလူစုံနေလောက်ပြီဟု တွက်မိသည်။ ကျန်သည့် သူငယ်ချင်းတွေ မရောက်လျှင်တောင်မှ ကိုကျင်မောင် တစ်ယောက်တော့ ရောက်နေမှာ သေချာ၏။

ကိုကျင်မောင်က မောင်မောင်အေး၏ ဗွီဒီယို အခွေငှားဆိုင် ဖွင့်ထားရာလမ်းထဲရှိ အမျိုးသမီးဘော်ဒါဆောင်တွင် လာနေသော မော်လမြိုင်သူ ကောင်မလေးတစ်ယောက်ဆီမှ နှလုံးသားအလင်းရောင်ကို မြင်ရနိုးနိုး လာမျှော်နေကြဖြစ်သည်။(ညနေတိုင်း မပျက်မကွက် လာမျှော်ငေးမယ့်သာငေးနေသည် ယခုအထိ ကောင်မလေး၏ နာမည်ကို မသိရသေး။ ရံဖန်ရံခါများတွင် အဆောင်ဝရံတာဆီထွက်ပြီး လမ်းသွား လမ်းလာများကို ငေးနေတတ်သော ကောင်မလေးနှင့် အကြည့်ချင်းဆုံ၊ ပြုံးပြဖြစ်သည်ကလွဲ၍ သက်တန့်တွေဖြာနေသော ကောင်းကင်ကို မြင်ရ သလိုမျိုး အောက်မေ့နေ၏)

"ဒီလိုလေးပဲ ငေးကြည့်ခွင့်ရရုံနဲ့တင် ငါကျေနပ်ပါတယ်ကွာ၊ သူဟာ. . . ငါ့အတွက် မီးပြတိုက်လေးပါ"

"ကိုကျင်မောင့် ကောင်မလေးက မီးပြတိုက်တော့ ဟုတ်မယ် မထင်ဘူး"

မောင်မောင်အေးက သူ့စကားကို တမင်ဝင်နှောက်ယှက်သည်။ ဆက်၍. . . .

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် စာတိုက်မှာ စာထည့်ဖို့အသွား ကိုကျင်မောင့်ကောင်မလေးက အနီရောင်ဝမ်းဆက် ဝတ်စုံနဲ့လမ်းလယ်ခေါင်

http://www.cherrythitsar.org



မှာ ပါးစပ်ကြီးဖြဲပြီးသန်းနေတာ မြင်ရတော့ ကျွန်တော့်စိတ်ထဲ စာတိုက်ပုံး အောက်မေ့ပြီး သူ့ပါးစပ်ထဲ စာထည့်ပစ်ခဲ့မိတယ်. . . ဟဲဟဲ”

“တောက်. . . . မောင်အေး၊. . . မင်းကွာ”

ထိုနေ့မှစ၍ ကိုကျင်မောင့်ကောင်မလေးကို ကျွန်တော်တို့ သူငယ်ချင်း အားလုံးက ‘စာတိုက်ပုံး’ ဟု တညီတညွတ်တည်း ဝိုင်းပြီး ကင်ပွန်းတတ် လိုက်ကြသည်။

ကိုကျင်မောင်ကတော့ တဗျစ်တောက်တောက်နှင့်၊ ကျွန်တော်တို့ သူငယ်ချင်းတစ်အုပ်လုံးကိုလည်း သူစကားနိုင်လုပြီးမပြောနိုင်၊ စိတ်ဆိုးရန် မှာလည်း ညီအစ်ကိုရင်းတွေလို ခင်မင်နေကြသူတွေ (ကိုကျင်မောင်၏ ညီကျင်စိန်ကအထက်တန်းကျောင်းမှာကတည်းကကျွန်တော်တို့နှင့် တတွဲတွဲ ဆိုးဖော်တေဖက်တွေများဖြစ်ကြပြီး တကယ်အရေးအကြောင်းရှိလျှင် ကိုကျင်မောင်က သူ့ညီအရင်းထက်ပင် ကျွန်တော်တို့ကို ပိုပြီး သံယောဇဉ် တွယ်သေးသည်) ထို့ကြောင့် စကားဝိုင်းတိုင်းမှာပင် နောက်ဆုံး၌ ကိုကျင်မောင်ဘက်ကချည်း ကျွန်တော်တို့ကို လက်နက်ချရစမြဲဖြစ်၏။

ကျွန်တော်က. . . .

“ကိုကျင်ကလည်းဗျာ။ ဒီအသက်အရွယ်အထိ အေးအေး ဆေးဆေး လူပျိုကြီးလုပ်နေတာ. . . ဟုတ်ရဲ့သားနဲ့ အခုကျမှ ဘယ်လိုဖြစ်ပြီး ကောက်ခါငင်ခါ. . . . ချစ်သူရှာချင်ရတာလဲ”

“ဟ. . . မင်းဘာသိလို့လဲ၊ **ယောကျ်ားဆိုတာ မီးလိုပဲကွ၊ ဘေးကနေ ဂရုတစိုက် စောင့်ကြည့်ပေးမယ့်သူမရှိရင် ငြိမ်းသွား တတ်တယ်”**

သူ့အဖြေကြောင့် ကျွန်တော် ပခုံးတွန့်လိုက်မိသည်။ ဖြစ်တော့ ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။ သို့တိုင် ကျွန်တော့်စိတ်ထဲတွင်တော့ ယောကျ်ားနှင့်မိန်းမဆုံစည်းကြပုံမှာ ဖဲထုပ်တစ်ထုပ်ထဲက ဖဲချပ်များနှင့် တူသည်ဟု ထင်မိ၏။

ဖဲထုပ်ထဲတွင် ဟတ်(Heart)၊ ဒိုင်းမွန်း(Diamond)၊ညှင်းဟု ခေါ်သော ကလပ်(Club)နှင့်စပိတ်(Spede)တို့ပါဝင်ကြသည်မဟုတ်လား။

ယောကျ်ားနှင့် မိန်းမ စတင်ဆုံဆည်းကြသောအခါ အသည်း

http://www.cherrythitsar.org


နှလုံး ဆိုသော ဖဲချပ်ဖြင့် စတင်သည်။ နောက်ဒုတိယဖဲချပ် ဒိုင်းမွန်း (Diamond) ထွက်လာသည်။ (ဒိုင်းမွန်းဆိုသည်မှာ စိန်ဖြစ်လေသည်။ တစ်ဦးနှင့်တစ်ဦးနှင့် လက်ထပ်မင်္ဂလာပြုကြသည့်အခါ စိန်လက်စွပ်ဝတ်ပေးခြင်းကို ဆိုလိုပါသည်)

တတိယဖဲချပ်ဖြစ်သော ညှင်း (ခေါ်)ကလပ်၏အဓိပ္ပာယ်မှာ တင်းပုတ်။ တစ်ယောက်နှင့်တစ်ယောက် လက်ထပ်ပြီးသောအခါ တင်းပုတ်ဖြင့် ထုကြတော့သည်။ စတုတ္ထဖဲချပ်ကတော့ စပိတ်(Spade)၊ ဆိုသည်မှာ အမှိုက်ကျုံးသည့် ဂေါ်ပြား၊ နောက်ဆုံးတွင် အားလုံး အမှိုက်ပုံးထဲ ရောက်သွားရလေတော့သည်။

*

မောင်မောင်အေး၏ ဗွီဒီယိုအခွေငှားဆိုင်ရှေ့သို့ ကျွန်တော့်ကား စုတ်ကလေးကို ထိုးရပ်လိုက်သည်နှင့်တပြိုင်နက်၊ ဆိုင်ထဲမှ ကိုကျင်မောင်က အူယားဖားယား ပြေးထွက်လာသည်။

“ဟာ. . . . အတော်ပဲ မင်းညီ၊ မင်းမှာ ကားပါလာတာကိုး၊ လုပ်စမ်းပါကွာ ငါ့ကို. . . မြန်မြန်လိုက်ပို့စမ်းပါ”

“ဘာလဲဗျ၊ ကိုကျင်မောင့်ပုံစံက အလန့်တကြားနဲ့၊ ဘယ်ကို လိုက်ပို့ရမှာလဲ”

ကျွန်တော်အမေးကို ကိုကျင်မောင့်နောက်ဘက်မှ မောင်မောင် အေးက လှမ်းဖြေ၏။

“ကိုကျင်မောင့်ကောင်မလေးပေ့ါ။ မော်လမြိုင်ပြန်မလို့တဲ့၊အခု လေးတင် အထုပ်အပိုးတွေဆွဲပြီး ဘူတာကို ဆင်းသွားတယ်”

“ဟင်. . . ဟုတ်လား”

“အေးကွ၊ ငါလည်းဒီနေ့မှ နောက်ကျပြီး ရောက်လာတာ၊ ငါလည်း အရောက် သူစီးသွားတဲ့ တက္ကစီလည်းအထွက်ပဲ၊ ရိပ်ခနဲပဲ လှမ်းမြင်လိုက်ရတယ်၊ မောင်မောင်အေးပြောလို့သာ ဘူတာဆင်းသွားမှန်း သိရတာ”

http://www.cherrythitsar.org



"ကဲ. . . မင်းညီ၊ မောင်းလေကွာ၊ ဘူတာကို အမီလိုက်ရအောင်၊ မြန်မြန်. . . မြန်မြန်"

ကျွန်တော်က ယောင်နနဖြင့် စက်နှိုးပြီး ထွက်လိုက်သည်။ ကျွန်တော့်ကားစုတ်က တဖုံးဖုံး တဒိုင်းဒိုင်းမည်ကာ ဆောင့်ဆောင့် အောင့်အောင့်ဖြင့် လမ်းမပေါ် ခုန်ပေါက်သွား၏။

ကြာလာတော့. . . ၊ အသံမျိုးစုံဖြင့် ချက်ချင်းပဲ အသက်ထွက်သွားတော့မလို မချိမဆန့်ရုန်းကန်ပြီး ပြေးနေရသည့် ကျွန်တော်ကားစုတ်ကလေးကို ကျွန်တော် ပြန်သနားလာမိသည်၊ သို့တိုင် ကိုကျင်မောင်က

"ဟေ့ကောင်. . . မင်းညီမြန်မြန်မောင်းပါကွ၊ အရေးကြီးပါတယ်ဆိုနေမှ မင်းကားစုတ်ကလည်း ရေစည်လှည်းလောက်တောင် မမြန်ဘူး၊ မောင်း. . . မောင်း"

ပါးစပ်က တဗျစ်တောက်တောက် ရေရွတ်ရင်း လောနေသောကြောင့် ကျွန်တော် စိတ်တိုလာမိ၏။

"ကောင်မလေးသွားတာက ဘယ်လောက်ကြာပြီလဲ ကိုကျင်"

"ဆယ့်ငါးမိနစ်လောက်ရှိပြီကွ"

"သေချာတယ်၊ ဒါဆို မမီတော့ဘူး၊ အခုလောက်ဆို ရထားထွက်သွားရောပေါ့"

"ဟာကွာ. . . ၊ပါးစပ်ပုပ်ကြီးနဲ့"

ကိုကျင်က ညည်းညည်းညူညူပြောရင်း ကျွန်တော့်ကိုရော ကျွန်တော့်ကားစုတ်ကိုပါ တတွတ်တွတ် ကျိန်ဆဲနေသည်။

"နေစမ်းပါဦး ကိုကျင်ရဲ့၊ ရထားမှီတာပဲဖြစ်ဖြစ် မမှီတာပဲဖြစ်ဖြစ် ဘာထူးမှာမို့လို့လဲ၊ ကိုကျင်နဲ့ သူက ချစ်သူတွေလည်းမဟုတ် စကားတောင် သေချာမှ မပြောဖူးတဲ့ဥစ္စာ"

ဟုပြောလိုက်သောအခါ ကိုကျင်မောင့် မျက်နှာပေါ်တွင် မိုးသားတိမ်လိပ်တွေ မှိုင်းပျပျအုံ့လာသည်။ သူက တုံ့ဆိုင်းဆိုင်းဖြင့်. . .

"အေးကွာ၊ ငါ့အဖြစ်ကလည်း ချစ်တယ်ဆိုတာ ဖြူသလား၊ မည်းသလားတောင်မသိရသေးခင် မျှော်လင့်ချက်နဲ့ ဝေးရတဲ့ဘဝ"

သူ့အသံ ခပ်တိုးတိုး နားထောင်ရင်း(သူတကယ်ခံစားချက်ဖြင့်

http://www.cherrythitsar.org


ပြောနေမှန်းသိသောကြောင့်) ကျွန်တော် စိတ်မကောင်းဖြစ်လာသည်။ ကိုကျင်မောင်က ဆက်၍. . .

"အခု သူသွားမယ့် ရထားကို မှီလိုက်ချင်တဲ့အကြောင်းကလည်း အဲဒါကြောင့်ပဲကွ၊ သူမော်လမြိုင်ကို ခဏတဖြုတ်ပြန်တာလား၊ အပြီးပြန်တာလား။ ခဏပြန်တာဆိုရင် ကိစ္စမရှိပေမဲ့ အပြီးပြန်သွားတာဆိုရင်တော့ ငါသူ့ကို နောက်ဆုံးအကြိမ် အဖြစ် တွေ့ပြီး နှုတ်မဆက်လိုက်ရမှာစိုးမိတယ်ကွာ၊ အဲဒါ အစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးပဲ. . မင်းညီ"

ကားထဲသို့ တဝှီးဝှီးတိုးဝင်လာနေသော လေထုအရှိန်ကြောင့် သူ့စကားသံသည် တွန့်လိမ်လွင့်ပျယ်သွား၏။

*

ရန်ကုန်ဘူတာကြီးရှေ့သို့ ကားကိုထိုးရပ်လိုက်သည့်အခိုက်မှာပင် ဥသြဆွဲလျက် တရွေ့ရွေ့နှင့် တရွတ်တိုက် ထွက်ခွာသွားစပြုနေသည့် ရထားကြီးကို လှမ်းမြင်နေရသည်။ ကိုကျင်က ကားရပ်သည်အထိ မစောင့်ဘဲ ကားတံ ခါးကို ဝုန်းခနဲ ဖွင့်ကာ အလောတကြီးခုန်ချပြီးဘူတာရုံထဲ ဒလကြမ်းပြေးဝင်သွား၏။

နောက်ကျသွားပြီ။

ရထားကြီးကတရွေ့ရွေ့ထွက်ခွာသွားလေပြီ. . ။

စကြိန်သံစကာကို ကိုင်ကာမှီလျက် ငေးမောကျန်ရစ်ခဲ့သူက ကိုကျင်မောင်။ သူ့မျက်ဝန်းထဲတွင် မျက်ရည်တွေဝေ့ဝဲနေ၏။ ဝိုးဝါး ရီဝေနေသော အကြည့်ဖြင့် ဝေး၍ဝေး၍ သွားနေသော ရထားကြီး၏ နောက်မြီးဆီသို့ ငေးလျက်။

ကျွန်တော် တကယ်ပင် စိတ်မကောင်းဖြစ်မိသည်။ သူ့ပခုံးကို အသာအယာဖက်၍ အမူအရာဖြင့် အားပေးလိုက်သည်။(ပိုဆိုးသွားလိမ့်မည်ဟု ကျွန်တော် မမျှော်လင့်ထားရိုးအမှန်ပါ)

ကိုကျင်မောင်က ကျွန်တော်ကို ပြန်လည်ဖက်ပြီး ငိုပါတော့သည်။ ငိုကြွေးရင်း. . .

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



"ညီလေး. . . မင်းနားလည်လား၊ အချစ်ဆိုတာဟာ. . "

သူဘာတွေပြောမှန်းမသိ၊ ဗလုံးဗထွေးနှင့် ကျွန်တော်ကတော့ 'ဟုတ်ကဲ့၊ ဟုတ်ကဲ့' ဟု ပြောရှုံသာ တတ်နိုင်တော့သည်။

"နှုတ်ဆက်လက်ပြတယ်ဆိုတာ. . . ဝေးကွာခြင်းကိုပြတဲ့ မိုင်တိုင်အမှတ်အသားပဲ ညီလေး၊ အခု ကိုယ့်ရင်ထဲမှာ. . . "

ကျွန်တော်က ဟုတ်ကဲ့၊ ဟုတ်ကဲ့ နှင့်ထောက်ခံလိုက် သူကပြောလိုက်၊ မျောက်အိုကြီး မျက်စိသားရေကွင်းဖြင့် အပစ်ခံထားရသလို မျက်ရည်များ တွင်တွင်ကျလာလိုက်နှင့်. . . ။

ထိုစဉ် ကျွန်တော်တို့နံဘေး စကြ်န်သံစကာအနီးမှ ဖြတ်သွားသော ရထားဝန်ထမ်းတစ်ယောက်ကို ကျွန်တော်က ပါးစပ်ဆော့ပြီး လှမ်းမေးလိုက်သည်။

"နောင်ကြီး၊ စောစောကထွက်သွားတာ မော်လမြိုင်ရထားလား"

"အဟုတ်ဘူးဗျ၊ မန္တလေးအဆန်ရထား၊ မော်လမြိုင်ရထားက နောက်နာရီဝက်ကြာမှ ထွက်မှာ။ ဟိုဘက်စကြ်န်မှာ တွဲထိုးထားတယ်"

မီးရထားဝန်ထမ်း ပြန်ဖြေလိုက်သော စကားကြောင့် အလွမ်းပင်လယ်ထဲတွင် နစ်မြောလို့ကောင်းနေဆဲ ကိုကျင်မောင့်ပါးစပ်မှ 'အီ. . ' ဟူသောအသံ ခပ်အုပ်အုပ်ထွက်လာသည်။ သူ. . . တော်တော်ခိုးလို့ခုလု ဖြစ်သွားသည်။

ကျွန်တော်ကလည်း ရှုတ်တရက်မို့ စိတ်ကိုချုပ်တည်းမထားနိုင်ဘဲ မျက်နှာကို တည့်တည့်ကြည့်ကြည့်ပြီး အသံထွက်အောင်လွှတ်ခနဲ ရယ်လိုက်မိသည်။

"ဟဲ. . . ဟဲ"

သူရှက်သွား၏။

"ငါ့လခွေး၊ မင်းလုပ်ပုံက၊ စုံစမ်းရင်လည်း စောစောစီးစီး ကတည်းက စုံစမ်းပါတော့လား၊ အခုတော့ ငါ့မှာ. . . "

"မသိဘူးလေဗျာ၊ ကိုကျင်ဖာသာ ရထားကြီးထွက်သွားတာကို ကြည့်ပြီး ဘာမပြောညာမပြောနဲ့ ထိုင်ငိုနေတော့ ကျွန်တော်ကလည်း ထုံးစံအတိုင်း အလိုက်သင့်. . . "

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org


"တော်ကွာ. . တော်"

ကိုကျင်မောင်က ရှက်ရှက်ဖြင့် ဖိဟောက်ရင်း တစ်ဘက်စကြိန်ဆီ ကူးသည့် တံတားဘက်သို့ ခပ်သုတ်သုတ်ထွက်သွား၏၊ ကျွန်တော်က သူ့နောက်မှ အပြေးအလွှားလိုက်ရသည်။

"ဟော. . ဟိုမှာ၊ မြင်လား ကိုကျင်"

"ဟင်. . . ဘယ်မှာလဲ၊ ဘယ်မှာလဲ"

"ဟိုမှာလေဗျာ၊ အထက်တန်းတွဲ နံပါတ်(၂)မှာ၊ အစွန်ဆုံး ဒီဘက်ပြတင်းပေါက်နဲ့ ကပ်လျက်ထိုင်ခုံမှာ ထိုင်နေတာ ကိုကျင့် စာတိုက်ပုံးကလေး မဟုတ်လား"

"အေး. . . တွေ့ပြီ၊ တွေ့ပြီ၊ ငါဘာလုပ်ရမလဲဟင် မင်းညီ၊ ငါဘာလုပ်ရမလဲ . . . ပြောပါဦးကွာ"

တွေ့ပြန်တော့လည်း သူ့ထုံးစံအတိုင်း ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေပုံကို ကြည့်ကာ ကျွန်တော်စိတ်ညစ်ရသည်။

"ဘာလုပ်ရမလဲဗျ၊ ကိုကျင်ပဲ နှုတ်ဆက်ဖို့လိုက်လာတာဆို၊ သွားနှုတ်ဆက်ပေါ့"

"ဖြစ်ပါ့မလားကွာ၊ ငါနဲ့လည်း တစ်ခါမှ စကားပြောဖူးတာလဲ မဟုတ်"

"ဩော် . . . ခက်နေပြန်ပါပြီ၊ ခရီးသွားရင်း လမ်းမှာ စားဖို့သောက်ဖို့မုန့်၊ ရေသန့်ဘူးတို့ဝယ်ပြီး ကောင်မလေးကို သွားပေး၊ ပြီးရင် ဘာဘာညာညာ လျှောက်ပြောပေါ့ဗျာ"

"အေး၊ ဟုတ်တယ် မင်းပေးတဲ့ အကြံကောင်းတယ်"

ကိုကျင်က ဝမ်းသာအားရဖြင့်မုန့်ဆိုင်များဆီ အပြေးအလွှား ထွက်သွား၏။

ကျွန်တော်က ရထားတွဲနားကပ်သွားပြီး မယောင်မလည်နဲ့ အခြေအနေကို အကဲခတ်ကြည့်လိုက်သည်။

ကောင်မလေးဘေးမှ ထိုင်ခုံတွင် နေရာလွတ်နေ၏၊ ကောင်မလေးနှင့် မျက်နှာချင်းဆိုင်တွင်ကား ပြတင်းပေါက်နှင့် ကပ်လျက်ထိုင်ခုံတွင် အသက်(၅၀)ကျော်ခန့် ထိပ်ပြောင်ပြောင်လူကြီးတစ်ဦးနှင့် နံဘေးတွင်

http://www.cherrythitsar.org


ကုလားကြီးတစ်ယောက်။

အခြေအနေအားလုံးကောင်းနေ၏။

ထိုစဉ် ကိုကျင်မောင်တစ်ယောက် လက်ထဲတွင် မုန့်ထုပ်နှင့် သောက်ရေသန့်ဘူးများကို မနိုင်မနင်းသယ်ကာ ပြန်ရောက်လာသည်။ ကျွန်တော်က မျက်ရိပ်ပြလိုက်ရာ ကိုကျင်မောင်သည် ရထားတွဲပေါ် စွေ့ခနဲ တက်သွားပြီး ကောင်မလေးဘေးရှိ လွတ်နေသောခုံတွင် ဝင်ထိုင်လိုက်သည်။ ထို့နောက်. . .

"ရော့ ညီမလေး၊ လမ်းမှာ. . . အဆာပြေစားဖို့ မုန့်တွေ"

သည်အထိတော့ အဆင်ပြေနေပါသေး၏။ ကောင်မလေးက ကြောင်အမ်းအမ်းဖြင့် လှမ်းကြည့်ပြီး ကိုကျင်မောင် အတင်းထိုးပေးသည့် မုန့်ထုပ်များကို ဘုမသိ ဘမသိ ကိုင်ထားရင်း "ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်" ဟု ပြန်ဖြေသည်။

"ညီမလေး. . . အခု မော်လမြိုင်သွားမှာက အပြီးပြန်တာလား၊ ခဏလား"

"တစ်ပတ်၊ နှစ်ပတ်လောက်ပါပဲ"

"သြော်. . . မေ့နေလို့၊ ရော့ ပေါဒီမှာ အစ်ကို့ လိပ်စာကတ်ပြား၊ အဲ အဲ. . . ပြီးတော့ ဟိုဒင်းဘာပါလိမ့်"

ပြီးပြီ ပြီးသွားပြီ၊ ကိုကျင်မောင်မှာ ပြောစရာစကား ဘာမှမကျန်တော့။ "ဒါပဲနော်၊ သွားတော့မယ်" ဟုပြောပြီး ပြန်ဆင်းလာခဲ့လို့လည်း မဖြစ်၊ ရထားထွက်ဖို့ အချိန်ကလည်းလိုသေးသည်။ ဘာစကားတွေ ဆက်ပြောရမလဲမသိ၊ အူကြောင်ကြောင်နှင့်. . . ။

ကိုကျင်မောင် ချွေးတွေပြန်လာသည်။ "ဘာဆက်ပြောရင် ကောင်းမလဲ" ဟု အပြင်းအထန်စဉ်းစားရင်း အကြံထုတ်နေ၏။ ကြောင်စီစီ နှင့်ခေါင်းကလေး ချာလည်ချာလည် မျက်လုံးလေး ပြာလတွတ်၊ ပြာလတွတ်လုပ်ပြီး စဉ်းစားနေခိုက် သူ့ကောင်မလေးနှင့် မျက်နှာချင်း ဆိုင်တွင် ထိုင်နေသည့် ခရီးသည်နှစ်ဦးကို သတိထားလိုက်မိသောအခါ ဖျတ်ခနဲ အကြံပေါ်လာပြီး. . .

"သြော်. . . ဒါနဲ့၊ ဒီက အန်ကယ်တို့ကိုလည်း အပ်ခဲ့ရဦးမယ်။

http://www.cherrythitsar.org



ဟောဒါက ကျွန်တော့် ညီမလေးပါ။ ခရီးသွားတုန်း အန်ကယ်တို့ကလည်း ကျွန်တော်ညီမလေးကို ဝိုင်းပြီး စောင့်ရှောက်ပေးကြပါဦးနော်”

ထိပ်ပြောင်ပြောင်နှင့်လူကြီးက. . .

“အေးပါကွာ၊ စောင့်ရှောက်လိုက်ပါ့မယ်၊ အယ်. . . အယ်”ဟု ပြောလိုက်ပြီးမှ ဖျက်ခနဲသတိရသွားပြီး ဒေါသဖြင့် ဝေါက်ခနဲ ထကာ. .

“အောင်မာ၊ ဒါ. . ငါ့သမီးကွ”

“ဗျာ”

“လက်ဆောင်တွေ ဘာတွေလာပေးနေတော့ ငါသမီးရဲ့ သူငယ်ချင်းလို့အောက်မေ့ပြီး ကြည့်နေတာ၊ လက်စသပ်တော့”

ကိုကျင်မောင် ရထားပေါ်မှ လွှားခနဲ ခုန်ချလိုက်ပြီးသည့်နောက်. . ။ ကျွန်တော်တို့နှစ်ယောက်စလုံး ခွေးပြေးဝက်ပြေး။

*

ဘူတာကြီး အပြင်ဘက်ရောက်မှ အရှိန်သတ်ပြီး အမောဖြေနိုင်ကြသည်။ ကိုကျင်မောင်ကကားပေါ်တွင် ပစ်ထိုင်ချလိုက်ပြီး ဟောဟဲ. . . ဟောဟဲ ဖြင့် အသက်ကို အနိုင်နိုင်ရှူရင်း. . .

“ဟိုကောင် မောင်မောင်အေးတို့အုပ်စု ငါ့ကို ချောက်တွန်းလိုက်တာကွ၊ ကောင်မလေးနဲ့အတူ သူ့အဖေကြီးပါသွားတာ ငါ့ကို ထည့်မပြောလိုက်ကြဘူး”

“သေလိုက်ပါတော့ ကိုကျင်ရယ်၊ နောက်လည်း ဆက်ကြိုးစားမနေပါနဲ့တော့ဗျာ၊ ကိုကျင့်လိုထူပုံအပုံနဲ့ဆိုရင် ဒီတစ်သက်မပြောနဲ့ နောက် ဆယ်သက်ကြိုးစား လည်းရမှာ မဟုတ်ဘူး။ ပင်ပန်းတာပဲ အဖတ်တင်မယ်”

ကိုကျင်မောင်က သက်ပြင်းကို မှုတ်ထုတ်လိုက်ရင်း. . .

“ဟင်း. . . . **လူတစ်ယောက်ကို ချစ်ဖို့ ကြိုးစားရတာ ပင်ပန်းလိုက်တာကွာ၊** အင်းလေ. . . **မုန်းဖို့ကြိုးစားရတာဟာလည်း ပင်ပန်းတာပါပဲ၊** ငါမှသူ့ကို မမုန်းနိုင်တဲ့ဥစ္စာ”

ကျွန်တော်က မေဘုန်းရှိန်ကို မေးခဲ့သော မေးခွန်းမျိုး

http://www.cherrythitsar.org



ကိုကျင်မောင့်ကို မေးကြည့်လိုက်၏။ "ချစ်ရဘို့ ပင်ပန်းတာ. . . နဲ့၊ မုန်းရဘို့ ပင်ပန်းတာ၊ ဘယ်ဟာက ပိုဆိုးသလဲ ကိုကျင်"

ကိုကျင်မောင်က ခဏမျှငိုင်ပြီး စဉ်းစားနေသည်။ နောက်မှ. . .

"တိတိကျကျ ပြောဖို့ခက်တယ်ကွ၊ ငါ့နှလုံးသားရဲ့ အဖြေကို ဘာသာပြန်ရမယ်ဆိုရင်. . ."

"ဘာသာပြန်မနေပါနဲ့တော့ ကိုကျင်ရယ်၊ အိမ်ပဲပြန်ကြရအောင်'

■

http://www.cherrythitsar.org


(သုံး)

"နင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ. . . မင်းညီ"

"ဘယ်လိုဖြစ်ရမလဲဟ၊ အဲဒီထိပ်တင်ကြီးဆိုတဲ့ကောင်ကို ငါကြည့်လို့မရမှန်း နင်သိသားနဲ့ ဒီကောင့်အိမ်သွားဖို့ ငါ့ကိုမှ လိုက်ပို့ခိုင်းရက်တယ်"

"အောင်မယ်၊ မကြီးကျယ်စမ်းပါနဲ့ဟာ၊ ငါကလည်း နင့်ကိုပို့ခိုင်းချင်လွန်းလို့ မဟုတ်ပါဘူး၊ ငါ့မှာ. . . ကားမရှိတော့လို့ပါ"

မေဘုန်းရှိန်၏ကားက သူ့အစ်ကိုကြီး အောင်မှူးရှိန်ကားအက်ဆီးဒင့်ဖြစ်ပြီး လူလည်း အသက်ဆုံးရှုံးရသလို ကားကလည်း ပျက်စီးသွားခဲ့သည်။ သူမက ကားရှေ့ခန်းတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်ရင်း အဘွားကြီး၏ ရှေးဟောင်းဓာတ်ပုံကြီးကို ကျွန်တော့်ပေါင်ပေါ် ပစ်တင်လိုက်၏။

ပုံတူ ပန်းချီကားကိုတော့ သူမလက်ထဲမှာပင် ပွေ့ပိုက်ထားသည်။ မေဘုန်းရှိန်က ကားတံခါးကို ဆောင့်ပိတ်လိုက်ရင်း. .

"နောက်ပြီးတော့ အခုသွားမယ့် ကျောက်မြောင်းကလမ်းတွေကို ငါသိပ်ကျွမ်းတာမဟုတ်ဘူး။ နင်က ကျောက်မြောင်းမှာ တစ်နှစ်လောက်နေခဲ့တာဆိုတော့. . . "

"ဘာ. . . ထိပ်တင်ကြီးတို့က ကျောက်မြောင်းမှာ နေတာဟုတ်လား၊ ငါဒီကောင့်ကိုဟိုတုန်းက တစ်ခါမှလည်း မတွေ့မိပါလား"

လွန်ခဲ့သည့်နှစ်နှစ်ခန့်က ကျွန်တော့်သူငယ်ချင်းဝေဠု၏Apple ကွန်ပျူတာစာစီနှင့်မိတ္တူကူးလုပ်ငန်းတွင် ဝင်ကူညီရင်း ကျောက်မြောင်း၌ ကိုယ့်အိမ်ကိုယ်လို နေခဲ့ဖူးသည်။ ဝေဠုနှင့်ပေါင်းပြီး ပေါက်တတ်ကရတွေ စုံအောင်လုပ်ဖူးသည်။ အရှုပ်ထုပ်တွေကို ဖွခဲ့ဖူးသည်။ သူတပါးဒုက္ခရောက်အောင်လည်း ချောက်တွန်းခဲ့ဖူးသည်။

http://www.cherrythitsar.org



"ဘယ်တွေ့ဖူးမှာလဲ၊ အဲဒီအချိန်လောက်တုန်းက ထိပ်တင်ကြီးက ဩစတြေးလျမှာပဲ ရှိနေဦးမှာ၊ သူပြန်ရောက်တာ ရှစ်လ၊ ကိုးလလောက်ပဲ ရှိသေးတယ်လို့ ပြောတယ်"

မေဘုန်းရှိန်၏ စကားများကို ကျွန်တော် စိတ်မဝင်စားနိုင်၊ 'ထိပ်တင်ကြီး၏ မိသားစုဝင် တစ်ယောက်ယောက်သည် ကျွန်တော့် ဒုက္ခပေးခဲ့ဖူးသူ ဖြစ်နေခဲ့လျှင်. . ' ဟူသောအတွေးဖြင့်ချောက်ချားတုန်လှုပ် လာ၏။

"နင်. . . အခု သွားမယ့်လိပ်စာငါ့ကို ခဏပြစမ်း မေဘုန်းရှိန်"

ကျွန်တော်က ကားစတီယာရင်ကို လက်တစ်ဘက်ဖြင့် ထိန်းရင်း မေဘုန်းရှိန်လှမ်းပေးသော စာရွက်ကို ယူကြည့်လိုက်၏။

ကျွန်တော်မျက်စိထဲတွင် လင်းခနဲ မှောင်သွားသည်။

"ဟိုက်. . . ငါထင်တဲ့အတိုင်းပဲ"

"ဟင်. . . ဘာဖြစ်လို့လဲ မင်းညီ၊ နင်ဘာတွေ ရှုပ်ထားပြန်ပြီလဲ"

မေဘုန်းရှိန်က အလန့်တကြားမေးသည်။

"ဒီမှာလေ၊ ဒေါ်ထိပ်တင်ကြွယ်ဆိုတာ"

"အဲဒါ. . . . ထိပ်တင်ကြီးရဲ့အမေလေ"

"အေး၊ အဲဒီမိန်းမကြီးပေါ့၊ ပိုက်ဆံချမ်းသာသလောက် တခြား သူတွေအပေါ် တော်တော်စီးပိုးချင်တဲ့ မိန်းမကြီး၊ အကြွားကလည်း သန်သေးတယ်။ နောက်ပြီးရပ်ကွက်ထဲမှာ ထစ်ခနဲရှိရင်. . သူပဲ၊ ပြဿနာ သိပ်ရှာချင်တဲ့ မိန်းမကြီး"

"ဩော်. . . နင်နဲ့ ပြဿနာတက်ထားဖူးပြီပေါ့၊ ဟုတ်လားမင်းညီ"

ကျွန်တော် နည်းနည်းတော့ စိတ်ရှုတ်သွားသည်၊ သူမကို ဘယ်လိုရှင်းပြရမှန်းပင် မသိတော့။

"ဒေါ်ထိပ်တင်ကြွယ်နဲ့ တိုက်ရိုက်တော့ မပတ်သက်ဘူးဟ၊ ဒီလိုလေ အဲဒီမိန်းမကြီးမှာ မောင်တစ်ယောက်ရှိတယ်၊ ကိုထိပ်တင်မျိုးတဲ့၊ အဲဒီလူက. . . အရက်သမား၊ ခွက်ပုန်း"

"အဲဒီ. . အရက်သမားက နင်တို့နဲ့ တွဲမိရောဆိုပါတော့"

"ဟုတ်တယ်၊ အင်း. . . ရှင်းပြရရင်တော့ဟာ အဲဒီတုန်းက ကထိန်ပွဲ

http://www.cherrythitsar.org

တစ်ရက်ပေါ့”

*

ဖျော်ရည်၊ အအေးစုံနှင့် ယမကာပါ(တိတ်တိတ်ပုန်း)တွဲရောင်းသော လမ်းဘေးဆိုင်ကလေးထဲတွင် ကျွန်တော်၊ ဝေဠုနှင့် ကိုထိပ်တင်မျိုးတို့သုံးဦးမှ တစ်ပါး အခြားဝိုင်းများမရှိ လူသူရှင်းနေ၏။ ကိုထိပ်တင်မျိုးက

“ညီလေး. . . ဝေဠု တစ်ပိုင်းလောက်ထပ်မှာဦးကွာ”

“ဟာ. . . ကိုမျိုးကလည်း အခုတောင် ရေချိန်လွန်နေပြီဥစ္စာ၊ ထပ်သောက်ဦးမလို့လား”

“အေ့. . . လုပ်ပါကွ၊ ညီလေးကလည်း အစ်ကို့မှာ မင်းတို့ပြုစုတုန်းလေးပဲ ဝအောင်သောက်ရတာ၊ ကျန်တဲ့အချိန်ဆို အေ့. . ငါ့အစ်မကပ်စေးနဲကြီးက အရက်သောက်တာ ဆွေဂုဏ်၊ မျိုးဂုဏ် ထိခိုက်တယ်လေး၊ ဘာလေးနဲ့ ညနေညနေဆို တစ်ပက်နှစ်ပက်စာဖိုးလေးရဖို့တောင်မနည်းတောင်းရတာ”

သူပြောတာလည်း ဟုတ်သင့်သလောက် ဟုတ်သည်။ သို့သော်သူကိုယ်တိုင်ကလည်း ဘာအလုပ်မှ မည်မည်ရရလုပ်သည်ကို မတွေ့ရ၊ သည်တော့ ပိုက်ဆံမရှိတာ မဆန်း၊ ကျွန်တော်တို့က ဒကာခံပြီဆိုလျှင်တော့ အရက်ကို ကြွက်တွင်းလို သောက်တော့သည်။

အခုလည်း နောက်ထပ်လာချသော အရက်တစ်ပိုင်းကို တဂွပ်ဂွပ်နှင့် မနားတမ်းမော့ချလိုက်ပြန်သည်။ ရေချိန်က ကိုက်သည့်အပြင် ဟိုဘက်နှစ်ပြန်စာလောက်လွန်နေပြီ။ လူပုံစံကလည်း မဟန်နိုင်တော့။ မူးမူးနှင့် ဘာပြဿနာတက်လာဦးမည်မသိ၊ သဒ္ဒါလွန်ပြီး အရက်ခေါ်တိုက်မိသော ကိုယ့်ကိုယ်ကိုပင်ပါးကို ငါးချက်ရိုက်၊ ခြေထောက်ဖြင့် ခုနှစ်ချက်ကန်၊ ထီးဖြင့် ဗိုက်ကို ဆယ်ချက်ခန့် ဆောင့်ထိုးပစ်လိုက်ချင်စိတ်ပေါ်နေသည်။

ဝေဠုကိုလှမ်းကြည့်လိုက်တော့ သူလည်းကျွန်တော့်လိုပင်တော်တော်စိတ်ညစ်နေပုံရ၏။ ကိုထိပ်တင်မျိုးကအရက်တွေ ပေကျံကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



နေသော သူ့နှုတ်ခမ်းကို လက်ဖမိုးဖြင့် သုတ်လိုက်ရင်း. . .

"အေ့. . . မင်းတို့ ဂုဏ်ယူကြစမ်းပါကွ၊ ငါဆိုတဲ့ကောင်က တော်ရုံတန်ရုံလူတိုက်တဲ့ အရက်ကို သောက်တာမဟုတ်ဘူး၊ မင်းတို့နှစ်ယောက် အေး. . . မင်းတို့နှစ်ယောက်ကို ငါက. . . သဘောကျလို့ သိလား"

တောက်. . . ဖြစ်မှဖြစ်ရလေ၊ မြန်မာပြည်မှာ လူဦးရေသန်းငါးဆယ်ကျော်ရှိပါလျက်နဲ့ ငါတို့နှစ်ယောက်ကိုမှ ရွေးပြီး သဘောကျရတယ်လို့၊ ငါတို့ကံနှယ် ဆိုးလိုက်လေ။

ကိုထိပ်တင်မျိုးက မူးမူးဖြင့် နောက်ထပ် လန်ဒန်စီးကရက်တစ်လိပ်ကိုကောက်ယူမီးညှိ(ဒီတလိပ်နှင့်ပါဆိုလျှင်သူသောက်နေသည်မှာ စီးကရက်ခုနှစ်လိပ်ခန့်ရှိသွားပြီ) လိုက်ရင်း. . .

"မင်းတို့ဟာ. . . လူတော်လေးတွေကွ၊ ရှားတယ်၊ ရှားတယ်"

"ပြောတာလည်း. . . ပြောပေါ့ ကိုမျိုးရယ်။ စီးကရက်တော့ လျှော့သောက်ဗျာ။ လန်ဒန်တစ်လိပ် သုံးဆယ့်ငါးကျပ်ဖြစ်နေပြီ"

"ဟုတ်လိုက်လေ. . . အေ့. . ဝေ့၊ အဲဒါကြောင့် ရှားတယ်လို့ ပြောတာပေါ့"

ဝေဠုပါးစပ်ပိတ်သွားသည်။

ကိုထိပ်တင်မျိုးက ဖန်ခွက်ထဲတွင် အကပ်အသတ် ကျန်နေသေးသော အရက်အနည်းငယ်ကို ထပ်မော့လိုက်ပြီး အသံပြဲကြီးဖြင့် အင်္ဂလိပ်သီချင်းတစ်ပုဒ်ကို ကောက်ဆိုလိုက်သည်။

"အွန် အေ ဒတ်(စ်)ဒီး ဇတ်ဟိုက်ဝီး"

တံတွေးစက်တွေက ကျွန်တော်မျက်နှာကို ဖတ်ခနဲလာစင်၏။ ကျွန်တော် ရွံရှာစွာဖြင့် သုတ်ပစ်လိုက်ရသည်။ သူကမူးမူးဖြင့်

"ကဲ. . . . ဘယ်လောက်လှတဲ့စာသားလဲကွာ၊ အဲ့. . . အဲ့. . . ငါအင်္ဂလိပ်သီချင်းတွေ အများကြီးရတယ်ကွ၊ ဆိုပြရမလား"

"ဟာ. . ဟာ၊ နေပါစေ. . မဆိုပြပါနဲ့"

"တကယ်တော့ မင်းတို့. . မသိလို့သာ။ ငါက. . အနုပညာဗီဇ အင်မတန်ကြီးမားတာကွ၊ ပါရမီအခံကောင်းတယ် ဆိုရမှာပေါ့ကွာ။ အဲ. . . . "

သူပြောနေစဉ်မှာပင် ကထိန်လှည့်ရာတွင် ဒိုးပတ်ဝိုင်းက ဆူညံစွာ

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



တီးမှုတ်လျက် ဆိုင်အနီးသို့ရောက်လာ၏။ လှမ်းကြည့်လိုက်သောအခါ စာရေးဆရာ မောင်နန်းမိုးတို့ ကိုကျော်သီဟ(ဟသ်တ)တို့ အုပ်စုကိုလည်း တွေ့ရသည်။ လူပုံစံတွေကလည်း ယိုင်တိယိုင်ထိုးနှင့်. . ။

တီးနေသမျှ ဒိုးပတ်သံ။ လင်းကွင်းသံ တို့ကလည်း သီချင်းပီပီ၊ စည်းဝါးကျကျပင် မမြည်နိုင်တော့။ "ဒုံး ဒုံး ဂွမ်း၊ ဒုံး ဒုံး ဂွမ်းဟူသော အသံကိုသာကြားရ၏။

သူတို့အားလုံးသည် ရေချိန်လွန်ပြီး မူးနေကြပြီ၊ ချီးကျူးစရာ တစ်ချက်က သည်လူတစ်သိုက်လုံး လူမှန်းသူမှန်းမသိလာက်အောင် မူးနေကြသော်လည်း ပါးစပ်နှင့်လက်ကတော့ အဆို အတီးမပျက်၊ "ဟေး လား. . မောင်ရို့. . . . ဝါး၊ ဒုံး ဒုံး ဂွမ်း၊ ဒုံး ဒုံး ဂွမ်း" နှင့် ထင်ရာမြင်ရာ နှက်နေကြဆဲ။

သူတို့ ဒိုးပတ်ဝိုင်းကိုတွေ့လိုက်သည်နှင့် ကိုထိပ်တင်မျိုးက ငေါက်ခနဲ မတ်တတ်ရပ်လိုက်ပြီး. . .

"ဟား. . . အတော်ပဲ၊ အဲဒီဒိုးပတ်ဝိုင်းမှာ ငါဝင်ကမယ်ကွာ"

"ဗျာ"

ကျွန်တော်တို့ မတားလိုက်နိုင်ခင်မှာပင် ကိုထိပ်တင်မျိုးသည် ပုဆိုးကို စလွယ်ကွင်းသိုင်းလိုက်ပြီး ဒိုးပတ်ဝိုင်းရှေ့သို့ လွှားခနဲခုန်ဝင် သွားကာ ကွေးနေအောင် ကတော့သည်။

သူ့ကိုခေါ်ထုတ်ဖို့ ကျွန်တော်က ခြေလှမ်းတိုးလိုက်သော်လည်း ဝေဠုက ကျွန်တော့်လက်ကို ဖမ်းဆွဲပြီး တားထားလိုက်၏။

"နေပစေ၊ လွှတ်ပေးလိုက်။ သူ့အရှိန်နဲ့သူ ပါသွားလိမ့်မယ်။ နို့မို့ဆိုရင် မင်းနဲ့ငါ သူ့ကိုထမ်းပြီး အိမ်ပြန်ပို့ရမှာကွ။ ဒေါ်ထိပ်တင်ကြွယ်ကြီးက ငါတို့ကို ဆဲလိမ့်မယ်"

ကိုထိပ်တင်မျိုးက ဒိုးပတ်ဝိုင်း၏ ရှေ့ခပ်လှမ်းလှမ်းမှ အားပါးတရ ကရင်း ကျောက်မြောင်း လမ်းမကြီးအတိုင်းတရွေ့ရွေ့တရွေ့။

သူ့ကိုငေးရင်း ကျွန်တော်တို့နှစ်ယောက်သား နေရာတွင်ပင် ကျန်ရစ်ခဲ့သည်။

*

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ကျောက်မြောင်းလမ်းမကြီးအတိုင်း ဒိုးပတ်ဝိုင်းနှင့်အတူ ပါသွားသော ကိုထိပ်တင်မျိုးကား သူ၏ အနုပညာ အရည်အသွေးကို အစွမ်းကုန်ပြသလျက် မျောက်တစ်ကောင်လို ခုန်ပေါက်ပြီး၊ အနူတစ်ယောက်လို ကွေးကောက်နေအောင် ကနေပေတော့၏။

ဒိုးပတ်အဖွဲ့ကလည်း လူစုံတက်စုံ ခြေလွတ်လက်လွတ် မူးနေကြပေရာ သူ့ကို မည်သူကမှ သတိမထားမိကြချေ။

အတော်ကြာသည်အထိတော့ အဆင်ပြေနေသေး၏။

ကျောက်မြောင်းလမ်းမကြီးနှင့် သီတာလမ်းတို့ဆုံရာလမ်းခွဲသို့ ရောက်သောအခါတွင်ကား. . . .။

*

လမ်းခွဆုံသို့ရောက်သောအခါ. . . .။

ဒိုးပတ်အဖွဲ့က(သူတို့အစီအစဉ်၊ သူတို့လမ်းကြောင်းအတိုင်း) သီတာလမ်းထဲသို့ ချိုးကွေ့ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

ရှေ့မှ ကိုထိပ်တင်မျိုးကတော့ 'က' ကောင်းကောင်းဖြင့် ကျောက်မြောင်းလမ်းကြီးအတိုင်းသာ တဖြောင့်တည်း ဆက်၍ ဆက်၍. . .၊

သူနောက်မှာ ဒိုးပတ်အဖွဲ့ ပါမလာတော့သည်ကို သတိလည်း မထားမိ၊ နောက်ကိုလည်း လှည့်မကြည့်၊ လမ်းမကြီးပေါ်တွင် သူတစ်ယောက်တည်း ထင်းထင်းရှင်းရှင်း။ ကျောက်မြောင်းလမ်း တစ်လျှောက်လုံး အားပါးတရကွေးနေအောင်ကရင်းဆက်လက်ချီတက်သွားလေတော့သည်။

*

“အဲဒါပါပဲဟာ. . . . ဒေါ်ထိပ်တင်ကြွယ်ကြီးက လမ်းပေါ်မှာ တစ်ယောက်ထဲ ချာလည်ပတ်လှည့်ကပြီး ပြန်လာတဲ့ သူ့မောင်ကိုလည်း တွေ့လိုက်ရော ခုနှစ်သံချီ ဟစ်တော့တာပဲ”

မေဘုန်းရှိန်က ပါးစပ်ကို လက်ဖြင့်မထိတထိ ပိတ်ထားရင်း ရယ်မောလိုက်သည်။ ထို့နောက်. . .။

“အရက်တိုက်လွှတ်လိုက်တာ နင်တို့ လက်ချက်မှန်း မသိသွားဘူး မဟုတ်လား၊ အဲဒါဆို. . . ကိစ္စမရှိပါဘူး”

သူမက “ကိစ္စမရှိပါဘူး” ဟု ပြောသည့်တိုင် ကျွန်တော့် လက်ဝဲဘက် အောက်မျက်ခမ်းများက တဆတ်ဆတ် လှုပ်နေဆဲ။

ထိပ်တင်ကြီးတို့ အိမ်ရှေ့တွင် ကားကို ထိုးရပ်လိုက်ချိန်အထိ ကျွန်တော်ပါးစပ်က သမ္ဗုဒ္ဓေဂါတာကို အမြီးအမောက်မတည့်စွာ ဖင်ပြန်ခေါင်းပြန်ရွတ်၍ မဆုံးနိုင်သေး။

■

http://www.cherrythitsar.org



(လေး)

"အို့ . . . မယ်မယ်ဘုရားရဲ့ ပုံတူကြီးက ကောင်းလိုက်တာကွယ်"

ဒေါ်ထိပ်တင်ကြွယ်က ပန်းချီကားကို ရင်သတ်ရှုမောချီးမွမ်းရင်း ကျွန်တော်တို့နှစ်ယောက်ကို ဧည့်ခန်းထဲသို့ ဦးဆောင်ခေါ်ငင်သွားသည်။

"တစ်ခုပဲ မှာလိုက်ဖို့မေ့သွားတယ်၊ မယ်မယ်ဘုရားရဲ့ နာမည် 'ဒေါ်ထိပ်တင်မိမိကြီး' ဆိုတာကို အောက်ခြေမှာ စာတမ်းထိုးဖို့"

"ပန်းချီကားပေါ်မှာ ထိုးလို့တော့မကောင်းပါဘူး . . . အန်တီ၊ ပန်းချီ ကားကို ဘောင်ကွတ်တဲ့အခါကျရင်သာ ကနုတ်ပန်းနဲ့ ဘောင်ခွေပြီး အောက်ခြေမှာနာမည်ကို ယွန်းပန်းချီစာလုံးနဲ့ ထိုးခိုင်းလိုက်ပါ"

မေဘုန်းရှိန်က အကြံပေးလိုက်သောအခါ ဒေါ်ထိပ်တင်ကြွယ်သည် စိန်နားကပ်ကြီး နှစ်ဖက်စလုံး တဖျတ်ဖျတ် လှုပ်ခါသွားအောင် ခေါင်းခါခါ လည်ခါခါနှင့်။

"အို ဟုတ်တယ်ဟုတ်တယ်။ ရွှေဘောင်ကနုတ်နဲ့ ယွန်းပန်းချီ စာလုံးထိုးလိုက်မှ မယ်မယ်ဘုရားရဲ့ ပုံကပိုပြီး မဟာဆန်သွားမှာ။ ဟင်း ဟင်း . . . မယ်မယ်ဘုရားက သူ့ခေတ်နဲ့သူတော့ အင်မတန် အရေးပါ အရာရောက်ခဲ့တာကလား . . . "

မည်သို့ပင်ပြောနေစေကာမူ ကျွန်တော့် မျက်စိထဲတွင်တော့ (ဒေါ်ထိပ်တင်ကြွယ်၏အမေ) ဒေါ်ထိပ်တင်မိမိကြီးသည် ရေမြင်းအိုကြီး တစ်ကောင်နှင့်သာ တူနေပါတော့သည်။

ဒေါ်ထိပ်တင်ကြွယ်ကတော့ "မယ်မယ်ဘုရားကလေ မယ်မယ် ဘုရားကလေ"ဟု အစချီကာ သူတို့၏ ဆွေစဉ်မျိုးဆက်များအကြောင်း ကြွား၍ဝါ၍မဆုံး။ ကျွန်တော်ကတော့သူ့စကားများကို ကြားတစ်ချက် မကြားတစ်ချက်နှင့် အဘွားအို ဒေါ်ထိပ်တင်မိမိကြီး၏ ဓါတ်ပုံဟောင်းကြီးကို

http://www.cherrythitsar.org



ပေါင်ပေါ်တင်ထားရင်း ကော်ဖီခပ်ညှံ့ညှံ့ကိုသာ ကုန်း၍သောက်နေမိသည်။

ဒေါ်ထိပ်တင်ကြွယ်က ကြွားလက်စနှင့် သူ့သားတွေသမီးတွေအကြောင်းကိုပါ ကြံဖန်ပြီး ကြွားနေပြန်လေသည်။

"သားကြီးက. . . ဒီမှာ စီးပွားရေးလုပ်ငန်းတွေ လုပ်ဖို့ဆိုပြီး ဩစတြေးလျမှာ သွားလေ့လာနေတာ၊ဟိုမှာကဆွေမျိုးတွေလည်းရှိတော့. . ."

ဘုရားရေ၊ ဆွေခုနှစ်ဆက်၊ မျိုးခုနှစ်ဆက်ကုန်အောင်များ ပြောနေဦးတော့မှာလား။ မေဘုန်းရှိန်ဘက် လှည့်ကြည့်မိသောအခါ သူမကလည်း "ဝဋ်ရှိသရွေ့ခံရဦးတော့မည်" ဟူသည့် မျက်နှာပေးဖြင့်၊

"အန်တီသမီးငယ်က E.major ကလေ။ သူကလည်း သိပ်တော်တာပဲ။ ပြီးခဲ့တဲ့ နှစ်ကမှ"ကျူ" ဝင်ထားတာ"

ကျွန်တော် ကြက်သီးဖြန်းခနဲထသွား၏။ ဘိလိယက်ထိုးသည့် ရှည်လျားလှသော ကျူတံကြီးကို ဖျတ်ခနဲပြေးပြီး မြင်ယောင်သည်။ အင်းလေ. . . ဒါကြောင့်မို့ သူ့သမီးကသိပ်တော်တယ်လို့ပြောတာများလား၊

"ဟုတ်ပါ့မလား. . . အန်တီရယ်"

"အို. . . မင်းက ဘာတွေလျှောက်တွေးနေတာလဲ၊ အန်တီ့သမီးက တက္ကသိုလ်မှာ ကွာလဖိုင်း(Q) ဝင်ထားတယ်လို့ပြောနေတာ"

တော်ပါသေးရဲ့. . . ဟု ကျွန်တော် သက်ပြင်းကို ကျိတ်ချမိသည်။ ဒေါ်ထိပ်တင်ကြွယ်ကတော့. . .

"လာ သမီး၊ အန်တီ့ ဖေဖေ K.S.M (ကျက်သရေဆောင် ရွှေစလွယ်ရမင်း) ဘွဲ့ရတုန်းက ရိုက်ထားတဲ့ ဓါတ်ပုံတွေ၊ ဆုဖလားတွေ၊ ငွေဓားတွေ အပေါ်ထပ်မှာရှိတယ်၊ ဟင်း. . . ဟင်း သမီးကို လိုက်ပြရဦးမယ်"

မေဘုန်းရှိန်ကို လက်ဆွဲပြီး အတင်းခေါ်နေသဖြင့်(ကျွန်တော့်ကိုတော့ စောစောကစကားကြောင့် အမြင်ကတ်သွားပုံရသည်။ မခေါ်ပါ) မေဘုန်းရှိန်လည်း သူမ၏ လက်ကိုင်အိတ်ကလေးကိုခုံပေါ်မှာချထားခဲ့ပြီး အပေါ်ထပ်သို့လိုက်တက်သွား၏။

ကျွန်တော်ကတော့ သူတို့နောက်သို့ မလိုက်ရသည်ကိုပင် ဝမ်းသာနေသေးသည်။ စားပွဲပေါ်တွင် ညှော့ခံထားသော မုန့်များကို အားလုံး

http://www.cherrythitsar.org


တက်တက်ပြောင်စင်သွားသည်အထိ တစ်ခုပြီးတစ်ခု ထိုင်စားနေပစ်လိုက်သည်။ မုန့်တွေကုန်သွားသောအခါ အာခေါင်ခြောက်ကပ်လာ၏။

မေဘုန်းရှိန်၏ ကော်ဖီခွက်ကို လှမ်းကြည့်လိုက်သောအခါ တစ်ဝက်ခန့်မသောက်ဘဲ ချန်ထားရစ်ခဲ့သည်ကို တွေ့လိုက်ရသည်။ အတော်ပဲ. . . .။

ကျွန်တော် သူမ၏ ကော်ဖီခွက်ကို အလောတကြီးလှမ်းယူပြီး သောက်လိုက်ရာ. . .။

"ဟိုက်. . . ဒုက္ခပဲ"

ပန်းကန်လုံးအောက်ခြေတွင် ကပ်နေသည့် ကော်ဖီစက် တစ်စက်က ကျွန်တော့်ပေါင်ပေါ်ရှိ ရှေးဟောင်းခါတ်ပုံကြီးပေါ်သို့ ပေါက်ခနဲ ကျသွား၏။ သွားပြီ. . .။

**ကော်ဖီစက်က အဘွားအို ဒေါ်ထိပ်တင်မိမိကြီး၏ နှာခေါင်းအောက် ပါးစပ်အထက်နား တည့်တည့်တွင် ညိုပုတ်ပုတ် အကွက် စွန်းထင်းလျက် ကျွန်တော် လန့်သွားပြီး** ကော်ဖီစက်ကို ကမန်းကတန်း သုတ်ပစ်လိုက်သည်။ ကော်ဖီစက်ခြောက်သွေ့သွားသော်လည်း အဘွားကြီး၏ နှာခေါင်းအောက်မှ အညိုညစ်ညစ် အစွန်းကွက်ကတော့ ပျောက်မသွား. . .။

ကျွန်တော် အဝတ်ဖြင့် အတင်းဖိပွတ်ဖျက်ကြည့်သည်. . . မရ။ ခါတ်ပုံဆေးသားများပါ ကွာထွက်လာ၏။ ဘုရား. . . ကယ်တော်မူပါ။

ဖျတ်ခနဲ. . . ကျွန်တော် တစ်စုံတစ်ရာကို သတိရလိုက်ပြီး မေဘုန်းရှိန်၏ လက်ကိုင်အိတ်ကို ဖွင့်ရှာလိုက်သည်။ သူမ. . . သွားလေရာ အမြဲဆောင် လေ့ရှိသည့် ပုံဆွဲခဲတံ တစ်ချောင်းကို တွေ့ရ၏။

ဟုတ်ပြီ. . .။

*

http://www.cherrythitsar.org



ကျွန်တော် တစ်ယောက်တည်း ပုံဆွဲခဲတံတစ်ချောင်းဖြင့် အလုပ်ရှုပ်၍ပြီးခါစမှာပင် ဒေါ်ထိပ်တင်ကြီးနှင့်မေဘုန်းရှိန်တို့ အပေါ်ထပ်မှ ပြန်ဆင်းလာကြသောကြောင့် ကမန်းကတန်းဖြင့် ဓါတ်ပုံကို စားပွဲပေါ် မှောက်တင်ထားပြီး ဟန်မပျက် နေလိုက်သည်။

"ဟော. . . ဟိုမှာ သားကြီးတောင် ပြန်လာပြီ"

ဒေါ်ထိပ်တင်ကြွယ်က ဧည့်ခန်းတွင် မထိုင်သေးခင် တံခါးဝသို့ လှမ်းကြည့်လိုက်ပြီး ပြောလိုက်၏။ ထိပ်တင်ကြီးဆိုသည့် ငနဲက မေဘုန်းရှိန်ကို ဝမ်းသာအားရနှုတ်ဆက်ရင်းဝင်လာ၏။ သူက မေဘုန်းရှိန်ရေးဆွဲ ထားသောပုံတူပန်းချီကားကိုချီးကျူးလိုက်ပြီးနောက် စားပွဲပေါ်ချထားသည့် မူရင်းဓါတ်ပုံကြီးကို ကောက်လှန်ကြည့်လိုက်သည်။

ကြည့်မိလျှင်ကြည့်မိချင်း သူ့နှုတ်ဖျားမှ အံ့သြမှုကို မထိန်းနိုင်ဘဲ လွှတ်ခနဲ. . .

"ဟင်. . . ဘွားဘွားကြီးပုံက နှုတ်ခမ်းမွှေးကြီးနဲ့ပါလား၊ ဘယ်လို ဖြစ်တာလဲ"

ဓါတ်ပုံထဲတွင် မဟာဆန်လှသော ဒေါ်ထိပ်တင်မိမိကြီးဆိုသည့် အဘွားအိုက ကျွဲချိုကဲ့သို့ ကော့ညွတ်နေသော နှုတ်ခမ်းမွှေးကားကားကြီးများဖြင့် ခန့်ညားစွာ ပြုံးလျက်. . .။

အားလုံးက ဓါတ်ပုံကို စုပြုံဝိုင်းကြည့်လိုက်ပြီးနောက် မျက်လုံးများက ကျွန်တော်ဆီ ရောက်လာကြတော့၏။ ကျွန်တော်ကား လက်ထဲတွင် ခဲတံကလေးကိုကိုင်ကာ လှည့်ပတ်ဆော့ကစားလျက် သက်သာရာ ရလိုရငြား ကြိုးစားပြီး သွားကိုဖြဲကာ ရယ်ပြလိုက်သည်။

"ဟဲ. . ဟဲ"

■

http://www.cherrythitsar.org



(ငါး)

အောက်တိုဘာလ၏ မြက်ခင်းများသည် စိမ်းလန်းလွန်းနေသည်။ လေပြည်ထဲတွင် ကျောက်ဖြူသား သင်္ချိုင်းအုတ်ဂူတစ်လုံးလို အေးစက်ငြိမ်သက်သော အလှတရားတစ်ခုပါလာသည်ဟု ထင်ရ၏။ ဆောင်းညများသည် အမှောင်အရောက် စောတတ်ပါသည်။

သစ်ဆိမ့်ပင်ကြီးအောက်မှာ ကျွန်တော်ကားကို ထိုးရပ်လိုက်၏။ မေဘုန်းရှိန်၏ မျက်နှာကို တစ်ချက်အကဲခတ်ကြည့်တော့ ကျွန်တော့်ကို စိတ်ဆိုးနေသည့် အရိပ်အရောင် လုံးဝမတွေ့ရပါ။ (တစ်ချိန်ချိန်တွင် ကလဲ့စားပြန်ချေဖို့ကိုတော့ သူမ၏ ဦးနှောက်ထဲတွင် အစီအစဉ်ရေးဆွဲပြီးသားရှိကောင်းရှိကောင်း ရှိပေလိမ့်မည်) ကျွန်တော်က. . .

"နင်. . . . ငါမေးတဲ့ မေးခွန်းကိုမဖြေရသေးဘူးနော်မေဘုန်းရှိန်"

"ဘာကိုလဲ"

"ဩော်. . . **ငွေကြေးချမ်းသာလို့ ပူလောင်ရတာနဲ့ ဆင်းရဲလို့ ပူလောင်တာ ဘယ်ဟာက ပိုဆိုးသလဲ**ဆိုတာလေ"

သူမက ဝေ့ဝဲကျနေသော ဆံပင်များကို သပ်တင်လိုက်ရင်း။

"ငါ. . . အဖြစ်အပျက်လေးတစ်ခုကို ပုံပြင်လို ပြောပြမယ်။နင်နားထောင်ပေါ့။ ပုံပြင်ဆုံးရင် အဖြေကို နင့်ဖာသာ နင် တွေ့လာလိမ့်မယ်"

"ဆိုပါဦး"

သူမ၏အကြည့်ကို ဆည်းဆာတိမ်တိုက်တွေဆီ ရွှက်လွှင့်လိုက်ရင်း. . .။

"တဲကြီးတစ်လုံးထဲမှာ အဂ္ဂရိတ်ဆရာကြီးတွေစုပြီး ဖိုထိုးနေကြသတဲ့။ သူတို့ရဲ့ ပြဒါးရှင်လုံး ပေါက်မြောက်သွားရင် ရွှေဖြစ်မယ်၊ငွေဖြစ်မယ်၊ အာယုသိဒ္ဓိပြီးမယ် စသဖြင့် ရည်ရွယ်ချက် ကိုယ်စီနဲ့ပေါ့။

http://www.cherrythitsar.org



အဲဒီအခိုက်မှာ တစ်ယောက်သော အင်္ဂလိပ်ဆရာကြီးက တဲပြတင်းအပြင်ဘက်ကို လှမ်းကြည့်လိုက်တော့ နေပူကျဲကျဲကွင်းပြင်ထဲမှာ မြေပေါက်နေရတဲ့ အလုပ်ကြမ်းသမားတစ်ယောက်ကို မြင်တာကိုး။

အဲဒီမှာ အင်္ဂလိပ်ဆရာကြီးကသနားသွားပြီး ဟိုအလုပ်သမားကို ကြည့်ကြစမ်းပါဦးကွာ။ "သူ့ခမျာ နေပူအောက် မှာ ချွေးသံတရွှဲရွှဲနဲ့ လုပ်နေရတာ ပင်ပန်းလိုက်ပါဘိ"လို့ဆိုသတဲ့။ ကျန် တဲ့ အင်္ဂလိပ်ဆရာတွေကလည်း သူ့စကားကိုဝိုင်းထောက်ခံကြတယ်။'ဟုတ်တာပေါ့. . . အခုလို နွေရာသီခေါင်ခေါင် မွန်းတဲ့ချိန်ကြီးမှာ အရိပ်မရှိ ဘာမရှိနဲ့ဆိုတော့ အတော်ပူလောင်မှာပဲ'လို့ပြောကြသတဲ့"

စကားကို ခေတ္တဖြတ်ပြီး အခွံဟောင်းလောင်း မျက်ဝန်းများဖြင့် ကျွန်တော့်ဘက်သို့ လှမ်းကြည့်သည်။ ထို့နောက် ဆက်၍. . . .

"ခဏကြာတော့ အဲဒီအလုပ်ကြမ်းသမားဟာ အင်္ဂလိပ် တဲကြီး ဆီရောက်လာပြီး 'ရေလေးတစ်ပေါက်လောက် သောက်ပါရစေလို့" ခွင့်တောင်းတယ်။ အင်္ဂလိပ်ဆရာတွေကလည်း'လာပါ အထဲကို ဝင်ခဲ့ပါ' လို့ ဖိတ်ခေါ်တာပေါ့။ ဒါနဲ့. . . အလုပ်ကြမ်းသမားဟာ အင်္ဂလိပ်တဲကြီးထဲကို ဝင်လိုက်တယ်။ အထဲကို ရောက်ရောက်ချင်း အဲဒီအလုပ်ကြမ်းသမားက ဘာပြောသလဲ. . . သိလား"

"ဘာတဲ့လဲ. . "

"ဆရာတို့ အလုပ်လုပ်နေကြတာကလည်းဗျာ မီးဖိုတွေ တဟုန်းဟုန်းနဲ့ ဆရာတို့ အတော်ပူလောင်မှာပဲနော်. . . လို့ ပြောသတဲ့"

ကျွန်တော်ကော သူမပါ ရယ်မောဖြစ်ကြသည်။ **အလုပ်ကြမ်းလုပ်ရသူက အင်္ဂလိပ်ထိုးသည့်မီးကို ပူသည်ဟု အောက်မေ့သည်။ အင်္ဂလိပ်သမားက နေပူအောက်တွင် အလုပ်လုပ်ရသူကို သနားသည်။**

*

ကျွန်တော်တို့အားလုံးသည် ကိုယ့်အိမ်မက်နှင့်ကိုယ် ဆင်းရဲပူလောင်နေကြသူများ ဖြစ်ပါသည်။

☯■☯

http://www.cherrythitsar.org



# အခန်း- ၄

(တစ်)

ဘာမှကြီးကြီးကျယ်ကျယ် လာပြောပါနှင့်၊ ရင်ခုန်သံဆိုသည်ကို တဖွဲ့တနွဲ့လုပ်စရာ ဘာအကြောင်းမှ မရှိ။ (ကြီးလည်းကြီး ကျယ်လည်း ကျယ်သင့်သော အရာမှာ အိမ်သာကျင်းတစ်ခုသာရှိသည်ဟု ကျွန်တော် ထင်ပါသည်)

ရင်ခုန်သံဆိုသည်မှာ ဘာလဲ။

သူများတွေက ကျင်ငယ်စွန့်ရင်း ကြက်သီးထကြသည်။ ကျွန်တော်ကတော့ လမ်းဘေးမှာ ကျင်ငယ်စွန့်ရင်း ရင်ခုန်ခဲ့ပါသည်။

*

အဲသည်နေ့က. . . . ကိစ္စတစ်ခုဖြင့် ချောင်းသာသို့အသွား။

ပုသိမ်ဇက်ကို မမီမှာစိုးသဖြင့် ကျွန်တော်ကားကို ဒလကြမ်းမောင်း လာခဲ့၏။

အရေးထဲတွင်မှ တစ်လမ်းလုံး ဆီးအောင့်လာခဲ့သော ဒဏ်က ဒုက္ခပေးလာတော့သည်။ ကျွန်တော် အပေါ့သွားချင်လာ၏။ ဘယ်လိုမှ အောင့်အည်း ထိမ်းချုပ်ထား၍ မရတော့. . . ။

လမ်းဘေးတစ်ခုကို အကွေ့တွင် သစ်ပင်နှင့်ခြုံပုတ် ကောင်း ကောင်းရှိသောနေရာလေးတစ်ခုကို ပြန်းခနဲ လှမ်းမြင်လိုက်ရသောကြောင့်

http://www.cherrythitsar.org



ကျွန်တော့်ကားကို ကောက်ခါငင်ကာပင် ဘရိတ်အုတ်ကာ ဆောင့်ရပ်ပစ်လိုက်သည်။

ထို့နောက် အန္တရာယ်ကို ဖြေရှင်းရန်အတွက် ကားပေါ်မှ ကမန်းကတန်း ဆင်းပြေးလာခဲ့၏။

ထိုစဉ်မှာပင် နောက်မှပါလာသော ကားတစ်စီးကလည်း ကျွန်တော့်ကားနောက်တွင် ကျွိ. . . ခနဲ ငယ်သံပါအောင် အော်ကာ ထိုး ရပ်သွားသည်ကို မျက်စိထောင့်မှ ရိပ်ခနဲ လှမ်းမြင်လိုက်ရ၏။

ကျွန်တော် ဂရုမစိုက်အား။ ကိုယ့်ကိစ္စကိုယ် ဖြေရှင်းရန်အတွက် ဇောကပ်နေသည်။

"ဒီမှာ. . . ရှင့် ဒီမှာ"

ဒေါသဖြင့် ခပ်ဆတ်ဆတ် လှမ်းခေါ်သံကြားရသည်။ လှမ်းကြည့်လိုက်တော့ နောက်ကားပေါ်မှ ဆင်းလာသည့် ကောင်မလေးတစ်ယောက်။ ပါဝါမျက်မှန် ခေတ်ပေါ်ကိုင်းပုံစံ လှလှကလေးနှင့်. . . . ။

"ဒီမှာ. . . ရှင့်ဘယ်လိုလုပ်လိုက်တာလဲ ရှင့်မှာခေါင်းမရှိဘူးလား"

ဟမ်. . . ဘာမေးနေတာပါလိမ့်ဟု ကျွန်တော်တွေးလိုက်သည်။

"ဘာခေါင်းလဲ လိပ်ခေါင်းကိုပြောတာလား၊ ငါ့မှာ ဘာရောဂါမှ မရှိဘူးကွ"

ဇေန္တ၊ ထိုကောင်မလှလှလေးသည် လိပ်ခေါင်းပျောက်ဆေး နယ်လှည့်ရောင်းနေသောအရောင်းမြှင့်တင်ရေးတာဝန်ခံဖြစ်ပေလိမ့်မည်။

"ရှင့်ကားကို ဘယ်လိုရပ်တာလဲလို့ မေးနေတာ။ တောက်"

"ဘယ်လိုရပ်ရမလဲကွ၊ စက်သတ်ပြီးရပ်တာပေါ့၊ ရှီး. . . ရှီး. . ရှီး၊ အရေးထဲမှာမင်းကလည်း. . . တစ်မျိုး"

ကျွန်တော်စိတ်ထဲတွင် ဘောင်းဘီပင် စိုစိုထိုင်းထိုင်း ဖြစ်လာပြီလား၊ ဟုအောက်မေ့မိသည်။ ဘုရား. . ဘုရား၊ ထွက်များကျကုန်ပြီလား။

"လမ်းထောင့်ကျိုးမှာ ပိတ်ပြီးရပ်ထားရင် တိုက်မိကုန်မယ်ဆိုတာ ရှင်နားမလည်ဘူးလားဟင်၊ ရှင့်ဦးခေါင်းထဲမှာ ဘာတွေ ဆို့နေသလဲ"

မျက်မှန်နှင့်ကောင်မလေးက ပြောပြောဆိုဆို ဒေါသထွက်လာဟန်ဖြင့် ကျွန်တော်ဆင်းသွားသည့်လမ်းဘေးကို လိုက်ဆင်းလာ၏။

http://www.cherrythitsar.org



ကျွန်တော်က. . .

"ဟေ့. . ဟေ့၊ မင်းငါ့နောက်ကို လိုက်မလာနဲ့နော်"

"လိုက်တယ်. . . လိုက်တယ်၊ ရှင်ဘာလုပ်ချင်လဲ"

"ဟာ. . ငါက ဒီမှာ ရှုးရှုးပေါက်မလို့ကွ"

"ကောင်မလေး တွန့်သွားပုံရ၏။ ကျွန်တော့်နောက် ဆက်လိုက်မလာတော့ဘဲ ကားလမ်းမပေါ် ပြန်တက်သွားသည်။

ထိုအခါကျမှ ကျွန်တော်လည်း စိတ်ကို ဒုန်းခနဲ မြည်အောင်ပစ်ချလိုက်ပြီး သစ်ပင်ကို ကျောပေးကာ (မှုတ်ထုတ်လိုက်ရသော သက်ပြင်းနှင့်အတူ) ကိစ္စကို တဝကြီး ဆောင်ရွက်ပစ်လိုက်တော့သည်။

ထိုစဉ် ကားလမ်းမဆီမှ. . .

"ဝုန်း"

တစ်စုံတစ်ရာကို ကားဝင်တိုက်လိုက်သည့် ခပ်အုပ်အုပ်အသံမျိုး ကြားလိုက်ရသည်။(ဘာကြောင့်မှန်းတော့ မပြောတတ်၊ ကျွန်တော့်ကား တစ်စုံတစ်ရာ ဖြစ်ပြီဆိုသည့် အာရုံက ကြိုမတွေးထားဘဲ ဖျတ်ခနဲ ဝင်လာ၏)

ကျွန်တော်. . . ကားလမ်းမပေါ် အပြေးတက်လာခဲ့သည်။

ကျွန်တော်. . . ထင်သည့်အတိုင်းပင်၊ မျက်မှန်နှင့် ငနဲမလေးက ရပ်ထားသောကျွန်တော်ကားကို နောက်ဖက်မှ အသေအချာကို တိုက်ပစ်လိုက်ခြင်းပင်ဖြစ်၏။

"မင်းဘယ်လိုလုပ်လိုက်တာလဲကွ. . . "

အနည်းငယ် ချိုင့်ဝင်သွားသော ကားဘန်ပါနှင့် ကွဲကြေသွားသော မီးလုံးများကို ငုံ့ကြည့်ပြီး ကျွန်တော်က ဒေါသဖြင့် မေးလိုက်၏။

"ပညာပေးလိုက်တာလေ၊ လမ်းကွေ့မှာ ပိတ်ပြီး ကားရပ်ထားရင် နောက်ကနေ ဖျတ်ခနဲ ကွေ့ဝင်လာတဲ့ကားက ဝင်တိုက်တတ်တယ်ဆိုတဲ့ ပညာကို သင်ပေးလိုက်တာ"

"ဒီမှာ. . . ငါ့ကား ဘန်ပါလည်း ချိုင့်သွားပြီး၊ မီးခွက်လည်း ကွဲသွားပြီ အဲဒါ ဘယ်လိုရှင်းမှာလဲ။ ကဲ မင်းဘယ်လောက်လျော်နိုင်မှာလဲ ပြော"

"အိုး. . . ဘာမှ လျော်စရာမလိုပါဘူး၊ ဒါရှင့်ကို သင်ပေးရတဲ့ ပညာပူဇော်ခလို့ သဘောထားလိုက်ပေါ့"

သူမက ထိုစကားကို ပြောပြီး အေးအေးဆေးဆေးပင် လေချွန် နေလိုက်သေး၏။ ကျွန်တော် အမြင်ကတ်သွားသည်။ (အမြင်ကတ် နေသည့်ကြားမှပင် ထို ကလေးမလေးသည် အတော်လှသော ပုဇဉ်းရင်ကွဲ မလေးဖြစ်ကြောင်း ကျိတ်ပြီး အသိအမှတ်ပြုနေမိ၏) ကျွန်တော်က

"တိတ်စမ်းပါကွာ၊ လေချွန်မနေစမ်းပါနဲ့၊ မင်းလေချွန်တာက ဘီးပေါက်နေတဲ့ စက်ဘီးကို လေထိုးတာ ကျနေတာပဲ တရှီးရှီးနဲ့"

"ဘာရှင့်"

အံကြိတ်ပြီး ပြောသောအခါတွင်လည်း သူမ၏ ပုံစံက တစ်မျိုးချစ်စရာကောင်းနေလေသည်။

"ဟုတ်တယ်လေ၊ အခု. . . အချိန်မှာ မင်းလေချွန်နေနိုင်စရာ ဘာအကြောင်းမှမရှိဘူး၊ ငါ့ကားက ရပ်ထားတာ၊ မင်းက အသားလွတ် ကြီးနောက်က ဝင်တိုက်တာ ရှင်းနေတာပဲ၊ လျော်ပေါ့"

"လျော်နိုင်တယ်၊ လျော်နိုင်တယ်၊ သိပ်ငွေမက် မနေနဲ့၊ ရှင့်လို ကားမျိုး ဆယ်စီးဝယ်ပြီး ပြန်လျော်နိုင်တယ်။ နားလည်လား"

ရန်တွေ့သည့်အခါ သူမ၏ ရုပ်က ငှက်ကလေးတစ်ကောင်နှင့် ပိုတူလာသည်။ နှုတ်ခမ်းလေး စူထွက်နေပုံမှာ ငှက်က သစ်စေ့ကိုစားတော့ မည့်ပုံမျိုး။

"သွားစမ်းပါ၊ မင်းက ပိုက်ဆံရှိတိုင်း စော်ကားလို့ရမယ် ထင်နေ သလား။ ဒီမှာ ပုသိမ်ဇက်အမီ သွားရဦးမှာ၊ မင်းကြောင့်. . . အချိန်တွေ ပုပ်ကုန်ပြီ၊ ဒါတွေကော မင်းဘယ်လိုရှင်းမလဲ၊ ငါက. . အချိန်ကိုသိပ် လေးစားတာ"

"အချိန်ကို လေးစားရင် နာရီတွေကို ထိုင်ပြီး ရှိခိုးနေပေါ့၊ ကျွန်မ လည်း ပုသိမ်ဇက်မီအောင် သွားရမှာ၊ ရှင့်ကြောင့် ရှင်လမ်းပိတ်ထားလို့"

"ဟ. . ဒီမှာ ငါ့အန္တရာယ်နဲ့ငါ မလွဲသာလို့ ရပ်ရတာကို မင်း ပြဿနာမရှာပါနဲ့"

"ပြဿနာရှာတာ မဟုတ်ဘူး၊ ရတနာခင်ဖွေးတို့က ကိုယ့်ကို

http://www.cherrythitsar.org



လာကြောတာဆိုရင် ပါးပါးလေးတောင် သည်းမခံတတ်ဘူးဆိုတာ ရှင်နားလည်အောင် ပြလိုက်တာ”

“ဘာ. . . . မင်းနာမည်က ရတနာခင်ဖွေးဟုတ်လား၊ ခင်ဖွေးဆိုတော့ ခွေးဖင်ပေါ့”

“မမိုက်ရိုင်းနဲ့နော်၊ ရှင်. . လူကြီးလူကောင်း မဟုတ်ဘူးလား” ကျွန်တော် ခဏစဉ်းစားလိုက်သည်။

“အင်းလေ၊ ငါကလူကောင်းပါ။ ဒါပေမယ့်. . ငါ့ကိုငါ လူကြီးလို့တော့ မထင်သေးဘူး၊ မိန်းမမှ မရသေးတာ”

“အောင်မယ်၊ ဒါက. . . . ဘာစကားလဲ၊ ဟင်း. . . ရိသဲ့သဲ့တော့ လာမလုပ်နဲ့နော်”

“ဘာဆိုင်လို့လဲ ငါက ကိုယ့်အကြောင်းကိုယ်ပြောတာ၊ မင်းစိတ်ကူးထဲမှာ ဘာဖြစ်လို့ မင်းနဲ့ ဆက်စပ်ပစ်လိုက်ရတာလဲ”

“တောက်. . . စကားကိုက ဝေ့လည်ကြောင်ပတ်နဲ့၊ လက်ဆုပ်လက်ကိုင်မိရက်နဲ့ ရှင်. . . မုန်လာဥ မလုပ်နဲ့နော်”

“မုန်လာဥ လုပ်ရအောင်၊ ငါက ချဉ်ဖတ်ရောင်းတဲ့လူမှ မဟုတ်တာ”

“ရှင်. . . ပြောလေ ဆိုးလေပါလား”

တချို့မိန်းကလေးများသည် စိတ်ဆိုးသည့်အခါ ပို၍ လှတတ်သည့်အကြောင်း သင်တို့သိကြပါသလား။ ထိုသို့သော မိန်းကလေးအမျိုးအစားထဲတွင် ဟောသည် ကောင်မလေးပါပါသည်။ သူစိတ်ဆိုးအောင် စရသည်ကို ကျွန်တော်ပျော်နေမိသည်။

အဲဒီနေ့က ကျွန်တော်တို့ နှစ်ယောက်စလုံး ဇက်မမှီလိုက်ကြပါ။ သို့ရာတွင် မြစ်ကမ်းဘေးမှာ ကားနှစ်စီးယှဉ်ရပ်ရင်း ကျွန်တော်နှင့်သူမ ချစ်သူ ဖြစ်သွားခဲ့ကြပါသည်။

**တစ်ခါတစ်ရံတွင် ရည်မှန်းချက်ကို မရောက်ရှိဖြင့် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ရပြီဟု ဆုံးဖြတ်၍မရပါ။** လူဘဝဆိုသည်မှာ ရယ်စရာကောင်းလောက်အောင် ပရမ်းပတာ ဖြစ်ပျက်နေမှု တစ်ခုသာဖြစ်ပါသည်။

■

http://www.cherrythitsar.org


(နှစ်)

"ဟင်. . ရတနာခင်ဖွေးဆိုတာ ဒေါ်မဥ္ဇူဖွေးရဲ့ သမီးမဟုတ်လား"

မောင်မောင်အေးက ကျွန်တော့်ကို ပြုံးတူးပြဲတဲ မေး၏။ ရတနာခင်ဖွေး၏ မိခင်ဖြစ်သူက 'ဖွေး' ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေး ကုမ္ပဏီ ထောင်ထားသောကြောင့် သူသိနေမည်မှန်း ကျွန်တော်ကြိုတင်တွက်ဆ ထားပြီးသား ဖြစ်၏။

ကိုကျင်က. . .

"ဟာ. . . အဲဒါဆို မင်းကောင်မလေးက ဘော့စ်အကြီးစားကြီးရဲ့ သမီးပေါ့၊တယ်ဟုတ်ပါလား၊ ငါတော့မင်းကို ဖွတ်ထွက်မှ တောင်ပို့မှန်း သိတော့တယ်။ မင်းတော်တော် စွံတဲ့ကောင်ပဲ"

"ဟာဗျာ. . .၊ကိုကျင့်စကားပုံကလည်း တလွဲကြီး၊ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်ဆိုတာ မကောင်းတဲ့စရိုက်ကို သိလိုက်ရလို့ငါ. . . အထင်ကြီး မိတာ မှားလေခြင်းဆိုပြီး နစ်နစ်နာနာ ပြောချင်တဲ့ အခါမှ သုံးတာဗျ"

"ဟုတ်လား၊ ဆောရီးကွာ. . . ဟဲဟဲ"

ကိုကျင်သည် စာနှင့်ပေနှင့် ဒိုးဝေးသလောက် စကားကြီး စကားကျယ် အလွန်ပြောချင်သူဖြစ်၏။

ကိုကျင်မောင့်ညီ ကျင်စိန်ကတော့ ခပ်အေးအေး ဝင်ပြောသည်။

"ဒီကောင့် ယောက္ခမလောင်းကြီးလား. . ဟင်း. .၊ ဘာမှ အထင်ကြီးစရာမရှိဘူး၊ အလကား ဂေါ်ဖီထုတ်မကြီး"

"ဘာလဲကွ၊ ဂေါ်ဖီထုတ်ကြီးဆိုတာ"

"အပြင်က. . . အထပ်ထပ် ကာထားတာတွေ ခွာကြည့်လိုက်ရင် အထဲမှာ ဘာမှမရှိဘူး"

မောင်မောင်အေးက ခေါင်းကို ဖြည်းညှင်းစွာ ခါရမ်းရင်း

http://www.cherrythitsar.org



"မင်းက သူ့အဖေအကြောင်းကိုမှ မသိဘဲကိုး၊ သူ့အဖေက ဂျပန်မှာ ကုမ္ပဏီသွားဖွင့်ထားတာ၊ ဟွန်ဒီလွှဲတဲ့ အလုပ်နဲ့တင်ကို တော်တော် ချမ်းသာတာ"

သူတို့က အသိုက်ကြီးတယ်နော် မင်းညီ၊ ငှက်ကြီးမှ ဝပ်လို့ ရမှာ၊ အခုမင်းမှာက ကုမ္ပဏီပိုင်ဖို့ ဝေးလို့ ဂုန်နီအိတ်ချုပ်တဲ့ စက်တောင် မပိုင်ဘူး"

ဝေဠုစကားကြောင့် ကျွန်တော် လိပ်ပြာငယ်သွားသည်။ သူတို့ ပြောသည်မှာ မှန်၏၊ သူငယ်ချင်းတွေကြားမှာပင် ကျွန်တော်က ယောင်တောင်တောင်အနိုင်ဆုံး၊ မော်တော်ကားစုတ်လေးတစ်စင်းနှင့် လျှောက်သွားနေသည်ကလွဲ၍ ဘာအလုပ်အကိုင်မှ မရှိ။

ဝေဠုဆိုလျှင် ကွန်ပြူတာစာစီစာရိုက်လုပ်ငန်း ထောင်ထားသည်။ မောင်မောင်အေးက ဗွီဒီယိုခွေဆိုင်ဖွင့်ထားသည်။ ကိုကျင်ကတော့ မကြာခင်ရက်ပိုင်းအတွင်းမှာပင် စားသောက်ဆိုင်ဖွင့်ဖို့ ပြင်ဆင်နေပြီဟု ပြော၏။

ကျွန်တော်ကကော. . . .

"ငါ. . . ဘာစီးပွားရေးလုပ်ရင်ကောင်းမလဲ၊ပြောစမ်းပါဦး"

ကျွန်တော်က သူတို့ထဲမှ အကြံတောင်းလိုက်၏။ ကိုကျင့်ညီ ကျင်စိန်က. . . .

"မင်းဘကြီးက မှော်ဘီမှာ ကြက်မွေးတယ်ဆို"

"အင်း"

ကိုကျင်က. . .

"ဟ. . . ဆန်းလှချည်လား၊ ဘယ်လိုမွေးတာလဲ၊ ဆေးရုံမှာပဲလား၊ အရပ်လက်သည်နဲ့လား"

ကျွန်တော်က. . .

"မကြောင်စမ်းပါနဲ့ ကိုကျင်ရယ်၊ မွေးမြူရေးလုပ်တာကို ပြောတာဗျ"

"ဆောရီး. . . ဆောရီးငါ့ဦးနှောက်ကလည်း ခက်ပါတယ်ကွာ၊ ဘာလေးပဲဖြစ်ဖြစ်. . . ပညာရှိနည်းနဲ့ပဲ တွေးတွေးနေမိတယ်။ မင်းတို့က

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org


လူပြိန်းပြောတဲ့အခါကျတော့ ငါနဲ့ မကိုက်ဘူးဖြစ်နေတော့တာပေါ့"

ကျင်စိန်က သူ့အစ်ကိုကို စိတ်ပျက်စွာဖြင့် ညည်းညည်းတွားတွား တစ်ချက်လှည့်ကြည့်ရင်း. . . ကျွန်တော့်ကို အကြံပေးသည်။

"အဲဒီတော့. . . မင်းလည်း ကြက်မွေးကြည့်ပါလား။ ငါတို့ဝိုင်းကူညီမှာပေါ့"

ကိုကျင်ကပါ တက်ကြွစွာဖြင့်. . .

"ဟုတ်တယ်. . . မင်းညီ၊ လိုအပ်တာပြောကွာ၊ အားမနာနဲ့၊ ဟင်. . . ဘယ်လို ကူရမလဲ၊ ငါတို့က သူများခြံထဲက ကြက်တွေ သွားခိုးပြီး မင်းခြံထဲမှာ လွှတ်ပေးရမလား"

ကျွန်တော် မျက်လုံးပြူးသွား၏။

"နေပါစေ၊ နေပါစေ. . . ကိုကျင်ရယ်။ ကျွန်တော့်ထိုက်နဲ့ ကျွန်တော့်ကံဆိုပြီး ပစ်သာပစ်ထားလိုက်ပါ၊ အဲဒီလိုကြီးတော့ မကူညီပါနဲ့နော်"

"ဒါဖြင့်. . . နေစမ်းပါဦး၊ မင်းကကော မွေးမြူရေး လုပ်တတ်လို့လား"

"ဟာ. . . . ကျွန်တော်က ကြက်မွေးဖို့နေနေသာသာ၊ ဥစားကြက်နဲ့ အသားစားကြက်တောင် ခွဲခြားတတ်တဲ့ ကောင်မဟုတ်ဘူး"

ကျွန်တော်စကားကြောင့် ကိုကျင်က သူမေးစေ့ကို အသာပွတ် သပ်ကာ ပြုံးလိုက်ရင်း. . .

"မင်းကွာ. . . ဒါများ ဘာခက်လို့လဲ၊ သူတို့ကို အစာကျွေးကြည့် လိုက်လေ၊ ငုံးဥတို့ ဘဲဥတို့စားတဲ့ကောင်တွေက ဥစားကြက်. . .။ အမဲသားတို့ ဝက်သားတို့ကို စားတဲ့ကောင်တွေကအသားစားကြက်ပေါ့ကွ"

"တော်ပါတော့ ကိုကျင်ရယ်၊ နေရာတကာမှာ ခင်ဗျားရဲ့ ပညာရှိ ဦးနှောက်ကြီးနဲ့ မစဉ်းစားပါနဲ့ဗျာ၊ အားလုံး အဆင်ပြေသွားအောင် ရိုးရိုးလူပြိန်းတွေးပဲ တွေးကြည့်ပါလားဟင်"

ကျွန်တော် ကိုးဆယ်ရာခိုင်နှုန်း စိတ်ညစ်သွားသည်။ ဘုရားရေ ကိုကျင်တစ်ယောက် ဒီလောက် တလွဲတချော်နိုင်ပုံမျိုးနဲ့ ဘယ်လိုလုပ်ပြီး တော့များ စားသောက်ဆိုင် ဖွင့်ဦးမှာပါလိမ့်။

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



ပြီးတော့ သူဖွင့်မည့်ဆိုင်က ကြက်ကြော်ဆိုင်။

*

လူစုခွဲခါနီးတွင် ကိုကျောင်က ကျွန်တော့်ကို မှာလိုက်သေးသည်။

“ဟေ့ကောင်. . . မင်းညီ၊ မင်းကောင်မလေးပါခေါ်ပြီး ငါ့ဆိုင်မှာ တစ်ခေါက်လောက် လာစားဖြစ်အောင် စားပါကွာ”

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ချစ်သူလေးကို ခေါ်ကာ ကိုကျောင့်ဆိုင်ကိုတော့ သွားဖြစ်အောင် သွားရဦးမည်။

■

http://www.cherrythitsar.org



(သုံး)

မေဘုန်းရှိန်၏ ပန်းချီစတူဒီယိုရှေ့သို့ ရောက်သောအခါ ကျွန်တော် ခဏရပ်၍ တွေဝေသွားမိသည်။

မြင်နေကျမြင်ကွင်းမျိုးမဟုတ်ဘဲ ပြောင်းလဲနေသလိုလို တစ်ခုခု လိုအပ်လစ်ဟာနေသလိုလို ခံစားရ၏။. . ဘာဖြစ်လို့ပါလိမ့်။

နောက် စီးကရက် သောက်ချင်စိတ်ပေါ်လာကာမှ ဖျတ်ခနဲအဖြေ ကို သိလိုက်သည်။

"သြော်. . . ဟို နှုတ်ခမ်းကွဲမလေးရောင်းတဲ့ စီးကရက်နဲ့ ကွမ်းယာ ဆိုင်ကလေး မရှိတော့ပါလား"

ဘာဖြစ်လို့ပါလိမ့်ဟု ကျွန်တော် ဆက်မတွေးဖြစ်တော့။

ပန်းချီစတူဒီယိုထဲသို့သာ ဝင်ခဲ့တော့သည်။

*

ကြီးမားသော ပန်းချီကား ကင်းပတ်စတစ်ခု၏ ရှေ့တွင် မေဘုန်း ရှိန်သည် ရန်သူကို အင်အားပြင်းထန်စွာ တိုက်ခိုက်တော့မည့် စီးချင်းထိုး သူရဲကောင်းလို စုတ်တံကို မာန်ပါပါ မြှောက်ရင်း ရပ်နေ၏။

ကျွန်တော့် အသက်ပြင်းပြင်း မရှူရဲ၊ အသံမပြုရဲ။

သူမက ဝုန်းခနဲ ရှေ့သို့ ခုန်ဝင်လိုက်ပြီး စုတ်တံကို ထိုးခုတ် ဝှေ့ယမ်းလိုက်သည်၊ ကင်းဗတ်စပေါ်တွင် ရဲခနဲရဲခနဲ သွေးစီးကြောင်းတွေ ဖြာထွက်သွား၏။

ကျွန်တော့်စိတ်ထဲတွင်တော့အနီရောင် စုတ်ချက်တွေ ခပ်ကြမ်း ကြမ်း စွန်းထင်းသွားသည်ဟု မခံစားမိ။ သူမ၏ ဓားချက်ကြောင့်

http://www.cherrythitsar.org



ကင်းဗတ်စပေါ် တွင်ဖြာကျလာသည်ဟုသာ အောက်မေ့နေမိတော့သည်။

ပန်းချီဆွဲပြီးသောအခါ သူမ၏ မျက်နှာတွင် ချွေးစေးတွေ ရေလိုစီးနေသည်ကို တွေ့ရ၏။ သူမက ကျွန်တော့်ကို လှမ်းနှုတ်ဆက်ရင်း မွေးပွ တဘက်တစ်ထည်ဖြင့် မျက်နှာကို ခပ်ကြမ်းကြမ်း ပွတ်တိုက်ပစ်လိုက်သည်။

မိတ်ကပ်မရှိ သနပ်ခါးမတင်ဘဲ ပကတိ ချောမွတ် သန့်စင်နေသော သူမ၏ပါးပြင်ကို ကျွန်တော် ငေးကြည့်နေမိသည်။

မဘုန်းရှိန်က. . .

"နင်၊ ကြက်မွေးမလို့ဆို မင်းညီ"

"တိတိကျကျ မဆုံးဖြတ်ရသေးပါဘူးဟာ၊ ငါလည်း စီးပွားရေး တစ်ခုခု လုပ်ရင်ကောင်းမလားဆိုပြီး တောင်တော်အီအီ လျှောက်စဉ်းစား နေမိတာပါ"

"ဘာ. . နင်က စီးပွားရေးလုပ်ဦးမလို့၊ ဟုတ်လား"

သူမ၏ မျက်နှာရိပ်မျက်နှာကဲနှင့် လေသံတို့က "ကျွန်တော်၏ ဘူးသီးခြောက်နှင့်တူသော ဦးခေါင်းထဲမှ ဘယ်လိုမျိုး မဟုတ်မဟပ် ပေါက်တက်ကရ အကြံအစည်တွေ ထွက်လာပြန်ပြီလဲ"ဟု ထိတ်လန့် တကြား စူးစမ်းနေမှန်းသိသာလှ၏။

"ကြည့်လည်း လုပ်ပါဦး မင်းညီရယ်။ နင့်ပုံစံနဲ့ ဖြစ်ပါ့မလား"

"ဘာလဲ၊ နင်က. . . . ငါ့ကို အထင်သေးလို့လား၊ ယောကျာ်းပဲ၊ ဘယ်လို အခက်အခဲမျိုးမဆို ကျော်ဖြတ်နိုင်တယ်၊ နင်မှတ်ထား"

"တခြား အခက်အခဲတွေ အသာထားပါဦး၊ စစချင်းမှာကို အရင်းအနှီးလုပ်ဖို့ ပိုက်ဆံက နင့်ကို ဘယ်သူပေးမှာမို့လဲ"

မဘုန်းရှိန်၏ စကားကြောင့် ကျွန်တော့်ဦးခေါင်းအရေပြားသည် ဆံပင်တွေကြားမှာပင် ချွေးစို့လာ၏။ ကျွန်တော်က လေသံပျော့ပျော့ဖြင့်. . .

"ငွေကတော့ဟာ ဒီတစ်လအတွင်း ရအောင်ရှာမှာပေါ့"

"ဘာလဲ. . . နင့်ကို အမွေပေးမယ့် ဆွေမျိုးတစ်ယောက်က ဒီတစ်လအတွင်း အချိန်မီသေပေးမယ်လို့ ပြောထားဖူးလို့လား"

ကျွန်တော် ဘာမှ ပြန်မဖြေနိုင်။ ပါးစပ်ကို ပိတ်ထားလိုက်ရ၏။

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



မဘေုန်းရှိန်က. . . .

"နင်အားနေရင်လည်း တခြားပေ့ါပေ့ါပါးပါး အလုပ်တစ်ခုခု ရှာလုပ်ပါလား၊မင်းညီရယ်"

"ဘယ်လို အလုပ်မျိုးလဲ"

"ခေါင်းအုံးကို မှို့သွပ်တာတို့ မိုးပျံပူပေါင်းကို လေဖြည့်တာတို့ပေ့ါ"

ပေါက်ကရတွေ လျှောက်ပြောနေမှန်းသိသဖြင့် ကျွန်တော်မခံချင် ဖြစ်လာ၏။

"နင် ကုလသမဂ္ဂမှာ သွားပြီး အလုပ်လုပ်ပါလား မဘေုန်းရှိန်၊ အလုပ်လက်မဲ့တွေကို ဖြေရှင်းတဲ့နေရာမှာ နင့်ဦးနှောက်က အသုံးဝင်လိမ့် မယ်"

"အမယ်. . . ငါ့စိတ်ကူးထားပြီးသားဟ၊ အလုပ်လက်မဲ့ ပြဿနာ များ၊ ရှင်းရတာလွယ်လွယ်လေး"

"ဘယ်လိုရှင်းမှာလဲ ဆိုပါဦး"

ကျွန်တော်က အမြင်ကတ်ကတ်ဖြင့် မေးလိုက်သည်။ မဘေုန်းရှိန် က

"လွယ်လွယ်လေးပဲ။ အရင်ဦးဆုံး အလုပ်လက်မဲ့ဖြစ်နေတဲ့ ယောကျ်ားတွေနဲ့ မိန်းမတွေကို စုပြီး လေယာဉ်ပျံနဲ့တင်ခေါ်သွားမယ်။ ပြီးတော့ယောကျ်ားတွေချည်းပဲ ကျွန်းတစ်ကျွန်းမှာထားမယ်။ မိန်းမတွေကို တခြားကျွန်းမှာ သွားထားမယ်"

"အဲဒီတော့ အလုပ်က. . . "

"အဲဒီတော့. . . သူတို့ လှေတွေဆောက်ကြမှာပေ့ါ"

ကျွန်တော်က အသံမထွက်အောင် ကျိတ်ရယ်လိုက်မိ၏၊ထို့နောက်

"နင်ဘာဖြစ်နေတာလဲ မဘေုန်းရှိန်၊ ငါရောက်ကတည်းက စကားအကောင်းမပြောသေးဘူး၊ တကယ်ဆို ငါ အလုပ်လုပ်ချင် ကိုင်ချင်စိတ်ရှိလာတာကို အားပေးဖို့ကောင်းတာပေ့ါ"

မဘေုန်းရှိန်၏ မျက်နှာပေါ်တွင် ကျွန်တော့်ကို လှောင်ပြောင် သရော်ချင်သော အပြုံးလေးတစ်ချက် ဖြတ်သန်းတိုက်ခတ်သွားသည်။ (ထိုအပြုံးသည် ကျွန်တော်တစိမ့်စိမ့်ကြောက်ရသော အပြုံးမျိုးဖြစ်သည်)

http://www.cherrythitsar.org



ထို့နောက် သူမက. . .

“နေစမ်းပါဦး၊ နင်က ဘာဖြစ်လို့ အခုမှ ပြုန်းစားကြီး ထပြီး အလုပ်လုပ်ချင်စိတ်တွေ၊ ပိုက်ဆံရှာချင်စိတ်တွေ ပေါ်လာရတာလဲ”

ကျွန်တော် အဖြေရခက်သွားသည်။ ‘ရည်းစားကြောင့်’ ဟု ပြောလျှင် သူမက ကျွန်တော့်ကို အကြီးအကျယ် ဟားပေတော့မည် (အခုတောင်ရိပ်မိနေပြီလားမသိဘူးဟု ကျွန်တော် တွေးလိုက်မိ၏၊ သူမက ကျွန်တော့်ကို အပြုံးဖြင့် ခြိမ်းချောက်နေသောကြောင့်ဖြစ်သည်)။

ထို့ကြောင့် ကျွန်တော်က. . .

“ဟ. . ငါ့သူငယ်ချင်းတွေ အားလုံး အလုပ်နဲ့ အကိုင်နဲ့ဖြစ်နေတော့ ငါလည်းအလုပ်လုပ်ချင်လာတာပေါ့ဟ။ ကြည့်လေ. . . နင်ဆိုရင် ပန်းချီပြခန်းနဲ့ ရပ်တည်နိုင်တယ်။ မောင်မောင်အေးဆို ဗီဒီယိုခွေဆိုင်၊ ဝေဠုဆို ကွန်ပျူတာစာစီစာရိုက်၊ ဟော. . အခုဆို ကိုကျင်မောင်တောင် စားသောက်ဆိုင်ဖွင့်မလို့တဲ့”

“ဘာ၊ ကိုကျင်က. . စားသောက်ဆိုင်ဖွင့်မယ် ဟုတ်လား”

“အေး၊ ဟုတ်တယ်. . . ကြက်ကြော်ဆိုင်တဲ့”

မေဘုန်းရှိန်က ရယ်ရင်းမောရင်း ညည်းညူသလိုဖြင့်. . . .

“ဒုက္ခပါပဲဟာ၊ ကိုကျင်တစ်ယောက်တော့ အူကြောင်ကြောင်နဲ့ ဘာတွေတလွဲလျှောက်လုပ်ဦးမလဲမသိဘူး၊သွားတော့သွားကြည့်လိုက်ချင်သေးတယ်။ ရယ်ရမှာဟ”

‘‘သွားစားကြည့်ပါလား၊နင့်ကိုတောင် ကိုကျင်က ဖိတ်ခိုင်းထားသေးတယ်’’

“သွားစားရမှာ ခပ်လန့်လန့်ပါပဲ. . . မင်းညီရယ်”

“အောင်မယ်. . . နင်က ကိုကျင့်ကို အထင်သေးလို့လား၊ သူက တခြားနေရာတွေမှာသာ ကြောင်ချင်ကြောင်မယ်။ အစားအသောက်ကျတော့ တကယ်အချက်အပြုတ်ကောင်းတာဟ”

မေဘုန်းရှိန်က နှာခေါင်းရှုံ့လိုက်ပြီး သွားစမ်းပါဟာ. . . ဟု မယုံကြည်စွာ ပြောသည်. ကျွန်တော်က. . .

“တကယ်ပြောတာဟ၊နင့်အစ်ကို ကိုအောင်မျိုးရှိန်မွေးထားတဲ့

http://www.cherrythitsar.org



ခွေးကလေး ဘော်ဘီလေ။ နင်မှတ်မိလား”

“အေး. . . မှတ်မိတယ်၊ ဘာဖြစ်လို့လဲ”

“အဲဒါ. . . ကိုကျင်မောင်တို့ပေါ့၊ ခွေးကလေးကို ‘ချစ်လှချည်ရဲ့ ချစ်လှချည်ရဲ့’နဲ့ တဖွဖွပြောနေတော့ ကိုအောင်မျိုးရှိန်က တကယ် အောက်မေ့ပြီးယုံနေတာ၊ နောက်. . . ကိုအောင်မျိုးရှိန် ခရီးထွက်စရာရှိတော့ ခဏအပ်ထားခဲ့တာလေ။အဲဒါ. . . ကိုကျင်တို့ ချက်စားပစ်လိုက်ကြရော”

“ဟယ်”

“အဲဒါ. . . ကိုအောင်မျိုးရှိန် ပြန်ရောက်လာပြီး မေးတော့ ကိုကျင်က ခင်ဗျား ခွေးကလေးတော့ အေအိုင်ဒီအက်စ် ရောဂါနဲ့ ဆုံးရှာပြီလို့ ပြောလိုက်တယ်။ ကိုကျင့်လက်ရာကတော့ ဟင်းချက် တကယ်ကောင်းတာ ဟာ မပြောပါနဲ့တော့. . . ”

မေဘုန်းရှိန်က ဒေါသဖြင့် မျက်မှောင်ကုတ်လိုက်ပြီး. . .

“ဟင်. . . . နင်ဘယ်လိုလုပ်သိသလဲ၊ နင်ပါ သူတို့နဲ့ အလိုတူ အလိုပါ အဲဒီဟင်းကို ဝင်စားလို့ သိတာပေါ့။ ဟုတ်တယ်မဟုတ်လား”

ကျွန်တော်. . . ကိုယ့်စကားနှင့်ကိုယ် ပိတ်မိနေပြီဖြစ်သောကြောင့် မငြင်းသာတော့. . . ။

“ငါက. . . စားချင်လွန်းလို့ မဟုတ်ပါဘူးဟာ။ ဟိုကောင်တွေက ငါ့ကိုဖော်ကောင်လုပ်မှာစိုးတယ်ဆိုပြီး အတင်းကျွေးလို့. . . ”

“တော်စမ်းပါ မင်းညီရယ်။နင်ဟာလေ တကယ့်ကိုပေါ့ပေါ့နေပေါ့ပေါ့စား။ ဘာမှလေးလေးနက်နက်မရှိဘူး။ အသည်းနှလုံးလည်းမရှိဘူး. . . ”

ကျွန်တော်က သူမကို ပခုံးတွန့်ပြလိုက်ပြီး. . .

“အသည်းနှလုံးမရှိဘူးလို့တော့ ပြောလို့မရဘူးဟ၊ ငါ. . . အခု ချစ်တတ်နေပြီ”

“သွား. . . သေလိုက်ပါလား။ နင့်အကြောင်းကို ငါမသိတာမှတ်လို့၊ မိန်းကလေးတစ်ယောက်ကို မြင်လိုက်ပြီဆိုရင် ချစ်လိုက်ရတာ ဖျပ်ဖျပ်လူး၊ ပြီးရင်လည်း ဘာမှ မဟုတ်တော့ပြန်ဘူး”

လူငယ်တစ်ယောက်ရဲ့ဘဝဆိုတာ ဘာလဲဟူသော မေးခွန်းကို

http://www.cherrythitsar.org


ကျွန်တော့်ကိုယ် ကျွန်တော်ပြန်မေးကြည့်နေဖြစ်သည်။

ဘာမဆို ချက်ချင်းမရမက လိုချင်သည် လိုချင်သောအရာကို ရကာစတွင် ရင်ပွင့်မတတ်ကြည်နူးသည်။ နောက်တော့လည်း ဘာမှ မကြာခင်ရိုးသွားသည်ချည်းပင်ဖြစ်၏

"ဒါကတော့. . ဒါပေါ့ပြာ။ဒါပေမယ့် ဒီတစ်ယောက်က အရင် ကောင်မလေးတွေနဲ့ မတူဘူး။မာနကြီးတယ်၊ မောက်မာတယ်၊ နောက်ပြီး. . . ထင်ရာဆိုင်းတယ်။ငါက အဲဒီ ထင်ရာဆိုင်းတဲ့ စိတ်ဓာတ်လေးကို ချစ်တာ"

"ဘယ်သူလဲဟင်၊ ဘယ်ကလဲ"

"ရတနာခင်ဖွေးတဲ့၊ မျက်မှန်လေးနဲ့ ချစ်စရာ အရမ်းကောင်းတယ်၊ ဖွေးဗီဒီယို ထုတ်လုပ်ဖြန့်ချီရေးပိုင်ရှင် ဒေါ်မဥ္စုဖွေးရဲ့ သမီး။ သူ့အဖေက. . ."

မောင်နှမ်းရှိန်က ကျွန်တော့်စကားမဆုံးခင် လက်ကာပြပြီး တားလိုက်၏။ နောက် အေးစက်စက်ဖြင့်. . .

"ငါသိတယ်"

ကျွန်တော် အံ့အားသင့်စွာ မေးလိုက်သည်။

"ဟင်. . နင်ဘာသိတာလဲ"

"သူ့အဖေက. . . ထိပ်တင်ကြီးရဲ့အမေ ဒေါ်ထိပ်တင်ကြွယ်နဲ့ မောင်နှမဝမ်းကွဲ"

ပြဿနာပဲ. . .။ ထိပ်တင်ကြီးနဲ့ လွတ်ကို မလွတ်နိုင်တော့ပါလားဟု တွေးရင်း ကျွန်တော် စိတ်ရှုတ်စွာဖြင့် ခေါင်းကို ကုတ်လိုက်သည်။ ထို့နောက်. . .

"အေး. . . ထိပ်တင်ကြီးဆို့လို့ ငါပြောရဦးမယ်၊ ဒီကောင် အခုတလောနင့်ဆီကို အဝင်အထွက် သိပ်များနေတာ ငါကြည့်မရဘူးနော်။ နင်ဘာသဘောနဲ့ အဲဒီကောင်ကို လက်ခံနေရတာလဲ"

"နင် မသိပါဘူး မင်းညီရယ်"

ကျွန်တော့်ကို 'မင်းမသိပါဘူး' ဟုပြောလာတတ်သော လူများကို ကျွန်တော်မုန်းသည်။ကျွန်တော် မသိဘူးဆိုလျှင် စကားဆက်ပြောရန်

http://www.cherrythitsar.org



အကြောင်းမရှိတော့ပါ။

သို့သော်(ကျွန်တော်၏) ထို သတ်မှတ်ချက်ထဲတွင် မေဘုန်းရှိန် ကတော့ ခြွင်းချက်ဖြစ်သည်။

ကျွန်တော်က. . .

"အဲဒီလူရဲ့. . စိတ်ဓာတ်ကို ငါမကြိုက်ဘူးဟာ"

"ငါလည်း မကြိုက်ပါဘူး၊ ဒါပေမယ့် နင်က ဘယ်လိုအချက် ကြောင့် မကြိုက်ဘူးလို့ ပြောနိုင်ရတာလဲ"

ထိုအမေးကို ပြန်ဖြေရန် ကျွန်တော့်တွင် အချက်အလက် တိတိကျကျ မရှိပါ။ ဘာကြောင့်မှန်းမသိ။ ပကတိ လှုံ့ဆော်စိတ် သက်သက်ဖြင့်သာ အမြင်ကပ်နေမိခြင်းဖြစ်သည်။

ကျွန်တော်က. . . .

"ဒီလူ. . . . ကြွားလွန်းတယ်ဟာ၊ မောက်မာတယ်ဟာ၊ ကိုယ့် ကိုယ်ကို ဂုဏ်ဖော်လွန်းတယ်ဟာ၊ နောက်ပြီးတော့ ပြီးတော့. . . "

ကျွန်တော့် စကားဆက်စရာမဲ့နေချိန်တွင် သူမက မေးခွန်း တစ်ခုဖြင့် ဝင်ထောက်လိုက်သည်။

"ငါတို့ပတ်ဝန်းကျင်မှာရှိတဲ့ လူအတော်များများမှာလည်း အဲဒီလို ကြွားတတ်တဲ့၊ မောက်မာတတ်တဲ့ စရိုက်တွေရှိတာပဲ မဟုတ်လား။ နင်က ဘာဖြစ်လို့ သူ့ကိုမှ ရွေးပြီး အမြင်ကတ်နေရတာလဲ"

ကျွန်တော့်မှာ အဖြေမရှိ. . .။

မေဘုန်းရှိန်က သူမဆွဲလက်စ ပန်းချီကားကို တစ်ချက် လှမ်းကြည့်ရင်း. . .

"အေး၊ နင်မဖြေနိုင်ရင် ငါပြောပြမယ်။ ငါ့ပန်းချီစတူဒီယိုရှေ့က ကွမ်းယာဆိုင်ရောင်းတဲ့ ကောင်မလေးကို နင်သိတယ်မဟုတ်လား၊ နှုတ်ခမ်းကွဲလေးနဲ့လေ"

ကျွန်တော် ခေါင်းညိတ်လိုက်၏။

*

http://www.cherrythitsar.org



"နှုတ်ခမ်းကွဲလေးနဲ့" ဟု ဖြည့်စွက်၍ ပြောလိုက်သော မေဘုန်းရှိန်စကားကြောင့် ကျွန်တော့်ရင်ထဲတွင် တုန်လှုပ်သွား၏။

မေဘုန်းရှိန်၏အစ်ကို အောင်မျိုးရှိန်သည်(ဘာအလုပ်မှ မလုပ်ဘဲ အချိန်ပြည့် အရက်မူးနေသော လူပေလူလွင့် တစ်ယောက်အဖြစ် တစ်သက်လုံး ရှင်သန်နေထိုင်လာခဲ့ရာမှ) ထိုကလေးမလေး၏ နှုတ်ခမ်းကွဲလေးကို ပြန်ချုပ်ပေးချင်သော ဆန္ဒတစ်ခုတည်းနှင့်ပင် အရက်ပြတ်ကာ ဘဝကို ပြန်မတ်ဖို့ ဆုံးဖြတ်နိုင်ခဲ့သည်။

ကိုအောင်မျိုးရှိန် သေဆုံးသွားသည့်အခါတွင်လည်း မေဘုန်းရှိန်က သူအမြတ်နိုးဆုံး ပစ္စည်းကိုရောင်းပြီး(ထိုကလေးမလေး၏ နှုတ်ခမ်း အကွဲ လေးကိုချုပ်ဖို့) ပိုက်ဆံ ရှာပေးခြင်းဖြင့် သူ့အစ်ကို၏ နောက်ဆုံးဆန္ဒကို ဖြည့်ဖို့ ကြိုးစားဖူးသည်။

ထိုအဖြစ်အပျက်သည် ကျွန်တော့်နှလုံးသား၏ အခိုင်မာဆုံး သက်ရှိရာဇဝင်တစ်ခုဖြစ်သည်။

*

"သိတာပေါ့၊ စောစောကလေးတင် ငါ. . . နင့်ဆီအလာမှာ သူ့ ဆိုင်ကို လှမ်းကြည့်ခဲ့သေးတယ်၊ မတွေ့တော့ဘူး။ ဘယ်လိုလဲ၊ သူ့နှုတ်ခမ်း အကွဲလေးကို ပြန်ချုပ်ဖြစ်လား"

မေဘုန်းရှိန်က ခေါင်းကို ခါယမ်းပြ၏။ သူမ၏မျက်ဝန်းတွေက မုန်တိုင်းကျထားသော ပယ်လယ်လို မှိုင်းမှိုင်းရီဝေနေသည်။

"မချုပ်ဖြစ်ဘူး။ သူဟာ အခုထိ နှုတ်ခမ်းကွဲနေတဲ့ ကောင်မလေးအဖြစ်နဲ့ ရှိနေတုန်းပဲ။ နောက်လည်း ဒီအတိုင်းပဲ ဆက်ရှိနေတော့မှာပဲ"

'ဘာ. . .၊ ဘယ်လိုဖြစ်တာလဲ"

တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလိုမျိုးကျွန်တော့်လည်ချောင်း တွေသွေ့သွေ့ခြောက်ခြောက် ဖြစ်လာ၏။

မေဘုန်းရှိန်က ပါးကွက်အာဏာသား တစ်ယောက်၏ အကြည့်နှင့်တူသော အဖြေဖြင့်. . . .

"ထိပ်တင်ကြီးကြောင့်ပါ"

"ဟင်. . . ဒီကောင်ဘာသွားလုပ်လို့လဲ"

"သူ့ဆီကရလိုက်တဲ့ ပိုက်ဆံကို ငါမသုံးဘဲ အဲဒီကောင်မလေးရဲ့ နှုတ်ခမ်းကို ပြန်ချုပ်ဖို့ပေးလိုက်တယ်ဆိုတာ သူသိသွားတယ်လေ၊ အဲဒီမှာတင် သူကဘာမဆိုင် ညာမဆိုင်နဲ့ ဟိုကောင်မလေးဆီသွားပြီးတော့ **'နင် သူများပိုက်ဆံကို အချောင်လိုချင်တာ မရှက်ဘူးလား။ တစ်သိန်းဆိုတာ နင်တစ်သက်လုံး ယောင်လို့တောင် အိမ်မက် မမက်ရဲဘူး မဟုတ်လား။ ကိုအောင်မှူးရှိန်ကို နင်ဘယ်လို အပေးအယူ လုပ်လိုက်သလဲ'** ဆိုတဲ့ စကားမျိုးတွေ သွားပြောတယ်။ ဟိုက ကလေးဆိုပေမယ့် အပျိုပေါက်ကလေးပဲဟာ၊ ဘာမှ ပြန်မပြော တတ်လို့ ခေါင်းငုံ့ခံရပေမယ့် ရှက်တာပေါ့"

"ဒီကောင် တော်တော်အောက်တန်းကျတာပဲ. . . တောက်"

"အေး၊ အဆိုးဆုံးကတော့ 'နှုတ်ခမ်းကို ပြင်ပြီးချုပ်လိုက်လို့ လည်း နင့်ရုပ်က ဘာမှ ပိုထူးလာမှာ မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်ကိုလည်း မှန်ထဲ ပြန်ကြည့်လိုက်ဦး။ ပိုက်ဆံကုန်တာပဲရှိမယ်။ **တစ်သက်လုံး နှုတ်ခမ်းကွဲဟာ နှုတ်ခမ်းကွဲပါပဲ'** လို့ သွားပြောလိုက်တာပဲ"

အဆိုးရွားဆုံး နှိပ်စက်ညှင်းပန်းမှုတစ်ခုပါပဲဟု ကျွန်တော် စိတ်ထဲကနေ၍ ပြောဖြစ်သည်။မေဘုန်းရှိန်က. . .

"သူက. . . ကလေးတစ်ယောက်ရဲ့ မျှော်လင့်ချက်ကို ယုတ် ယုတ်မာမာ ဖျက်စီးပစ်လိုက်တာပဲ။ **လူကို သတ်တာထက် မျှော်လင့် ချက်ကို သတ်တာကပိုဆိုးတယ်** မင်းညီ၊ အဲဒါကို ငါမကြိုက်တာ"

"အခု ဟို. . . ကလေးမလေးကော"

"အဲဒီနေ့မှာပဲငိုယိုပြီး ငါ့ကို အကြောင်းစုံလာပြောပြတယ်။ နောက်ပိုက်ဆံတွေ အားလုံးကို အတင်းပြန်ပေးပြီး **'သူပြောတာလည်း ဟုတ်ပါတယ်. . . အစ်မရယ်၊ ဒီနှုတ်ခမ်းကွဲလေးကို ပြန်ချုပ်လိုက် လို့လည်း ကျွန်မဘဝက ဒီထက်ပိုထူးလာစရာ အကြောင်းမရှိ တော့ပါဘူး'**လို့ပြောပြီး ထွက်သွားလိုက်တာ၊ နောက်နေ့ ဆိုင်ပြန်ဖွင့်တာကို မတွေ့ရတော့ဘူး"

http://www.cherrythitsar.org



ကျွန်တော် တိတ်တခိုး အောင့်ထားမိသော ထွက်သက်ကို လေးလေးပင်ပင် ရှိုက်ထုတ်ဖြစ်သည်။

မေဘုန်းရှိန်က. . . .

"အဲဒီ. . . ကောင်မလေးအဖို့တော့ တစ်သက်တာလုံးအတွက် သူ့စိတ်ဓာတ်ဟာ ဘယ်လောက်ထိ နက်ရှိုင်းတဲ့ ချောက်ကမ်းပါးထဲ ပြိုပျက်သွားပြီလဲမသိဘူး"

■

http://www.cherrythitsar.org



(လေး)

ကိုကျင်၏ အသစ်စက်စက် စားသောက်ဆိုင်ရှေ့တွင် ကားရပ်မိချိန်အထိ ထိုနေ့ကို မင်္ဂလာရှိသော နေ့အဖြစ် ကျွန်တော် ထင်မြင်ယူဆနေမိဆဲရှိသေးသည်။

"လာလေ. . . ရတနာ၊ ဒါ. . . မောင့်သူငယ်ချင်းဆိုင်ပဲ"

ရတနာက သူမ၏ မျက်မှန်လေးကို အသာပင့်ရင်း ဆိုင်းဘုတ်ကို မော့ဖတ်ကြည့်လိုက်ရာမှ ပြုန်းခနဲ တွေတွေဝေဝေဖြစ်သွား၏။

သူမက ကျွန်တော့်လက်မောင်းအကျႌစကို အသာလှမ်းဆွဲလိုက်ကာ. . . .

"ဟင်၊ မစားချင်ပါဘူး၊ ဆိုင်နာမည်က ရွံစရာကြီး"

ရတနာ့စကားကြောင့် ကျွန်တော် ခေါင်းမော့ပြီး ဆိုင်းဘုတ်ကို ဖတ်ကြည့်လိုက်မိသည်။

"ကျင်ကြီး. . . . စားသောက်ဆိုင်"

တောက်. . . ကိုကျင်ကတော့ လုပ်ချလိုက်ပြန်ပြီဟုတွေးကာ မသက်မသာ ဖြစ်သွားသည်။'ကျင်ကြီး' ဟူသော ဝေါဟာရသည် 'မစင်(ချေး) အညစ်အကြေး'ကို ဆိုလိုသော အဓိပ္ပာယ်သက်ရောက်နေမှန်း သူသိပုံမပေါ်။

"မစင်(ချေး)များကို စားသောက်ရသည့်ဆိုင်"လိုလို ဘာလိုလို ဆိုင်းဘုတ်ကြောင့် ရတနာ ဝင်မစားလိုခြင်းကို ကျွန်တော် အပြစ်မတင်ရက်ပါ။ ဘယ်သူမှလည်း စားချင်ကြလိမ့်မည်မဟုတ်ချေ။

ကိုကျင်ကတော့ ဆိုင်ထဲမှ ဝမ်းသာအားရ ပြေးထွက်လာပြီး ကြိုသည်။ 'အထဲမှာ မေဘုန်းရှိန်လည်းရောက်နေတယ်ကွ"ဟု အလိုက်ကန်းဆိုး မသိစွာဖြင့်လည်း ပြောသည်။

ကျွန်တော်က သူ့ကို ကျိတ်ပြီး တိုးတိုး သတိပေးရသည်။

"ဟေ့လူ၊ ခင်ဗျားဆိုင်းဘုတ်က'ကျောင်ကြီး'ဆိုတဲ့ နာမည်ကို ပြင်လိုက်ဦး"

"ဘာဖြစ်လို့လဲကွ။ ငါ့ညီက ကျင်စိန်၊ ငါက ကျင်မောင်လေ၊ ငါက. . . အကြီးမို့လို့ ချစ်စနိုးဖြစ်အောင် ကျင်ကြီးလို့ နာမည်ပေးလိုက်တာ"

ဆိုင်ထဲတွင် စားသောက်သူတစ်ယောက်မှ မရှိသည်ကို မြင်ရသောအခါ ကျွန်တော် မအံ့ဩမိတော့ပါ။

ဆိုင်အတွင်းဘက်က အစွန်ဆုံးစားပွဲတွင်တော့ မေဘုန်းရှိန် ထိုင်နေသည်ကို တွေ့ရ၏။ ယခင်က ကျွန်တော့်ရည်းစားမှန်သမျှကို မေဘုန်းရှိန်နှင့် မိတ်ဆက်ပေးခဲ့သည့် အစဉ်အလာရှိသော်လည်း အခု တစ်ယောက်က ထိပ်တင်ကြီးနှင့် ပတ်သက်နေသဖြင့် သူမ ကြိုက်မကြိုက် မသိသောကြောင့် မိတ်ဆက် မပေးလိုက်တော့ပါ။

ကျွန်တော်လှမ်းပြီး ပြုံးရှုံသာ ပြုံးပြလိုက်၏။

မေဘုန်းရှိန်ကတော့ အေးအေးဆေးဆေးပင် လက်လှမ်းပြသည်။ သူမ၏ မျက်ဝန်းထဲတွင် ရန်လိုခြင်း၊မုန်းတီးခြင်း စသော အရိပ်အရောင်များလုံးဝမရှိ။

ဤသည်ပင်လျှင် ကျွန်တော် အနှစ်သက်အလေးစားဆုံး မေဘုန်းရှိန်၏ စိတ်ဓာတ်အစစ်ဖြစ်လေသည်။

*

ရတနာကတော့ သူမ၏ မျက်မှန်လေးကို ပွတ်သတ်ရင်း ကဏ္ဍာမငြိမ်ဖြစ်နေ၏။ သည်ဆိုင်ထဲတွင် ထိုင်နေရသည်ကိုပင် သူမ စိတ်မလုံမခြုံဖြစ်နေဟန်တူသည်။

"ဒီတစ်ခါတော့ သည်းခံပြီး စားလိုက်ပါ ရတနာရယ်. . . နော်။ မောင်က မောင့်သူငယ်ချင်းဆိုင်မှာ ကျွေးချင်လွန်းလို့ ခေါ်လာတာ"

"ဟင်း၊ ဒါပဲနော်၊ မောင့်ကို ချစ်လွန်းလို့ သည်းခံတာ"

ကျွန်တော် အနည်းငယ် ရင်ပေါ့သွား၏။

http://www.cherrythitsar.org



"ဒါပေါ့ ရတနာရဲ့ မောင်ကရှုံပြီးသား၊ သည်းခံတယ်ဆိုတာ နှလုံးသားဖြူစင်တဲ့သူတွေမှာပဲရှိတဲ့စိတ်ဓါတ် . . .။ ဝိဓူရအမတ်ကြီးကို ကြည့်ပါလား"

"ဘယ်က ဝိဓူရအမတ်ကြီးလဲ၊ ပုဏ္ဏကဘီလူးက မြင်းမြီးမှာချည်ပြီး နှိပ်စက်တာကိုခံရတဲ့ အမတ်ကြီးလား"

"ဒါပေါ့၊ အစတုန်းက သူက ကောရဗျဘုရင်ရဲ့ ပညာရှိ အမတ်ကြီးလေ။ နောက်တော့မှ ဘုရင်ကြီးက ပုဏ္ဏကဘီလူးဆီမှာ ဘောလုံးပွဲလောင်းလို့ ရှုံးတာနဲ့ အမတ်ကြီးကို ပေးလိုက်ရတာ"

"မောင်နော်၊ကြံကြံဖန်ဖန်တွေ လျှောက်ပြောမနေနဲ့၊ ကြွေအန် ကစားလို့ ရှုံးတာပါ"

"ဩော် . . အင်းအင်း၊ အဲဒီခေတ်တုန်းက ကမ္ဘာ့ဖလားဘောလုံးပွဲ မရှိသေးလို့နေမှာပါ။ ရှိရင် ဘယ်ကြွေအန်ကစားမလဲ၊ နီကိုရဲတို့လို ဘောလုံးပွဲပဲလောင်းမှာပေါ့"

ကိုကျင်က ကြက်ကြော်ရင်ပုံသားနှစ်တုံး လာချ၏။ စားပွဲထိုးလည်း ရှိသေးပုံမပေါ်။ ကျွန်တော်က ပန်းကန်တစ်ချပ်ကို ရတနာ့ဖက်သို့ တိုးပေးလိုက်သည်။

မေဘုန်းရှိန်ရှိရာဆီ လှမ်းကြည့်လိုက်သောအခါ သူမက စားပြီး၍ လက်ဆေးကြွေဇလုံရေပိုက်ခေါင်းကို ဖွင့်ကာ လက်ဆေးနေသည်ကို မြင်ရ၏။

ရတနာက ကြက်ကြော်ကို မတို့မထိသေးဘဲ ကျွန်တော့်ကို မော့ကြည့်သည်။ (သူမ၏ စိတ်ထဲတွင် ဆိုင်နာမည်ကို ပြန်သတိရပြီး စားဖို့လက်တွန့်နေသလားမသိပါ)

ကျွန်တော် . . .

"စားလေ ရတနာ၊ ကြက်သားကြိုက်တယ် မဟုတ်လား"

"ကြိုက်တယ်။ ကြက်သား၊ ဘဲသား၊ ငုံးသား၊ ဥကပေါက်တဲ့ အကောင်မှန်သမျှ အကုန်ကြိုက်တယ်"

"ဒါဆို မယ်လမုကော၊ စာထဲမှာ ဖတ်ဖူးတာတော့ မယ်လမု လည်း ဥကမွေးတာတဲ့"

http://www.cherrythitsar.org



"ကြည့်. . . ပေါက်ကရတွေ။ စကားအကောင်းမပြောရင် အခု ချက်ချင်း ထပြန်သွားလိုက်မှာနော်"

ကျွန်တော်က သူမကို ကမန်းကတန်းချော့ရ၏။

သည်လို အကြောင်းမရှိ အကြောင်းရှာပြီး စိတ်ကောက်ခြင်း၊ ပြန်ချော့ခြင်းများသည် အတော်ပင် အူကြောင်ကြောင်နိုင်သော်လည်း(တခြား လုပ်စရာလည်း များများစားစားမရှိသောကြောင့်) အနည်းအပါးတော့ အပျင်းပြေစေပါသည်။

မဘုန်ရှိန်ကတော့ လက်ဆေးကြွေဇလုံရှေ့တွင်ရပ်ကာ အချိန် အတော်ကြာ လက်ဆေးနေရာမှ လည်ပြန်လှည့်ကြည့်လိုက်ပြီး ပြုံးစေ့စေ့ လုပ်နေ၏။ ကျွန်တော်ဘာမှ မတတ်နိုင်ပါ။

ရတနာက ကြက်ကြော်ကိုလက်ဖြင့် ဖဲ့စားရင်း. . .

"အိမ်မှာ မေမေနဲ့ ရတနာပဲ အသားငါးစားတာ မောင်ရဲ့၊ ဖေဖေက ရာသက်ပန် သက်သတ်လွတ်"

ထိပ်တင်ကြီးနှင့် အမျိုးတော်သည်ဆိုမှတော့ ထိုအဖိုးကြီးတွင် ကြောင်ကွက်တစ်ခုမဟုတ်တစ်ခု ရှိနေမည်ကို ကျွန်တော် ကြိုတင် တွေးထားပြီးသားဖြစ်သည်။

"ဘယ်လိုရည်ရွယ်ချက်နဲ့လဲ"

"ဖေဖေက အစကတည်းက သတ္တဝါလေးတွေဆို သိပ်သနား တတ်တာလေ။ အိမ်မှာမွေးထားတဲ့ ကြောင်ကလေးသေတော့ ဖေဖေ စိတ်မကောင်းဖြစ်သွားတယ်"

"သြော်. . . ရှုံးသွားတယ်လား။ သံယောဇဉ်မီးဆိုတာ တယ်ပူပြင်း တာကိုးနော်"

"ဟာ. . . မောင်ကလည်း စိတ်မကောင်းဖြစ်တယ်ဆိုတာ ရှုံးသွား တာကို ပြောတာမဟုတ်ဘူး၊ ဟို. . . ဘယ်လိုခေါ်မလဲ၊ အရမ်း ဝမ်းနည်းသွားတာကို ပြောတာ"

"သြော်. . . . သြော်"

သည်အချိန်တွင် ကျွန်တော့်မျက်နှာ အမူအယာသည် ပကတိ ရိုးသားစွာဖြင့် မသိနားမလည်ရှာသူတစ်ယောက်၏ ဟန်ပန်အတိုင်းတိတိ

http://www.cherrythitsar.org


ကျကျ ရှိနေပါစေဟု ကျွန်တော် ကျိတ်ဆုတောင်းနေရသည်။

သူမက. . .

“အဲဒီနေ့ကတည်းက စပြီး အသားဆို ဘာသားမှ မစားတော့ဘဲ ရှောင်လိုက်တာ အခုချိန်အထိဘဲ ဆိုပါတော့”

စကားအဆုံးတွင် ကျွန်တော့်ထံမှ သူမ၏ အဖေကို ချီးကျူးသော (သို့မဟုတ်)ကြည်ညိုသော မှတ်ချက်တစ်ခုခု ကြားရဖို့ မျှော်လင့်ထားပုံရသည့် မျက်လုံးများဖြင့် မော့ကြည့်သည်။

ကျွန်တော်ဘာမှပြောရန်မရှိ။ဒါက အဲသည်ငနဲကြီး ကိစ္စသာ ဖြစ်သည်။ ချီးကျူးရန်သော်လည်းကောင်း၊ ကဲ့ရဲ့ရန်သော်လည်းကောင်း၊ စိတ်ဝင်စားစရာ ဘာအကြောင်းမှမရှိပါ။

ကျွန်တော်က စကားစဖြတ်ချင်သောကြောင့် အစားအသောက်ကို လက်စသတ်လိုက်ပြီး ထိုင်နေရာမှ ထကာ. . .

“ခဏနော်. . . . ရတနာ၊ မောင်လက်သွားဆေးလိုက်ဦးမယ်”

ဘာကြောင့်မှန်းတော့ မသိ။ မဘုန်းရှိန်က ကျွန်တော့်ကို စောင့်ကြည့်နေသည်ဟု စိတ်ထဲက အလိုလိုခံစားနေရ၏။

ကြွေဇလုံရှိရာဆီသို့ ကျွန်တော်လျှောက်လာချိန်တွင် မဘုန်းရှိန်က လက်မှရေစက်များကို မွေးပွတစ်ဘက်ဖြင့် သုတ်ရင်း တစ်ချက် လှမ်းကြည့်သည်။

ထို့နောက် ကျွန်တော်နှင့်ကိုကျင့်ကို ‘ပြန်တော့မယ်’ ဟု ပြုံးစေ့စေ့ဖြင့် နှုတ်ဆက်ပြီး ဆိုင်ပြင်သို့ ခပ်သုတ်သုတ် လျှောက်သွား လေ၏။

*

လက်ဆေးကြွေဇလုံရှေ့တွင် ကျွန်တော်ရပ်လိုက်သည်။

“အမယ်. . . ဒါမျိုးကျတော့လည်း ကိုကျင်စီစဉ်ထားပုံက မဆိုးပါလား” ဟု ကျွန်တော် စိတ်ထဲတွေးလိုက်မိ၏။

လက်ဆေးရန် ဆပ်ပြာခဲမထား၊ ဆပ်ပြာအဆီပုလင်းသာ

http://www.cherrythitsar.org



ထားခြင်းကို တွေ့ရသောကြောင့်ဖြစ်သည်။

ကျွန်တော်က ဆပ်ပြာ အဆီပုလင်းကို လှမ်းယူပြီး လက်ဖဝါး ထဲသို့ အတော်များများ ညှစ်ချလိုက်သည်။ ထို့နောက် လက်နှစ်ဘက်ကို စိမ်ပြေနပြေ ပွတ်သပ်လိုက်၏။

ကျွန်တော့်လက်နှစ်ဖက်စလုံးတွင် ဆပ်ပြာအမြှုပ်တွေ ဖွေးဖွေး လှုပ်နေအောင် ဖုံးလွှမ်းသွားသည့်အခါကျမှသာ ရေဆေးချရန် ဘုံဘိုင် ခေါင်းကို ဖွင့်ချလိုက်သည်။

"ဟာ. . . . သွားပြီ"

ရေပိုက်ခေါင်းမှ ရေတစ်စက်တလေပင် မကျလာ။

ကျွန်တော် ဘုံပိုင်ပိုက်ခေါင်းကို အဆုံးထိ လှည့်ဖွင့်သည်၊ ရေတစ်စက်မှ မကျ။

ကျွန်တော့်အသိစိတ်တွေ ပြာယာခတ်သွားသည်။

"ကယ်တော်မူကျပါဗျို့"ဟု ပင် အော်လိုက်ချင်စိတ်ပေါ် သွား၏။

ကျွန်တော့်လက်နှစ်ဖက်စလုံးမှာလည်း ဆပ်ပြာအမြှုပ်တွေက ဖွေးဖွေးလှုပ်အောင် ဖုံးလွှမ်းလျက်. . . .

ပြဿနာက တကယ်ပင် မသေးပါ။ ဒီလက်မှ ဆပ်ပြာမြှုပ်များကို ရေမရှိဘဲ မည်သို့ ဆေးကြောပစ်ရမည်နည်း။

*

စင်ထောင့်မှ တစ်ရှူးစက္ကူစအလိပ်ကို မြင်ရသောအခါ ကျွန်တော့် ဦးခေါင်းထဲတွင် အရေးပေါ် စိတ်ကူးတစ်ခု စဉ်းစား လိုက်မိသည်။

ကျွန်တော် တစ်ရှူးစက္ကူစများကို ဖြတ်ယူပြီး လက်မှ ဆပ်ပြာမြှုပ်များကို လျှောက်သုတ်ပစ်လိုက်၏။(ထိုအခိုက်အတန့်မှာပင် ဘုံပိုင် ခေါင်းကို ရေမကျအောင် လုပ်ပစ်ခဲ့သည့် တရားခံသည် မေဘုန်းရှိန် ဖြစ်နိုင်ကြောင်း ကျွန်တော် စဉ်းစားမိလာသည်။ သူမအနေဖြင့် ရှိရှိုး တန်းတန်း လက်ဆေးရုံသက်သက်သာဆိုလျှင် လက်ဆေးကြွေဇလုံရှေ့တွင်

http://www.cherrythitsar.org



ဒီလောက်ကြာကြာ ရပ်နေဖို့ ဘာအကြောင်းမှမရှိ)

*

တစ်ရှူးစက္ကူအတော်များများကို ဖြုန်းတီးပစ်လိုက်ပြီးသောအခါ ကျွန်တော့်လက်ပေါ်မှာ ဆပ်ပြာအမြှုပ်တွေ ပြောင်စင်သွား၏။ သို့ရာတွင်

အဖြူရောင် အမြှုပ်များကို မမြင်ရတော့ရုံသက်သက်မျှသာ ရှိပြီး(ရေဖြင့်မဆေးရသောကြောင့်)ဆပ်ပြာအားလုံးကတော့ ဘယ်နည်းနှင့်မျှ မပြောင်စင်နိုင်။

ထို့ကြောင့် ကျွန်တော့်လက်များသည် စေးကပ်ကပ်၊ ချော ကျိကျိဖြစ်နေကြ၏။

ကိစ္စမရှိ။ သည်လောက်ကတော့ ကိုယ့်ဘာသာကို ဟန်မပျက် နေရင်း ထိန်းထားနိုင်လောက်သည်ဟု တွက်လိုက်၏။ ထို့ကြောင့် ခပ်တည်တည်နှင့်ပင် စားပွဲဆီသို့ ပြန်လာခဲ့၏။

ရတနာက. . . .

“မောင်ကလည်း လက်သွားဆေးတာ ကြာလိုက်တာ”

ကျွန်တော်ဘာမှ ပြန်မပြောရဲ။ ခပ်ကုပ်ကုပ်ကလေး အသာဝင် ထိုင်ပြီး ငြိမ်နေလိုက်သည်။ ထို့နောက် စီးကရက်သောက်ချင်လာသော ကြောင့် စားပွဲပေါ်မှ မီးခြစ်ကို ကောက်ယူလိုက်၏။

လက်က ဆပ်ပြာအဆီများနှင့် ချောနေသောကြောင့် မီးခြစ်က လက်ထဲမှ ‘ဖလွတ်’ ခနဲ မြည်ကာ လျှောတိုက်လျက်လွင့်စင်ထွက်သွား၏။

ရေသောက်ရန်ဖန်ခွက်ကိုကောက်ကိုင်လိုက်သည့်အခါတွင်လည်း လက်ကမမြဲ၊ ဖန်ခွက်က လက်ထဲမှ လျှောထွက်ကာ လွတ်ကျသည်။ ပေါင်ပေါ်တည့်တည့်ကျပြီး မကွဲ၍သာ တော်သေးပေတော့သည်။

ရတနာက. . . .

“ရှင်. . . . ဘာဖြစ်နေတာလဲ၊ ဟိုပစ္စည်းကိုင်လိုက် လျှောထွက် လိုက်၊ ဒီပစ္စည်းကိုင်လိုက်. . . . လွတ်ကျလိုက်နဲ့”

ကျွန်တော်. . . ဘယ်လိုပြန်ဖြေရှင်းရမည်မှန်းမသိ၊ နောက်ဆုံးတွင် ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



"လာကွာ၊ ပိုက်ဆံရှင်းပြီးလစ်ရအောင်"

ဟုသာ ပြောဖြစ်၏။

ရတနာက. . . . .

"နေပါစေ၊ မောင်ပိုက်ဆံမရှင်းနဲ့ ရတနာပေးလိုက်မယ်"

"ဟာကွာ၊ ရတနာကလည်းကွာ မဟုတ်တာ၊ မောင်ရှင်းမှာပေါ့"

ပိုက်ဆံကို အလုအယက်ပေးဖို့ သူ့ထက်ငါ ဦးအောင်ထုတ်ကြသည်။ ကျွန်တော်က ရတနာ့လက်ကို တားသည်။ ရတနာက ကျွန်တော့်လက်ကို တွန်းဖယ်သည်။ ရုတ်တရက်မို့ ပိုက်ဆံကို ဆွဲထုတ်လိုက်သည့် ကျွန်တော့်လက်က(သူမက ပြန်အတွန်းတွင် အရှိန်ဖြင့် လှုပ်ရမ်းသွားပြီး သူမ၏ မျက်မှန်ကို တိုက်ချလိုက်၏)

"ဟာ"

ခွမ်းခနဲ ကျကွဲသံကြားရလိမ့်မည်ဟု ထင်လျက်ကပင်(ကျွန်တော့်ကိုယ်ကျွန်တော်ပင် ဘယ်လို ဖမ်းလိုက်မိမှန်းမသိ) ရုတ်တရက်မို့ ရမ်းသမ်းပြီး ထိုင်ချကာ လှမ်းအဖမ်း၊ မျက်မှန်က ပေါင်ပေါ်တည်တည့် 'ဖုတ်'ခနဲ ပြုတ်ကျလာ၏။

"အောင်မလေး. . . တော်ပါသေးရဲ့"

"ဘုရားရေ၊ မောင်ဖမ်းတာ မိလိုက်ပေလို့ပဲ"

တကယ်ပင် ကျွန်တော် အသက်ရှူချောင်သွား၏၊ ရင်ထဲပေါ့သွားသည်။ ဟူး. . . မျက်မှန်ကတော့ ကျကွဲပြီလို့ အောက်မေ့ထားတာ။

ဖွဟဲ့. . မတော်တဆ ဖမ်းလို့မမိဘဲ ကျကွဲလိုက်လို့ကတော့ အကုသိုလ် အပြားလိုက်ကပ်ပြီ။ တော်ပါသေးရဲ့ဟု ကျွန်တော် တွေးရင်း သက်ပြင်းချလိုက်၏။

ရတနာကိုယ်တိုင်လည်း ထိတ်ခနဲဖြစ်သွားပြီး အခုမှပင် စိတ်သက်သာရာရသွားပုံပေါ်သည်။

"ပေးလေ. . . . . မောင်"

မျက်မှန်ကိုယူရန် သူမလက်လှမ်းလိုက်သည်။ ကျွန်တော်က

"ရပါတယ်. . . မောင်ကိုယ်တိုင် ပြန်တပ်ပေးမှာပေါ့"

ကျွန်တော်က သူမ၏ မျက်နှာတွင် တပ်ပေးရန် မျက်မှန်ကို

http://www.cherrythitsar.org


လက်ညှိုးလက်မဖြင့်သေသေချာချာ မြဲအောင် ဖိကိုင်လိုက်သည့်အခါတွင်မှ

"ဟာ. . . သွားပြီ"

"ခွမ်း"

လက်ကဆပ်ပြာဖြင့် ချောနေသောကြောင့် ဖိကိုင်လိုက်သည့် အရှိန်ဖြင့် မျက်မှန်ကိုင်းက ချောထွက်လွတ်ကျပြီး ကွဲသွားတော့သည်။

"ဟဲ. . . ဟဲ. . . . ဟဲ"

*

တုန်လှုပ်ခြောက်ခြားသွားပုံ ပေါ်နေသည့် သူမ၏ မျက်နှာကို ကြည့်ရင်း ကျွန်တော်ကြိုးစားပြီး ရယ်ပြလိုက်သည်။

ဤသည်ပင်လျှင် ကျွန်တော်၏ အတတ်နိုင်ဆုံး ကြိုးစား အားထုတ်မှုဖြစ်ပါသည်။

၊■၊

http://www.cherrythitsar.org


အခန်း- ၅

အခန်း-၅
(တစ်)

လွန်စွာမှ အူကြောင်ကြောင်နိုင်လွန်းလှသော ညနေခင်းဖြစ်ပါသည်။

မေဘုန်းရှိန်က ဆည်းဆာတိမ်များကို ငေးကြည့်နေသည်။ ကျွန်တော်ကလည်း သူမကို သည်အတိုင်းပင် ငေးကြည့်ရှုကြည့်နေခဲ့ပါသည်။

ကောင်းကင်မှာ ငှက်တွေပျံသွားသည် မသွားသည်ကို ကျွန်တော်မသိပါ။ အလင်းထဲတွင် ရွှေချည်အဆင်တွေ လက်နေသလား. . . ကျွန်တော်မသိပါ။ ကိုစောငြိမ်း၏ 'သစ္စာ' သီချင်းဆိုသံကို သဲ့သဲ့ကြားနေရသလား. . . ကျွန်တော်မသိပါ။နောက်ပြီး ကလဲ့စားချေတတ်သော နတ်သမီးတစ်ယောက်၏ စိတ်ကူးများကိုလည်း ကျွန်တော်လှမ်းပြီး သိမနေခဲ့ပါ။

ထို့ကြောင့် ထိုညနေခင်းသည် အူကြောင်ကြောင်နိုင်လွန်းသော ညနေခင်းဖြစ်သည်ဟု ကျွန်တော်ပြောခဲ့ခြင်းဖြစ်ပါသည်။

ပန်းချီစတူဒီယို ခြံဝသို့ ထိပ်တင်ကြီး၏ တိုယိုတာ လင်ခရူဇာကားသစ်ကြီးထိုးဆိုက်လာသောအခါ ကျွန်တော်နှာစေးသလိုလို ဝမ်းချုပ်သလိုလို မသက်မသာ ဖြစ်သွား၏။

မေဘုန်းရှိန်ကို လှမ်းမြင်လိုက်သည်နှင့် တစ်ပြိုင်နက် ထိပ်တင်ကြီးသည် ပျောက်နေသည့် မိခင်ခွေးမကြီးကို မြင်လိုက်ရသောခွေးငယ်လေး သဖွယ်အူယားဖားယားပြေးလာ၏။

http://www.cherrythitsar.org



ထို့နောက်. . .

"ဟင်. . . မေါဘာထိုင်လုပ်နေတာလဲ၊ ပန်းချီမဆွဲဘူးလား"

"ဟင့်အင်း. . . . ကျွန်မက စိတ်ကူးနဲ့ ကဗျာစပ်နေတာ"

ထိပ်တင်ကြီး မျက်လုံးသေးသေးလေးများက တောက်ပသွားကြပြီး

"ဟာ. . . တိုက်ဆိုင်လိုက်တာကြည့်စမ်း၊ ကိုယ်လည်း မနေ့ညက မေ့ကို သတိရပြီး အိပ်မပျော်တာနဲ့ ကဗျာလေးတစ်ပုဒ် စမ်းရေးကြည့်နေမိသေးတယ်"

ဘုရား၊ဘုရား. . . ရွှေတိဂုံစေတီတော်မြတ်ကြီး ကယ်တော်မူပါ၊ ဒီအရူးကို ဒီအတိုင်း ပစ်မထားနဲ့။ ကျွန်တော်စိတ်ထဲတွင် ထိပ်တင်ကြီးလို အူကြောင်ကြောင်ပနဲကို ကဗျာနှင့်စာနှင့် အနုပညာ နှင့်မည်သို့မျှ ဆက်စပ်ကြည့်၍မရပါ။

"ဒီမှာ. . . ကိုယ့်ရေးထားတာလေး မေ့ကိုဖတ်ပြမယ်နော်၊အဟမ်း . . . အဟမ်း"

ငနဲသားက ခွေးအိုကြီး မြက်စိမ်းစားမိ၍လည်ချောင်း နင်နေသည့်အသံမျိုးဖြင့် တဟမ်းဟမ်း ချောင်းဆိုးလိုက်ပြီး သူ့အင်္ကျီအိတ်ထဲမှ ကဗျာစာရွက်ကိုထုတ်ကာ ဖတ်ပြရန် ဟန်ပြင်လုက်သည်။သူက. . . .

"ကိုယ့်ကဗျာခေါင်းစဉ်က အလွမ်းအမွှန်တဲ့"

ကျွန်တော်က ဝင်၍. . .

"ခင်ဗျားဗျာ၊ လွမ်းစရာရှားလို့ အရက်မူးပြီး အန်ထားတဲ့ အန်ပုံကိုမှ သွားလွမ်းရတယ်လို့"

"ဟေ့ကောင်၊အန်ဖတ်တွေပုံနေတဲ့ အန်ပုံမဟုတ်ဘူးကွ၊ အမွှန်၊ အမွှန်ဆိုတာ 'မိုး'ကိုပြောတာ"

"မသိဘူးလေဗျာ၊ ခင်ဗျားအရက်မူးနေတုန်းက ကြုံထားတဲ့ ကိုယ်တွေ့အဖြစ်အပျက်တွေကိုများ ကဗျာရေးထားတာလားလို့"

"ဘာကွ၊ဒီမှာ. . . မျက်နှာကို သေသေချာချာကြည့်ထား၊ အရက်မူးပြီး အန်ဖတ်နဲ့ လူးနေတဲ့ အတန်းအစားထဲက မဟုတ်ဘူး၊ နားလည်လား"

http://www.cherrythitsar.org



ငနဲကြီး တော်တော် ဒေါကန်သွားပုံရ၏။ ကျွန်တော်က သူ့စိတ်ကို ထပ်ပြီးဆွပေးလိုက်သည်။

"ဒါကတော့ဗျာ၊ စကားပုံတောင်ရှိသေးတာပဲ၊ 'တပည့်လိမ္မာရင် ဆရာက အနှံဖတ်နဲ့လွတ်တယ်ဆိုလားပဲ၊ ဟဲဟဲ. . . ခင်ဗျားမှာလည်း လိမ္မာတဲ့တပည့်တစ်ယောက်ရှိတယ်ထင်ပါရဲ့"

"ဟာ. . . .၊ခွေး. . . ."

သူက ကျွန်တော့်ကိုဆဲရန် စကားလုံး အစကျွံလာပြီးမှ မေဘုန်းရှိန်၏ မျက်နှာကို ဖျတ်ခနဲလှမ်းမြင်ပြီး အတော် ခက်ခက်ခဲခဲ ထိန်းချုပ်လိုက်ရပုံပေါ်၏။ 'တော်စမ်းကွာ' ဟု တစ်ခွန်းထဲပြောပြီး ကဗျာကို ရွတ်ပြရန် ပြင်သည်။

"ပေးစမ်းပါဗျာ၊ကျွန်တော်ပဲ မေဘုန်းရှိန်ကို ဖတ်ပြလိုက်ပါ့မယ်"

ကျွန်တော်က ပြောပြောဆိုဆိုနှင့် သူ့လက်ထဲမှ စာရွက်ကို ဖျတ်ခနဲ ဆွဲယူလိုက်သည်။

"အင်း. . . . ပထမဆုံးရေးထားတာက ဘာတဲ့ 'အချစ်စေတမန်ကို လွှတ်လိုက်တယ်'တဲ့၊ နေစမ်းပါဦး၊ခင်ဗျားက အစတုန်းက အချစ်စေတမန်ကို ဘာအမှုဖြစ်လို့ ဖမ်းထားတာလဲ"

ထိပ်တင်ကြီး၏ မျက်နှာပေါ်တွင် ကျွန်တော့်ကို တံစို့ထိုးပြီး မီးကင်ကာ **BBQ** လုပ်စား ပစ်ချင်လိုက်ချင်သော အမူအရာ ပေါ်လာ၏။ ကျွန်တော် ဂရုမစိုက်ဘဲ ဆက်၍. . . .

"လမင်းကိုပဲ ကင်စားချင်တယ်'. . . တဲ့၊ ဟင်. . ခင်ဗျားကလည်း ငတ်ကြီးကျလှချည်လား"

"လမင်းလို့ပဲ တင်စားချင်တယ်လို့ရေးထားတာပါကွ"

"နေစမ်းပါဦး ဒီမှာရှိသေးတယ်။ဘာတဲ့. . . 'ကိုယ်နှလုံးသားဟာ လင်မရှိတဲ့ကောင်းကင်လိုပဲ'. . တဲ့၊ လင်မရှိဘူးဆိုရင် အဲဒီကောင်းကင်က မုဆိုးမဖြစ်မှာပေါ့နော်"

"လင်မရှိတာ. . . မဟုတ်ဘူးကွ။ အလင်း. . . အလင်းမရှိတာ၊ တော်ပြီကွာ၊ ဟေ့ကောင်. . . ငါ့ကဗျာ ပြန်ပေး။ မင်းဖတ်ဖို့ ယူလာတာ မဟုတ်ဘူးကွ၊ မေ. . . ဖတ်ဖို့"

http://www.cherrythitsar.org



"အတူတူပဲပေါ့ဗျာ၊ ဘာများထူးလို့လဲ၊ အဓိကက ဒီကဗျာကို မေဘုန်းရှိန်သိသွားဖို့ပဲ မဟုတ်လား၊ ဘယ်သူပဲ ဖတ်ပြဖတ်ပြပေါ့"

"ဘယ်တူမလဲကွ၊ ကိုယ်ရေးလာတဲ့ ကဗျာကို ကိုယ်ချစ်နေတဲ့ ချစ်သူကိုယ်တိုင် ဖတ်စေချင်တာပေါ့"

"ဘာ၊ မေဘုန်းရှိန်က ခင်ဗျားရဲ့. . . "

ထိပ်တင်ကြီးက အနိုင်ရသူတစ်ယောက်၏ ဂုဏ်ယူဝံ့ကြွားသော အထက်စီးအပြုံးမျိုး တစ်ချက်ပြုံးလိုက်ပြီး. . .

"ဟုတ်တယ်လေ၊ ငါ့ဘက်ကမေ့ကို ချစ်ရေးဆိုထားတာကြာပြီ၊ မေကလည်း ရှေ့အပတ်ငါ့မွေးနေ့ကျရင် အဖြေပေးပါ့မယ်လို့ ကတိပေးထားပြီးပြီ။ နော်. . . ဟုတ်တယ်နော် မေ"

"မေဘုန်းရှိန်။ သူပြောတာ. . . ဟုတ်သလား"

ကျွန်တော့်လေသံ အနည်းငယ် မာကျောသွားလိမ့်မည် ထင်ပါသည်။ သို့သော်. . . သူမကတော့ တည်ငြိမ်သော မျက်ဝန်းများဖြင့် သက်တောင့်သက်သာ လှမ်းကြည့်ရင်း. . .

"အင်း. . . ဟုတ်တယ်"

သည်လို အချိန်မျိုးတွင် ထိပ်တင်ကြီး၏ မျက်နှာကို ကျွန်တော် မကြည့်ချင်ဆုံးဖြစ်ပါသည်။ဒင်း၏ နှုတ်ခမ်းများသည် ခွေးသေကောင်ပုပ်တွေ့သော လင်းတနှုတ်သီးလို ကျက်သရေကင်းမဲ့စွာ ဖြဲကား၍ ပြုံးနေမည်မှာ သေချာ၏။

လောလောဆယ်တွင်တော့ သည်နေရာမှာ ကျွန်တော် ဆက်နေစရာ အကြောင်းမရှိတော့ပါ။

"ဒါဆိုလည်း. . ပြီးတာပဲလေ၊ ငါပြန်မယ်"

"ဟေ့ကောင်. . . ဟေ့ကောင်နေဦး၊ ငါ့ကဗျာ စာရွက်ပြန်ပေးခဲ့ဦး"

လင်းတကောင်က သူ၏ တွေ့ကရာ ရှစ်သောင်း အရှုံးချေးပန်းလျှောက်ရေးထားသော စာရွက်ကို လိုက်တောင်းနေသေးသည်။

"ရော့ဗျာ ရော့၊ ယူ. . ယူ၊ ခင်ဗျား ကဗျာလေးက မဆိုးပါဘူး၊ လွမ်းစရာကောင်းပါတယ်၊ကေန္တခင်ဗျားကိုယ်တိုင်က အလွမ်းဓါတ်ခံရှိပုံရတယ်။ ကျွန်တော်တောင် အခုခင်ဗျားကို ကြည့်ရင်းကြည့်ရင်း

http://www.cherrythitsar.org



ငိုချင်လာပြီ။”

“မေဘုန်းရှိန်၊ နင်သာ သူ့ကိုယူရင်တော့ တစ်နေ့တစ်နေ့ သူ့ကို ကြည့်ပြီး ငိုရတာနဲ့ မသာကြီး အိမ်ပေါ် ရောက်လာတာနဲ့ တူတော့မှာပဲ”

ပြောချင်ရာတွေ စွတ်ရွတ်ပြောခဲ့ပြီး ကျွန်တော်လစ်လာခဲ့သည်။

■

http://www.cherrythitsar.org



(နှစ်)

ထုံးစံအတိုင်းပင်၊ ကိုကျင်ဆိုင်ထဲ၌ လူရှင်းနေ၏။ ကျွန်တော်ဝင်သွားသောအခါ ကိုကျင်က ကောင်တာ စားပွဲမှ ထလာပြီး

"ဟေ့ကောင်. . . . မင်းတစ်ယောက်တည်းလား၊ မျက်မှန်ကလေးမပါဘူးလား"

ရတနာကို ရည်ရွယ်ပြီး လှမ်းမေးနေမှန်း ကျွန်တော်သိလိုက်သည်။ ထို့ကြောင့် ခေါင်းရမ်းပြလိုက်ပြီး

"ဟင့်အင်း၊ သူဒီနေ့ ကလပ်စ်ရှိတယ်ဗျ"

"မင်းသွားပြီး အကြိုအပို့ မလုပ်ဘူးလား"

"မသွားချင်ပါဘူးဗျာ၊ တစ်ခါနှစ်ခါလောက်ပဲ တွဲသွားမိပါတယ်။ သူ့မှာ ဟိုလူတွေ့မှာစိုးရတာနဲ့ ဒီလူနဲ့ဆုံရမှာစိုးရတာနဲ့၊ ကျွန်တော့်ဘဝကရည်းစားလေးထားမိပါတယ်။ ခိုးရာပါပစ္စည်းလက်ခံမိတာကျနေတာပဲ၊ စိတ်ကို မအေးရဘူး"

"အရွယ်ရောက်ပြီးသား လူငယ်ချင်းပဲကွာ၊ ဒီလောက်ကြီးအနေကျုံ့စရာမလိုပါဘူး၊မင်းကလည်း နည်းနည်းပါးပါး ရှင်းပြပေါ့"

"ပြောလည်းမရပါဘူးဗျာ၊ သူတို့ အသိုင်းအဝိုင်းက အင်မတန်အရှက်အကြောက်ကြီးသတဲ့"

"ဟင်. . . အဲသည် လောက်တောင်ပဲလား"

ကိုကျင်က တအံ့တသြမေးသည်။ ကျွန်တော်က စိတ်တိုတိုဖြင့်

"လူကြားကောင်းအောင် ပြောတာနေမှာပါ ကိုကျင်ရာ၊ သူ့ဖာသာသူသွားချင်တဲ့နေရာကျတော့ ကားတစ်စီးနဲ့ လိမ့်ချင်တိုင်း လျှောက်လိမ့်နေပြီးတော့. . သူ့အသိုင်းအဝိုင်းဆိုတာကလည်း အဲဒီလိုပဲနေမှာပါ။ လူရှေ့တစ်မျိုး၊ ကွယ်ရာတစ်မျိုး"

http://www.cherrythitsar.org



"ဒါကတော့ကွာ၊ ကိုယ့်ချစ်သူကိုယ် ဖြည်းဖြည်းချင်း ပြုပြင်ယူပေါ့"

ကိုကျင်က ဖျောင်းဖျောင်းဖျဖျ ပြော၏။

"ဘာဖြစ်လို့လဲ ကိုကျင်ရဲ့"

"ဩော် မင်းတို့ ရည်းစားနှစ်ယောက်ကွဲသွားရင် ငါ့ဆိုင်ကို လာစားမယ့် ဖောက်သည် လျော့သွားမှာစိုးလို့ ဟဲ့. . ဟဲ မြင်တဲ့အတိုင်းပဲ၊ ငါ့ဆိုင်မှာကလည်း စားမယ့်လူရှိတာ မဟုတ်ဘူး"

"ဘယ်ရှိမလဲဗျ၊ကိုကျင့်ဆိုင်က ရပ်ပြစ်ရှစ်ပါး၊ ဗျသနတရား ငါးပါးထဲမှာ ပါနေသလားမှ. . . မသိတာ"

ကျွန်တော့်စကားကြောင့် ကိုကျင်မျက်လုံးပြူးသွားသည်။

"ဘာလဲကွ. . . မင်းညီရ၊ ဗျက်သနတရားငါးပါးဆိုတာ"

"အပျက်တရား ငါးပါးကိုပြောတာဗျ"

ကျွန်တော်ကလည်း ကြားဖူးနားဝဖြင့် ဖြီးဖြန်းလိုက်သည်။ကိုကျင်က မျက်လုံးကလေး ချာတိချာလည်ဖြင့် ကျွန်တော်ဆက်ပြောမည့် ရှင်းလင်းချက်ကို စောင့်နေရှာ၏၊ကျွန်တော်က. . .

"ကျွန်တော်သိတဲ့ ဗျသနတရားငါးပါးကတော့ (တစ်)အဓိပတိ အရက်ဆိုင်. . . ရေရောတာများလွန်းလို့ အရက်ကပျက်နေပြီ။ (နှစ်)ကိုစောဝေ အပ်ချုပ်ဆိုင်. . . အထည်စကောင်းကောင်းလေးများ သွားမအပ်မိစေနဲ့ ပျက်တော့တာပဲ၊(သုံး) ကျွန်တော့်တို့ ရပ်ကွက်ထဲက ခဏခဏ ပြင်ရတဲ့လမ်းတွေ။ (လေး) သီချင်းဟောင်းတွေကို မပျက်ပျက်အောင် ပြန်ဆိုနေတဲ့ ဟိုအဆိုတော်၊ (ငါး) ကတော့ ခင်ဗျားဆိုင်မှာရောင်းနေတဲ့ ကြက်သားပဲ"

ကိုကျင်က ကျွန်တော့်ကို ပါးစပ်လှုပ်ရှုံလှုပ်ကာ ဆဲလိုက်ပြီး

"အဲဒီလို မပြောပါနဲ့ကွ၊ အရှေ့တောင်အာရှ၊အာဖရိကနဲ့ လက်တင် အမေရိက တစ်လွှားမှာ ငါ့ဆိုင်က ကြက်ကြော်က အကောင်းဆုံးဆိုပဲ"

"တော်စမ်းပါ. . . ကိုကျင်ရာ၊ အဲဒီစကားက ခင်ဗျားကို မော်ဘုန်းရှိန် ပြောသွားတာမဟုတ်လား၊ အဲဒါ အကောင်းပြောသွားတာမဟုတ်ဘူး။

http://www.cherrythitsar.org



ချောက်တွန်းသွားတာ၊ ခင်ဗျား ဆိုင်နာမည်ကို 'ကျင်ကြီးစားသောက်ဆိုင်'လို့ နာမည်ပေးသွားတာလဲ သူပဲမဟုတ်လား၊ခုထိမမှတ်သေးဘူး"

ကိုကျင်က ခေါင်းကို ကုတ်ရင်း တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"သြော်၊မေဘုန်းရှိန်ဆိုမှ သတိရတယ်။ဟိုတစ်နေ့က ငါ့ဆိုင်ကိုလာရင်းမှာသွားတယ်မင်းကိုတွေ့ရင်သူ့ဆီလွှတ်လိုက်ပါဦးတဲ့ ...ပြောစရာရှိလို့ဆိုပဲ"

ကျွန်တော် ခေါင်းရမ်းပြလိုက်သည်။ကိုကျင်က မျက်မှောင်ကျုံ့ကာ. . .

"ဘာဖြစ်လို့လဲကွ"

"ရှင်းရှင်းလေးပဲ၊ မသွားချင်လို့ပေါ့ဗျာ"

"မင်းပဲ အရင်တုန်းက သူ့ဆီကို သုံးရက်တစ်ခါ၊ လေးရက်တစ်ခါလောက်သွားနေပြီးတော့။ နေစမ်းပါဦး မင်းသူ့ဆီကို မရောက်တာဘယ်လောက်ကြာပြီလဲ"

"တစ်လနီးပါး. . . လောက်ရှိပြီ"

ကိုကျင်က. . . .

"ဘယ်လိုဖြစ်ကြတာလဲကွာ"

ကျွန်တော်က မေဘုန်းရှိန်နှင့် ထိပ်တင်ကြီးအကြောင်း အစမှအဆုံးထိပြောလိုက်သည်။စကားအဆုံးတွင် ကျွန်တော်က

"အဲဒါပဲဗျာ၊ သူထိပ်တင်ကြီးကို အဖြေပေးမယ်ဆိုကတည်းက သူ့ဆီကို ကျွန်တော် မသွားတော့တာ အခုထိပဲ"

"မင်းကလည်းကွာ၊မေဘုန်းရှိန်က ဒီလိုကောင်မျိုးကို ချစ်မယ်မထင်ပါဘူး၊ 'အဖြေပေးမယ်' ဆိုတိုင်း'ချစ်တယ်'လို့ အဓိပ္ပာယ်မထွက်ဘူးလေကွာ၊ငြင်းပယ်တာလည်း ဖြစ်နိုင်တာပဲ"

"အင်းလေ၊ ကျွန်တော်စိတ်ထဲအစာမကြေတာလည်း အဲဒီကိစ္စပဲ၊ ငြင်းမယ်ဆို တစ်ခါတည်းအပြတ်ငြင်းလွှတ်လိုက်ပေါ့။ 'နင့်ကိုငါမချစ်နိုင်ဘူး၊ နင်ငါ့ဆီမလာနဲ့တော့' ပေါ့၊ပြီးပြီ။ဒါပဲ။ ဒါကိုပဲ တခမ်းတနားလုပ်ပြီး 'မွေးနေ့မှာ အဖြေပေးမယ်'တို့ ဘာတို့နဲ့ နေကောင်း

http://www.cherrythitsar.org



ရက်သားရွေးနေစရာမလိုပါဘူး”

ကိုကျင်က ကျွန်တော့်ကို ကြည့်ပြီး တစ်ချက်ရယ်လိုက်သည်။

“ဒါဆိုလည်း မင်းပဲ အစကတည်းက မေဘုန်းရှိန်ကို အဲသည်လို တိုက်ရိုက်ပြောလိုက်ရုံပေါ့။ ဘာဖြစ်လို့ သူဆီမသွားပဲရှောင်နေစရာလိုလို့လဲ”

ကျွန်တော် မဖြေတက်တော့။ ကိုယ့်စိတ်ကိုလည်း မဝေခွဲတက်။ မေဘုန်းရှိန် တစ်ယောက် ထိပ်တင်ကြီးနှင့် အရောဝင်တာကို မကျေနပ်တာလား။ မေဘုန်းရှိန်၏ မျက်နှာကို မကြည့်ချင်လောက်အောင် နာကျည်းတာလား။ ဟင့်အင်း . . .

အင်း. . ဘာတွေမှန်းမသိတော့ပါ။

“တကယ်တော့၊ မင်းက လက်တွေ့ ရင်ဆိုင်ရမယ့် ကိစ္စကို မရင်ဆိုင်ရဲလို့ထွက်ပြေးနေတာပဲ. . . မင်းညီ”

ကျွန်တော် ချောက်ချားတုန်လှုပ်သွားမိသည်။ တကယ်ပဲလား၊ ငါဟာ ထွက်ပြေးနေတာလား။

ကျွန်တော်သည် ပိုးတဝါးကောင်တစ်ကောင်ဖြစ်မှန်း သေချာသွားပါသည်။

*

“မင်းကို. . . ငါပုံပြင်လေးတစ်ပုဒ်ပြောပြမယ် မင်းညီ၊နားထောင်သွားစမ်းပါ”

ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်။ကိုကျင်က. . . .

“တစ်ခါတုန်းက ‘အမှောင်’ ဟာ ဇုနတ်မင်းကြီးဆီကိုသွားပြီး အမှုတိုင်တယ်”

“အရှင်မင်းကြီး၊ ကျွန်တော်မျိုးကို ကယ်တော်မူပါ။ ‘နေမင်း’က ကျွန်တော်မျိုးကြီးကို သဲကြီးမဲကြီး လိုက်နှောင့်ယှက်လို့ ဒုက္ခတွေနေရပါတယ်” လို့ဆိုတော့ ဇုနတ်မင်းကြီးက. . . .

“မောင်မင်းကို ဘယ်လို နှောင့်ယှက်နေလို့လဲ”လို့ ပြန်မေးတယ်။

http://www.cherrythitsar.org



ဒါနဲ့. . . 'အမှောင်'က

"နေမင်းက မနက်ကတည်းက ကျွန်တော်မျိုးနောက်ကိုလိုက်လို့ ထွက်ပြေးနေရပါတယ်။ အဲဒါ ကမ္ဘာဦးအစကတည်းက ခုချိန်ထိ နေ့စဉ် ရက်ဆက်ပါပဲ။ မိုးချုပ်ချနီးမှ ခဏတဖြုပ်နားရပါတယ်။

ကျွန်တော်မျိုးဟာ သူ့အပေါ်မှာ ဘာအပြစ်မှလည်း မကျူးလွန်၊ ဘာရန်ငြိုးမှလည်း မရှိဘဲနဲ့ နေမင်းက ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရက်စက်စက် ဒုက္ခပေးနေရတာလဲ၊သူ့ကို အခုလို လိုက်နှောင့်ယှက်ဖို့ တားမြစ်ပေးပါ"လို့ တိုင်တန်းတယ်

ဒါနဲ့ ဇုနတ်မင်းကြီးက နေမင်းကို သူ့ရှေ့မှောက်အခစားဝင်ဖို့ ဆင့်ခေါ်လိုက်ပြီး. . .

"အသင်နေမင်း၊ ဘာကြောင့် အမှောင်ကို လိုက်ပြီးရန်မူနေရတာလဲ၊ အခု သင့်ကို. . . အမှောင်က တရားစွဲနေတယ်"လို့ ဆိုလိုက်တော့ နေမင်းက အံ့ဩသွားပြီး. . . .

"အခု သူဘယ်မှာလဲ အရှင်မင်းကြီး။ ကမ္ဘာဦး စကတည်းက ကျွန်တော်မျိုးဟာ ဒီကမ္ဘာကြီးကို ပတ်နေတာပါ။ဒါပေမယ့် ကနေ့အထိ အမှောင်ဆိုတာကို ကျွန်တော်မျိုးမတွေ့ဖူးသေးပါဘူး။ ရှိမှန်းတောင် မသိပါဘူး။

အမှောင်ဘယ်မှာလဲ အရှင်မင်းကြီး သူဒုက္ခရောက်ရတယ် ဆိုရင် တောင်းပန်ချင်ပါတယ်။ သူ့ကို ခေါ်ပေးပါ။ သူနဲ့လည်း တွေ့ဖူးသွားတာပေါ့။ နောင်ကိုလည်း သူ ဒုက္ခမရောက်အောင် ဂရုမစိုက်ပါ့မယ်"

လို့ ပြောပြလိုက်တယ်။

အခုချိန်ထိ အဲဒီတရားခွင်ကို ဖြေရှင်းလို့ မရသေးဘူး မင်းညီ။ ဘာဖြစ်လို့လဲဆိုတော့ အမှောင်ကို နေမင်းကြီးရဲ့ရှေ့မှောက် မခေါ်လာနိုင်သေးလို့ပဲ"

*

http://www.cherrythitsar.org



အမှောင်ဆိုသည်မှာ တည်ရှိနေသော အရာတစ်ခုမဟုတ်ပါ။ ဆုပ်ကိုင် မြင်တွေ့နိုင်သော အရာလည်းမဟုတ်ပါ။ အလင်းဆိုသော အရာ၏ကွယ်လျက်(Absence)နေခြင်း အဖြေတစ်ရပ်သာ ဖြစ်ပါသည်။

"မှတ်ထား. . . မင်းညီ။ **သေခြင်းတရားရယ်၊ အမှောင်ရယ်၊ မသိခြင်းရယ်၊ အဲဒီသုံးခုဟာ မရှိဘဲနဲ့ ရှိချင်ယောင်ဆောင်နေတဲ့ အရာတွေပဲ**၊ ငါသာ မင်းနေရာမှာဆိုရင်တော့ **မသိခြင်းနဲ့ ထွက်ပြေးနေမယ့်အစား သွားပြီး ရင်ဆိုင်လိုက်ရမှာပဲ** မင်းညီ။ ငါပြောတာကို သဘောပေါက်တယ် ဆိုရင် မေဘုန်းရှိန်ဆီကို သွားလိုက်ပါကွာ"

■

http://www.cherrythitsar.org


(သုံး)

နတ်သမီးဆိုသည်မှာ ဘယ်လိုအဝတ်အစားမျိုးဝတ်လေ့ရှိသ လဲ။

ကျွန်တော့်ရှေ့မှ နတ်သမီးကတော့အဖြူရောင်ပေါ်တွင် အနက်ရောင်အကွက်ကျဲကျဲများပါသည့် အင်္ကျီနှင့် ဂျင်းဘောင်းဘီ ကောင်းကင်ပြာရောင်ဖျော့ဖျော့ကို ဝတ်ဆင်ထား၏။

ကျွန်တော်ရောက်သွားသည့်အချိန်တွင် သူမအပြင်သွားရန်ဖိနပ်ကြိုးကို ချည်နေပါသည်။

ပန်းချီစတူဒီယိုခန်းထဲသို့ ကျွန်တော် မျက်လုံးဝေ့ဝဲကြည့်လိုက်၏။ (ဟို. . . . အရင်တစ်ခေါက် ကျွန်တော်လာစဉ် သူမ ရေးဆွဲနေသည့်) အနီရောင်ခပ်ကြမ်းကြမ်းနှင့် ပန်းချီကားကို အခန်းထောင့်တွင် ဖြစ်ကတတ်ဆန်းပစ်ထားကြောင်း တွေ့ရသည်။

မေဘုန်းရှိန်က သူမ၏ ကျောပိုးအိတ်သေးသေးလေးကို ကောက်လွယ်လိုက်ပြီး. . . . .

"အတော်ဘဲ၊ ငါမြေပဒေသာကျွန်းကိုသွားမလို့။ လိုက်ပို့ပါလား မင်းညီ"

ကျွန်တော် သူမဆီ မလာဘဲ အချိန်အတော်ကြာ ပျောက်နေခဲ့သည့်အတွက် ဘာစကားလုံးတစ်လုံးမှ မဆို။ ကျွန်တော့်ကို မနေ့ကပင်နှုတ်ဆက်ပြီး ပြန်သွားခဲ့သူ တစ်ယောက်လို ပုံမှန်စကားဖြင့်ပင်ကြိုဆို၏။(အဲသည်လို ဘယ်ကိစ္စမျိုးကိုပဲဖြစ်ဖြစ် ရေးကြီးခွင်ကျယ် မလုပ်တတ်တာဟာ သူမရဲ့ ထူးခြားမှုပါပဲ)

"နင်က. . . . မြေပဒေသာကျွန်းသွားပြီး ဘာသွားလုပ်မလို့လဲ"

ကားကို မောင်းထွက်ရင်း ကျွန်တော် မေးလိုက်သည်။ မေဘုန်းရှိန်က. . . . .

"ပန်းမျိုးစေ့တွေ သွာဝယ်မလို့ ပန်းစိုက်မယ်လေဟာ"

"ဘာ၊ နင်က. . . ပန်းစိုက်မယ်ဟုတ်လား"

"ဟုတ်တယ်၊ ပန်းတွေ ပွင့်လာတဲ့နေရမှာ လျှို့ဝှက်ချက်တစ်ခုရှိတယ်။ နင်သိလားမင်းညီ"

"ဟင့်အင်း၊ ဘာလဲ"

သူမ၏ အကြည့်က ကောင်းကင်ထဲတွင် လွင့်မျောနေသော ပန်းနုရောင် တိမ်တိုက်တွေဆီ ရောက်သွားသည်။ နောက် လေပြည်ထဲတွင် ငြင်ငြင်သာသာ ယိမ်းနွဲ့နေသည့် မြက်ခင်းတွေဆီ ဝေ့သွား၏။ထို့နောက်မှ. . . . .

**"တကယ်တော့၊ ပန်းကို လူက လုပ်ယူရတာမဟုတ်ဘူး၊ သူ့ဘာသာသူ ဖူးပွင့်လာတာပါ။ လူက လိုအပ်တာကို ဖြည့်ဆည်းပေးရုံပဲလေ။ ငါပန်းစိုက်တာဟာ သဘာဝတရားကြီးကို ကိုးကွယ်တာပါပဲ"**

ကျွန်တော်က ကားရှေ့လေကာမှန်ကို ဖြတ်ထွင်း၍ မြင်နေရသော မြင်ကွင်းဆီသို့သာ အာရုံကို ပို့ထားလိုက်သည်။သူမကတော့ စကားတွေ ဆက်ပြောနေ၏။

**"လူဟာ အမှန်တရားရဲ့ မျိုးစေ့ပဲမင်းညီ။ အပင်အနေနဲ့ ဖွံ့ဖြိုးတဲ့ လူမှသာ ဘဝအစစ်အမှန်ကို တွေ့နိုင်လိမ့်မယ်။** တစ်ချို့လူတွေဟာ အသက်ရှင်တယ်ဆိုပြီး ခန္ဓာကိုယ်ကြီးကသာ လှုတ်ရှားသွားလာနေတယ်။တကယ်တော့ ရှင်သန်ခြင်းရဲ့ အဓိပ္ပာယ်၊ဘဝရဲ့အဓိပ္ပာယ်ကို ဘာမှန်းမသိကြဘူး၊ သူတို့ဟာ အပင်အနေနဲ့ မဖွံ့ဖြိုးလာနိုင်တဲ့ လူတွေပဲ၊ အဲဒီလို လူမျိုးတွေ ကိုးကွယ်ဖို့ သဘာဝတရားကြီးအကြောင်းကို ငါပန်းပင်တွေနဲ့ ပြောပြချင်တယ်"

ကျွန်တော် သည်းမခံနိုင်တော့။ သူမ သိပ်စကားများလွန်းနေပြီဟု ကျွန်တော် တွေးလိုက်သည်။

"တော်တော့. . . . . မေဘုန်းရှိန်၊ နင့်ပါးစပ်က. . . ငါကြားချင်တာ သဘာဝတရားကြီးအကြောင်းမဟုတ်ဘူး"

သူမ ကျွန်တော့်ကို အေးတိအေးစက် လှည့်ကြည့်သည်။

http://www.cherrythitsar.org


ကျွန်တော်က. . . . . . .

"ငါ. . . ကြားချင်တာ နင်နဲ့ ထိပ်တင်ကြီးအကြောင်း"

"ဪ. . . ဒါလား"

သူမက ခပ်ပေါ့ပေါ့ပြောရင်း ပြုံးသည်။

"အေးလေ. . . နင်သိချင်တယ်ဆိုရင်လည်း ပြောပြရမှာပေါ့၊ ဟိုနေ့က အဲ. . . ထိပ်တင်ကြီးရဲ့ မွေးနေ့မှာပေါ့။ အဖြစ်အပျက်က သိပ်ပြီး ပြဇာတ်ဆန်နေတော့ နင်ရယ်ချင်မလားမသိဘူး၊ ဒီလိုလေ"

***

ရောင်စုံမီးလုံးများက ပိုးတဝါး ရီဝေနေကြသည်။ အမှောင်ထဲတွင် ဂီတက တိုးတိတ်မူးယစ်လျက်။ ရယ်မောလိုက်သံများ၊ဖန်ခွက်ချင်း ချွင်ကနဲ ထိခတ်လိုက်သံများကို ကြားရသည်။

"ဟတ်ပီးဘတ်ဒေးတူယူ" ဟူသော ဆုတောင်းသံနှင့်အတူ ကိတ်မုန့်ပေါ်တွင် ထွန်းထားသော ဖယောင်းတိုင်များကို မှုတ်ငြိမ်းပစ်လိုက်သည်။ ရွှေရောင် တဖျတ်ဖျတ်လက်နေသော ဧည့်သည်များကို မေဘုန်းရှိန်က ငေးကြည့်နေမိသည်။

ထိပ်တင်ကြီး၏ အမေ ဒေါ်ထိပ်တင်ကြွယ်က ဒေါ်မဥ္ဇူဖွေးနှင့်၎ သမီးဖြစ်သူ ရတနာတို့ကို မေဘုန်းရှိန်ထိုင်နေသည့် စားပွဲတွင် နေရာချပေးသည်။ သူတို့၏ ဆွေမျိုးတွေ ဧည့်ပရိတ်သတ်တွေအားလုံး ဘာမှန်းမသိသော ဘာသာဗေဒတစ်မျိုးဖြင့် ပြုံးနေကြသည်။

အမှောင်ထဲတွင် အပြုံးများသည် ညှီစို့စို့ ပုပ်အဲ့အဲ့ အနံ့တစ်မျိုး ထွက်နေသည်ဟု ခံစားရလေသည်။

ထိပ်တင်ကြီးက မေဘုန်းရှိန်ထိုင်နေရာ အနီးသို့ ရောက်လာ၏။ သူ့လက်တစ်ဘက်တွင် အရက်ဖန်ခွက်ကို ကိုင်ထားလျက် ကျန်လက်တစ်ဘက်ဖြင့် မေဘုန်းရှိန် ပခုံးကိုဆုပ်ကိုင်လိုက်ပြီး။

"ကိုယ့်ကို မွေးနေ့ လက်ဆောင်အဖြစ်နဲ့ 'ချစ်တယ်' ဆိုတဲ့

http://www.cherrythitsar.org



အဖြေပေးမယ်မဟုတ်လား၊ မေ”

မေဘုန်းရှိန်က ထိပ်တင်ကြီး၏ လက်ကို သူမ၏ ပခုံးပေါ်မှ ဆွဲဖယ်ချလိုက်ပြီး. . . .

“ကျွန်မက အဖြေပေးမယ်ပဲ ပြောခဲ့တာပါ၊ ‘ချစ်တယ်’ဆိုတာ မပါပါဘူး”

အားလုံး၏ အကြည့်က သူတို့နှစ်ယောက်ဆီသို့ ဝိုင်းဝန်းစုပြုံကာ အာရုံစိုက်လာကြ၏။

ထိပ်တင်ကြီး အနည်းငယ် မျက်နှာပျက်သွားသည်။မေဘုန်းရှိန်က. . . .

“ရှင့်အတွက် မွေးနေ့လက်ဆောင်ကိုတော့ ကျွန်မ သီးသန့် စီစဉ်လာခဲ့ပါတယ်။ဟောဒီမှာ”

မေဘုန်းရှိန်က သူမ၏ လက်ကိုင်အိတ်ထဲမှ ဓါတ်ပုံတစ်ပုံကို ထုတ်ယူပြီး စားပွဲပေါ်ချပြလိုက်သည်။

“ဟင်. . . ဘာလဲ၊ ဒါဘာလဲ”

ထိပ်တင်ကြီးက ဓါတ်ပုံကို ကောက်ယူကြည့်လိုက်ပြီး တုန်လှုပ်ချောက်ချားသွား၏။ မေဘုန်းရှိန်က သူမ၏ အပိုင်နိုင်ဆုံး အပြုံးဖြစ်သည့် သရော်ပြုံးကို လှလှပပပြုံးလိုက်ပြီး. . . .

“မမှတ်မိဘူးလား၊ ကိုထိပ်တင်ကြီး၊ ဒါလွန်ခဲ့တဲ့ ငါးနှစ် လောက်က ရှင့်ကို ယုံစားမိလို့ လူတကာ တံတွေးခွက်ထဲ ဘဝ တစ်ခုလုံး ပက်ပက်စက်စက် မျောသွားတဲ့ သူနာပြုဆရာမလေး ခင်ထွေးရီလေ။ ဓါတ်ပုံထဲမှာ သူချီထားတဲ့ ကလေးက ရှင်နဲ့ရတဲ့ကလေးပဲ”

“ဟင့်အင်း၊ မဟုတ်ဘူး လုံးဝမဟုတ်ဘူး”

ထိပ်တင်ကြီးက ရုတ်တရက် စိတ်ဖောက်ပြန်သွားသူ တစ်ယောက်လို သွေးရူးသွေးတမ်း အော်ဟစ်ရင်း လက်ထဲမှ ဓါတ်ပုံကို မကြည့်ရဲတော့သလို အပိုင်းပိုင်းအစစ ဆုတ်ဖြဲပစ်နေသည်။

ရယ်မောကာ ဆူညံနေသော ပရိတ်သတ်တွေအားလုံး အသံခလုပ် ပိတ်ပစ်လိုက်သလို တိခနဲ ငြိမ်သက်ကျသွား၏။

မျက်နှာချင်းဆိုင်တွင် ထိုင်နေသော ရတနာက ဝုန်းခနဲ ခုန်ထပြီး၊

http://www.cherrythitsar.org



"မဖြစ်နိုင်ဘူး၊ ကိုကြီးက ဒါမျိုးလုပ်တယ်ဆိုတာ လုံးဝယုတ္တိမရှိဘူး၊ ဒီမှာ ရှင်နားလည်ထားဘို့က ကျွန်မတို့တစ်ဆွေလုံးက တစ်မျိုးလုံးက ဂုဏ်သိက္ခာနဲ့ တစ်သက်လုံးနေလာတာ။ဒီကိစ္စဟာ. . . . . . .

"မင်းပါးစပ်ပိတ်ထားစမ်းပါ"

မေဘုန်းရှိန်က ရတနာကို ခပ်အေးအေးပင်လှည့်ပြောလိုက်သည်။ ပကတိ ဒေါသမပါသောလေသံသည် ကြည်လင်မှုဒီဂရီအတိမ်းအစောင်းမရှိ။

သို့သော် ရတနာက ရပ်မသွား။

"ဒီကိစ္စဟာ သက်သက်လုပ်ကြံပြီး ကိုကြီးကို သိက္ခာချတဲ့ကိစ္စ။ လွန်ခဲ့တဲ့ ငါးနှစ်တုန်းက ကိုကြီး ဩစတြေးလျမှာ ကျောင်းသွားတက်နေတာပဲ"

"ဘေးမှ ဆွေမျိုးသုံးလေးယောက်ကလည်း 'ဟုတ်သားပဲ' 'ယုတ္တိမရှိဘူး' စသော စကားများ ကျယ်ကျယ်လောင်လောင်ပြောလာကြသည်။

မေဘုန်းရှိန်က ရတနာဖက်သို့ လုံးဝလှည့်မကြည့်။ ဂရုမစိုက်ဘဲ ထိပ်တင်ကြီးကိုသာ လှမ်းပြောလိုက်သည်။

"ရှင့်. . . ညီမကကော၊ ကျန်တဲ့သူတွေကကော ရှင့်ကို အရမ်းအထင်ကြီးနေကြတယ်။ နည်းနည်းလောက်ရှင်းပြလိုက်ပါဦး ကိုထိပ်တင်ကြီး၊ ရှင်ဩစတြေးလျကို သွားရတဲ့ အဓိကအကြောင်းရင်းက ခင်ထွေးရီ ဗိုက်ထဲက ကိုယ်ဝန်ကို တာဝန်မယူချင်လို့ လစ်ပြေးသွားတာမှန်း သူတို့ မသိကြသေးဘူး ထင်ပါရဲ့၊ နောက်ပြီး ဟိုနိုင်ငံမှာ ဘာကျောင်းမှလည်းမတက်ဘဲနဲ့ ရှင်ဘယ်လို ပိုက်ဆံရှာစားခဲ့တယ်ဆိုတာကို သိနေတဲ့ ကျွန်မမိတ်ဆွေတွေ အများကြီးပါ"

သူတို့အားလုံး မျက်နှာပျက်သွားကြသည်။ ဆွေမျိုးထဲမှ တစ်စုံတစ်ယောက် တောက်ခေါက်လိုက်သံ ပြင်းပြင်း တစ်ချက်ပေါ်လာ၏။ ဒေါ်ထိပ်တင်ကြွယ်က မျက်နှာကို လက်ဝါးဖြင့် အုပ်ပြီး ငိုချလိုက်သည်။

"မဟုတ်သေးဘူး. . . . မေ။ မဟုတ်ဘူး၊ အဲဒီခင်ထွေးရီဆိုတာကို ကိုယ်လုံးဝမသိဘူး၊ မေ. . . လူမှားနေပြီ"

နှစ်ဆယ့်တစ်ရာစုထဲတွင် အကောင်းဆုံးပျက်လုံး တစ်ခုကို

http://www.cherrythitsar.org



ကြားရသူလိုမျိုး မေဘုန်းရှိန် ဟက်ဟက်ပက်ပက် ရယ်ချလိုက်သည်။

"ကောင်းပြီလေ၊ ဒါဆို ရှင်တစ်ခု စိန်ခေါ်ရဲသလား။ ကျွန်မရဲ့ Organizer ထဲမှာ ခင်ထွေးရီကို လှမ်းခေါ်လို့ရတဲ့ ဖုန်းနံပါတ် တစ်ခု ရှိနေတယ်။ ကျွန်မ အခုလှမ်းခေါ်လိုက်တာနဲ့ ဒီကို သူကော ကလေးပါ ဆယ်မိနစ်အတွင်း ရောက်လာလိမ့်မယ်။ ကဲ. . . . ရှင်ရင်ဆိုင်ရဲတယ်ဆိုရင် ကျွန်မ လှမ်းခေါ်လိုက်တော့မယ်နော်"

"ဟင့်အင်း၊ ဟင့်အင်း၊ မလုပ်ပါနဲ့. . . . မခေါ်လိုက်ပါနဲ့"

ဟန်မဆောင်နိုင်လောက်အောင် သွေးပျက်သွားသည့် ထိပ်တင်ကြီး၏ အောင်ဟစ်တောင်းပန်သံအဆုံးတွင် အားလုံး ခေါင်းငုံ့သွားကြသည်။

ဩော်. . . ဒါမျိုးကိုတော့ သူတို့ ရှက်တတ်ကြသေးတာကိုးဟု သူမတွေးလိုက်မိ၏။ အခန်းထဲမှ လှည့်ထွက်ခါနီးတွင် မေဘုန်းရှိန်က

"တကယ်ဆိုရင် ကျွန်မက သူများကိစ္စကို စိတ်လည်းမဝင်စားဘူး၊ ဝင်လည်းမပါတတ်ဘူး၊ ဒါပေမဲ့ ကျွန်မအိမ် ရှေ့က နွတ်ခမ်းကွဲနဲ့ ကွမ်းယာသည်ကောင်မလေးကို ရှင်ပြောခဲ့တဲ့ စကားမျိုး ကျွန်မ ပြန်ပြောကြည့်ချင်လို့ပါ. . . .

ဒီမှာ ကိုထိပ်တင်ကြီး၊ ရွှေတွေ၊ ငွေတွေ အသိုင်းအဝိုင်းတွေနဲ့ ဖာထေးဖုံးဖိလိုက်လို့လဲ ရှင့်စာရိတ္တကဘာမှ ပိုထူးလာနိုင်စရာ အကြောင်းမရှိတော့ပါဘူး။ ပို. . အရှက်ကွဲတာပဲ ရှိမယ်။ **တစ်သက်လုံး အကျင့်ယုတ်တဲ့လူဟာ 'အကျင့်ယုတ်' ပါပဲ"**

***

သူမပြန်ပြောသော အဖြစ်အပျက်ကို နားထောင်ရင်း ကျွန်တော် ရင်ထဲမှာ မောလာသည်။

မြေပဒေသာကျွန်းထဲတွင် ပေါက်နေသော အရိပ်အာဝါသကောင်းသည့် သစ်ကြီးဝါးကြီးများကို ငေးကြည့်နေလျက်ကစိတ်ထဲမှာ အရိပ်မဲ့နေ၏။

သစ်ရွက်ကိုင်းခက်တို့ လေပြည်လေညှင်းအတိုက်အခတ်တွင် လှုပ်ယိမ်း

http://www.cherrythitsar.org



သွားကြသည်ကို ကြည့်ရင်း လူတွေအားလုံးအတွက် လေကောင်းလေသန့် ဘယ်လောက်များများလိုအပ်သလဲဟု စဉ်းစားနေမိသည်။

မေဘုန်းရှိန်က ပန်းမျိုးစေ့ရောင်းသည့် ဆိုင်ထဲမှ ပြန်ထွက်လာရင်း

"လာ၊ သွားစို့"

ဟု ခေါ်၏။ သူမ၏ ခြေလှမ်းတွေနောက်သို့ ကျွန်တော် အရိပ်တစ်ခုလို လိုက်လာခဲ့သည်။

ကားအနီးသို့ ရောက်လာသောအခါ သူမက ပန်းမျိုးစေ့ကလေး များထည့်ထားသည့် ပလပ်စတစ်အိတ်ငယ်ကလေးတစ်လုံးကို ကျွန်တော့် လက်ထဲသို့ လှမ်းပေးရင်း. . . .

"ရော့၊ နင့်ကို. . . . လက်ဆောင်ပေးတာ"

ကျွန်တော်က ပန်းမျိုးစေ့ အိတ်ပေါ်မှ ပန်း၏ အမည်ကို ဖတ်ကြည့်လိုက်၏။ **Lavender** (လာဗင်ဒါ) ဟူသော ခရမ်းရောင် ပန်း ကလေးများ၏အမည်ကို တွေ့ရသည်။ ကျွန်တော်က

"ဂျပန်လူမျိုးတွေမှာလည်း အဲဒီ ဓလေ့ရှိတယ်လို့ ငါဖတ်ဖူးတယ်"

"ဘာ. . . ဓလေ့လဲ မင်းညီ"

"ဩော်. . မွေးနေ့ပွဲတို့ ဘာတို့မှာ အမှတ်တရ ဖြစ်စေချင်တဲ့အခါ ပန်းမျိုးစေ့တွေ လက်ဆောင်ပေးကြတယ်တဲ့"

မေဘုန်းရှိန်က ခပ်တိုးတိုးရယ်လိုက်ပြီး. . . .

"ဟင့်အင်း. . . ငါပေးတာ ဂျပန်လူမျိုးတွေရဲ့ ထုံးစံကို အတုခိုးပြီး ပေးတာမဟုတ်ပါဘူး၊ ငါ့ကိုယ်ပိုင်စိတ်ကူးပါ"

"ကောင်းပြီလေ၊ နင်ပေးတဲ့ လက်ဆောင်ဆိုတော့ ငါတရိုတသေ သိမ်းထားပါ့မယ်"

သူမ ခေါင်းကို ခါယမ်းသည်။

"ဟင့်အင်း၊ ဘာဖြစ်လို့ သိမ်းထားရမှာလဲ၊ မသိမ်းနဲ့ ။ မြေပေါ်ပဲ ချစိုက်လိုက်ပါ"

သူမ၏အသံက လေးလေးနက်နက်ရှိသောကြောင့် ကျွန်တော် မော့ကြည့်မိသည်။

မေဘုန်းရှိန်က. . . .

http://www.cherrythitsar.org



**"မျိုးစေ့ကို ချန်ထားရင် ပျက်စီးသွားရုံပဲရှိမယ်။ ဘာမှ ရလိုက်မှာမဟုတ်ဘူး။လူဆိုတာလည်းဒီလိုပဲ။ သတ္တိမရှိလို့ ကိုယ့်ကိုယ်ကိုကာကွယ်ရင်း ချန်ထားခဲ့တဲ့ လူဟာပျောက်ဆုံး သွားမှာပဲ"**

"ဒါဆို ငါက ပန်းမျိုးစေ့လေးတွေကို စိုက်ရမှာပေါ့"

"အင်းပေါ့၊ ဒီမျိုးစေ့လေးတွေက အပင်ပေါက်တဲ့အခါ ခရမ်းရောင် ပန်းပွင့်လေးတွေက ပွင့်လာမှာဟ၊ သိပ်လှမှာပဲ"

သူမ၏ မျက်ဝန်းထဲတွင် ခရမ်းရောင်ပန်းပွင့်တွေ တကယ်ပင် လဲ့လဲ့ဖြာနေသည်ကို မြင်ရသလိုမျိုးပြောနေ၏။ ကလေးတစ်ယောက် ကဲ့သို့ပင် သူမ လွတ်လွတ်လပ်လပ်ပျော်ရွှင်နေပုံမှာ အရမ်းချစ်ဖို့ ကောင်းလွန်းနေပါသည်။

"နင်ပြောသလိုမျိုးဆို ပန်းတွေကို စိုက်တာဟာ ငါက သဘာဝ တရားကြီးကို ကိုးကွယ်ရာ ရောက်နေမှာပေ့ါနော်"

သူမခေါင်းညိတ်သည်။

"ဟုတ်တယ်၊ သဘာဝတရားကြီးကို ကိုးကွယ်ပါမင်းညီရယ်။ **သဘာဝဆိုတာ လူတွေကို အကူအညီပေးတယ်။ နင် ကောင်းကင် ဘုံကို သွားချင်သလား. . . လုပ်ပါ။ နင်လုပ်တဲ့လုပ်ရပ်ကို သဘာဝတရားကြီးက ကူညီလိမ့်မယ်၊ နင်. . . ငရဲကို သွားချင်သလား။ သဘာဝတရားကြီးက နင့်ကိုတားမှာမဟုတ်ဘူး။နင်လုပ်သမျှကို ကူညီဦးမှာပဲ"**

●■●

http://www.cherrythitsar.org


# အခန်း- ၆

(တစ်)

ပော်လိုဂစ်တာသံလွင်လွင်သည် ကဖေးဆိုင်၌ ပျံ့လွင့်နေ၏။ ဂစ်တာသံသည် အပြာရင့်ရောင်သမ်းနေသည်ဟု ကျွန်တော့်စိတ်ထဲ ထင်ချင်သည်။

Mr.Guitar ကဖေးဆိုင်သည် အိမ်မက်တွေခိုအောင်းနေသည့် ဘူတာရုံကလေးနှင့်တူသည်။ နီကျင်ကျင် အုတ်ကွက်များ ဖော်ထား ရာနံရံတွင် မှိုင်းရီမှုးရစ်ဝေစေသော အလွမ်းတွေ ချိတ်ဆွဲပြထားသည်ဟု ခံစားရ၏။

ကျွန်တော်နှင့်ရတနာတို့ Mr.Guitar ကဖေးတွင် ကော်ဖီကျကျ တစ်အိုးကုန်သည်အထိ အတူသောက်ရင်း စကားတွေပြောဖြစ်ကြသည်။

ရတနာကို ပြန်ပို့ရန် ဆိုင်ထဲမှ အထွက်တွင် ကျွန်တော်က

"အေးအေးဆေးဆေးမဟုတ်လား ရတနာ၊ ကိုနေမျိုးဆေးရဲ့ ပြခန်းကို ခဏဝင်ကြည့်ရအောင်"

ကိုနေမျိုးဆေးက သူ့ကဖေးဆိုင်နှင့် ခြေလှမ်းသုံးဆယ်မျှ မပြည့် သော အကွာအဝေးအတွင်းမှာပင် ပန်းချီပြခန်း ခင်းကျင်းထားသည်။ (ဘာသဘောလဲတော့ မသိပါ။ ဆိုင်ထဲတွင် ဘီယာသောက်ရုံနှင့် မမူးလွယ် သောသူများအဖို့) ပန်းချီကားတွေကို ကြည့်ပြီး ရေချိန်ကိုက် သွားလိမ့်မည်ဟု ထင်နေပုံရသည်။

"မောင်က ပန်းချီ ဝါသနာပါလို့လား"

http://www.cherrythitsar.org



"ဆွဲတော့ မဆွဲတတ်ပါဘူး၊ ဒါပေမဲ့ ပန်းချီကားတွေကို ကြည့်ရတာတော့ ဝါသနာပါတယ်၊ ဆရာပေါ်ဦးသက်တို့၊ ဆရာဗဂျီအောင်စိုးတို့ဆို မောင်အရမ်းကြိုက်တာ၊ ဆရာစိုးဝင်းငြိမ်းရဲ့ပန်းချီကားတွေဆိုလည်း သဘောကျတာပဲ"

ရတနာက မျက်မှောင်ကြုတ်လိုက်ပြီး. . .

"အဲဒီပန်းချီဆရာကြီးတွေက သေသွားကြပြီမဟုတ်လား"

"ဆရာပေါ်ဦးသက်နဲ့ ဗဂျီအောင်စိုးကတော့ သေသွားကြပြီ။ ဆရာစိုးဝင်းငြိမ်းကတော့ မပြောတတ်ဘူး၊ ကြည့်ရတာ သူလည်း သေပြီထင်တာပဲ"

ကျွန်တော့်နံဘေးတွင် ရတနာက ခေါင်းလေးတညိတ်ညိတ်နှင့်လိုက်ပါလာသည်။ ကျွန်တော်က. . . .

"မောင်လည်း ငယ်ငယ်တုန်းက စိတ်ကူးယဉ်ဖူးတယ်၊ ပန်းချီဆရာ သိပ်ဖြစ်ချင်တာပဲ"

"ပန်းချီဆရာလုပ်ရတာ ကိုက်လို့လား"

"ဟာ. . . ပန်းချီဆရာဆိုတာ ခွေးမှမဟုတ်ပဲ။ ဘယ်ကိုက်မလဲ"

နေရာတကာ စျေးကွက် တွက်နေသော ထိုငနဲမလေးကို ကျွန်တော်နည်းနည်းတော့ စိတ်တိုသွားမိသည်။ နောက်မှ သြော်၊ သူမသိလို့ပြောရှာတာပဲလေဟု တွေးမိကာ အမျက်ဖြေလိုက်ရ၏။

ပန်းချီပြခန်းထဲ ဝင်ခါနီးတွင် ငနဲမက

"မောင်နဲ့ ကိုနေမျိုးဆေးနဲ့ ရင်းနှီးလား"

"အင်း"

"ဟာ. . ဒါဆို သူနဲ့တွေ့ရင်ဘယ်လိုလုပ်မလဲ ရှက်စရာကြီး။ မဝင်ချင်ပါဘူး"

"လာပါကွာ၊ ရတနာကလည်း၊ ကိုနေမျိုးဆေးက အရမ်းအေးပြီး ဘဘောလည်း အရမ်းကောင်းတာ။ လူရိုးကြီး။ ပါးစပ်ထဲ လက်ညှိုးထည့် ရင်တောင် ကိုက်တတ်တာမဟုတ်ဘူး။ အင်း. . . . ဟိုတစ်ခါ ပါးစပ်ထဲ ချိုလိမ်လေးထည့်ပေးလိုက်တာကို တပြွတ်ပြွတ်စုပ်နေတာတော့ တွေ့တာပဲ"

"ဟယ်. . . မောင်ကလည်း ပေါက်ကရ"

http://www.cherrythitsar.org



"မယုံရင် တွေ့တဲ့အခါသူ့ပါးစပ်ထဲ ရတနာလက်ညှိုး ထိုးထည့်ကြည့်ပါလား"

ရတနာက ဆုတ်ကန်ဆုတ်ကန်ဖြင့် ကျွန်တော့်နောက် ကပ်ပါလာ၏။ ပန်းချီပြခန်းထဲဝင်လိုက်လျှင် ဝင်လိုက်ခြင်း ကျွန်တော့်ခြေလှမ်းတွေ တန့်သွားသည်။

ပြခန်းထဲတွင် ကိုနေမျိုးဆေးနှင့် စကားရပ်ပြောနေသူ တစ်ယောက်ကို တွေ့လိုက်ရသောကြောင့် ဖြစ်သည်။

မေဘုန်းရှိန်။

ကျွန်တော့်ကိုမြင်သွားသောအခါ မေဘုန်းရှိန်က ခေါင်းတစ်ချက ညိတ်ပြီးပြုံးပြသည်။ ကိုနေမျိုးဆေးကလည်း ကျွန်တော်တို့နှစ်ယောက်ကို လှည့်ကြည့်၏။

အစတုန်းကတော့ ကိုနေမျိုးကိုတွေ့လျှင် ရတနာနှင့်မိတ်ဆက် ပေးမည်ဟု စိတ်ကူးထားသည်။ အခု. . . မေဘုန်းရှိန်ကိုပါ တွေ့လိုက်ရသော အခါ ကျွန်တော်အနည်းငယ် တွေဝေသွား၏။ ရတနာကို မေဘုန်းရှိန်နှင့်ပါ မိတ်ဆက်ပေးဖို့ လိုမည်လား။ ဟင့်အင်း. . . ဖြစ်မည်မထင်. . . ။

သူတို့အနီးသို့အရောက်တွင် မေဘုန်းရှိန်က ကျွန်တော့်ဘက် လှည့်ပြီး စကားလှမ်းပြောသည်။

"မင်းညီ၊ မနက်ဖြန်လောက်ဖြစ်ဖြစ် အားရင် နင်ငါ့ဆီလာခဲ့ဦး။ ကိုသိန်းဇော် ပန်းချီပြခန်းဖွင့်ပွဲအတွက် ဖိတ်စာလာပေးထားတယ်"

"ဟုတ်လား၊ ငါ. . . "

ကျွန်တော် စကားမတုန့်ပြန်နိုင်ခင်မှာပင် ရတနာက ကျွန်တော့် လက်မောင်းကို ခပ်ကြမ်းကြမ်း ဆောင့်ဆွဲလိုက်ပြီး

"မောင်. . .၊မနက်ဖြန်လည်း မသွားရဘူး။ သန်ဘက်ခါလည်း မသွားရဘူး။ ဒါပဲ. . . အခုကတည်းက အပြတ်ပြောထားလိုက်မယ်။ ယောကျ်ားတစ်ယောက်ကို မြူဆွယ် အယုံသွင်းပြီးမှ အရှက်ခွဲတတ်တဲ့ မိန်းမယုတ်တွေနဲ့ လုံးဝ မပတ်သက်ရဘူး၊ ရှင်းလား"

ကျွန်တော့်နှလုံးအိမ် သွက်သွက်ခါသွားသည်။ ပြင်းထန်ရင့်သီးသော စကားလုံးတွေက ငရဲကြီးရှစ်ထပ်ပြိုသလို ကျွန်တော့်နားရွက်ထဲ

ပြုံဆင်းလာကြ၏။

မေဘုန်းရှိန်မျက်နှာကို လှမ်းကြည့်ရဲလောက်သည့်သတ္တိ ကျွန်တော့်ထံတွင်မရှိ။ အထူးသဖြင့် ကိုနေမျိုးရှေ့တွင်ဖြစ်သောကြောင့် ပိုဆိုးသည်။ (သို့သော် ကိုနေမျိုးက အလွန်လူမှုရေးနားလည်သူတစ်ယောက်ဖြစ်၏။ သူရှိနေသည့်အတွက် အပြောရအဆိုရခက်ခြင်း၊ မျက်နှာပူရှက်ရွံ့ခြင်းများ မဖြစ်ရအောင် "Excuse me (ခွင့်ပြုပါဦး)"ဟု ယဉ်ကျေးစွာ ပြောပြီး ရှောင်ထွက်သွား၏)

မေဘုန်းရှိန်က ကိုနေမျိုးထွက်သွားရာဆီသို့ စိတ်မသက်မသာဖြင့် တစ်ချက်စောင်းငဲ့ ကြည့်လိုက်ပြီးနောက်. . . .

"စောစောက စကားက မင်းဘယ်သူ့ကို ရည်ရွယ်ပြီး ပြောလိုက်တာလဲ"

သူမက ရတနာ့မျက်နှာကို စေ့စေ့ကြည့်ပြီး တစ်လုံးချင်းမေး၏။ ရတနာက မျက်လုံးချင်း တည့်တည့်အဆိုင်မခံ။ ခေါင်းကို ချာခနဲ လှည့်လိုက်ပြီး

"ဘယ်သူ့ကို ရည်ရွယ်ပြီးပြောပြောပေါ့။ ရှင်နဲ့မဆိုင်ပါဘူး၊ ကိုမင်းညီဟာ ကျွန်မချစ်သူ။ ကျွန်မ သူ့ကို ပြောချင်တာ ပြောမှာပဲ။ ရှင် ဘာမှ စစ်လားဆေးလား လုပ်ခွင့်မရှိဘူး။ရှင်းရဲ့လား"

*

အဲသည့်နေ့က အပြန်လမ်းတစ်လျှောက်လုံးတွင် ကျွန်တော် တတ်သလောက် မှတ်သလောက် ရယ်စရာမောစရာတွေ စုံအောင် ပြောလာသည့်တိုင် ရတနာက ပါးပါးလှပ်လှပ်ကလေးပင် ပြုံးပြဖော်မရ။

■

http://www.cherrythitsar.org


(နှစ်)
ဘဝမှာ. . . . .
မျက်နှာချင်းဆိုင်ရလွန်းတော့လည်း
လူချင်းမှားပြီး
နှုတ်ဆက်မိတာတွေ. . . များလွန်းတယ်။
ကောင်မလေးရေ. . .
“မင်္ဂလာပါ”
မင်းကိုငါ လူမှားခဲ့ပါသလား။

■

http://www.cherrythitsar.org


(သုံး)

ပျိုးထားသော ပန်းမျိုးစေ့ကလေးတွေ အပင်ပေါက်လာသည်ကို ချမ်းမြေ့စွာကြည့်ရင်း ကျွန်တော့်နောက်ကျောဘက်ဆီသို့ သူမ ရောက်လာသည်။

ခြေသံမကြားစေရဘဲ ညင်သာစွာ လာရပ်နေသူမှာ မေဘုန်းရှိန် ဖြစ်မှန်း လှည့်မကြည့်ဘဲနှင့် ကျွန်တော်သိပါသည်။

ကျွန်တော်က သူမ၏ ကိုယ်သင်းရနံ့ကို အိမ်မက်ထဲအထိ အလွတ်ရနေသူဖြစ်သည့်အကြောင်း အထူးတလည် ပြောနေစရာလိုမည် မထင်ပါ။

(မေဘုန်းရှိန်သည် ကျွန်တော့်အိမ်သို့ သိပ်လာလေ့လာထမရှိဘဲ အခုလိုရုတ်တရက် ရောက်လာသည့်အတွက်ကြောင့်သာ အနည်းငယ် အံ့သြစရာရှိပါသည်)

ကျွန်တော်က. . . .

"ငါ့ပန်းပင်လေးတွေကို ကြည့်ပါဦး၊ ကလေးပေါက်စလေးတွေ ပုခက်ထဲ အိပ်ပျော်နေတာ ကျနေတာပဲ"

မေဘုန်းရှိန်က ပန်းပင်ကလေးများကို ငုံ့ကြည့်ပြီး လမင်းလို ပြုံးပြလိုက်သည်။ ခဏမျှကြာသောအခါ သူမက. . . .

"ငါတို့. . . . ဟိုဇွန်ပန်းရုံနားမှာ ခဏ သွားထိုင်ကြရအောင်ဟာ"

ဇွန်ပွင့်ဖြူဖြူဖွေးဖွေးတွေ ပြန့်ကြဲနေသည့် မစိမ်းရင့်ရင့် မြက်ခင်းပေါ် ကျွန်တော်တို့နှစ်ယောက် ထိုင်ဖြစ်ကြသည်။ ကောင်းကင်က ဖန်ဆင်းသောရနံ့တစ်ခု ကျွန်တော့်နဘေးတွင် ရောင်ရှိနေသည်ဟု ခံစားရ၏

သူမ၏ ဝါဝင်းနုစိုသော လက်မောင်းသား လှလှကလေးပေါ်တွင်

http://www.cherrythitsar.org



အိမ်မက်တွေက လိပ်ပြာလို ခိုနားနမ်းရှိုက်ကြပြီထင်သည်။

ကျွန်တော် သူမ၏ မျက်တောင်ကော့ကော့များကို ငေးကြည့်မိသည်။ သွယ်ပျောင်းရှည်နွဲ့သော လက်ချောင်းကလေးများကို ငေးကြည့်မိသည်။ပြည့်ဖောင်းတုန်ရီနေသော ပန်းနုရောင် နှုတ်ခမ်းသားများကိုလည်း ငေးကြည့်နေမိပါသည်။

သူမဆီက တုန့်ပြန်လိုက်သော အကြည့်တစ်ချက်သည် တေးသီချင်းတစ်ပုဒ်ဖြစ်၏။ ထိုသီချင်းကို ရင်အုပ်အဝါကျားနှင့် သပိတ်လွယ်ငှက်ကလေးများက နှုတ်သီးဖြင့်ကိုက်ချီကာ မိုးတိမ်ယံများကြားသို့ သယ်ဆောင်သွားသည်။

သူမသည် ကျွန်တော်အတွက် တိတ်ဆိတ်ခြင်း တိမ်တိုက်တွေထဲမှာ ကျပျောက်သွားခဲ့ရသော သီးချင်းတစ်ပုဒ်လည်း ဖြစ်ပါသည်။

သူမသည် ရေစက်ရေမှုန်တွေလို လေသံမျိုးဖြင့် . . . .

"မင်းညီ . . . . . ငါနင့်ကို ပြောစရာရှိတယ်"

"ပြောလေ"

"ဟင့်အင်း . . . ဒီစကားကို ငါကအရင်ပြောရမှာ ခက်နေတယ်။ ဒီတော့ နင်စပြီးပြောကါလား"

"ဘာကိုပြောရမှာလဲ"

သူမ ခေတ္တတုံးဆိုင်းသွားပြီး၊ နောက်မှ လေသံတိုးတိုးဖြင့်

**"နင် ငါ့ကို . . . . . ချစ်တယ်ဆိုတဲ့ အကြောင်းပေါ့"**

"ဘာ"

ကျွန်တော်အံ့သြသွားသည်။ ရုတ်တရက်မို့ အသက်ရှူရန်ပင် မေ့နေ၏။ ဆောင်းကို ဖန်ဆင်းသော နတ်ငှက်က လှည့်စားသလားဟု အောက်မေ့ရသည်။ ကျွန်တော့်ရင်ခွင်တစ်ခုလုံး နှင်းတို့ဖြင့် ဆွတ်ဆွတ်ဖြူမှိုင်းကာ အေးမြသွားလေသည်။

*

http://www.cherrythitsar.org



"ငါ. . . နင့်ကို အရမ်းချစ်တာပေါ့ မေဘုန်းရှိန်။ ဒါပေမယ့် ဒီစကားကို ငါတို့နှစ်ယောက်ကြားမှာ ဒီတသက် ပြောခွင့်မရှိတော့ဘူးလို့ အောက်မေ့ထားတာ"

ကျွန်တော် စကားတွေ အများကြီးပြောပစ်လိုက်မည်ဟု စိတ်ကူးသော်လည်း ဘာကြောင့်မှန်းမသိ သည်လောက်နှင့်ပင် တုန့်ခနဲရပ်သွား၏။ ပြောဖြစ်သော စကားတွေကလည်း ဘာကြောင့်အလင်္ကာဆန်ဆန် မလှမပရပါလိမ့်ဟု အားမလိုအားမရ ဖြစ်မိသည်။

ဖွန်ပွင့်ဖြူဖြူတွေ ကြွေကျလာပြန်သည်။ ကျွန်တော်က ဖွန်ပွင့်တစ်ပွင့်ကို ကောက်ယူ၍ သူမလက်ထဲသို့ ထည့်ပေးလိုက်၏။ ထိုပန်းပွင့်သည်လည်း အလင်္ကာမဆန်ပါ။ သို့သော် အချစ်လိုပင် ရိုးစင်းရှင်းသန့်သော ဖြူစင်မှုဖြင့် လှပနေပါသည်။

ကျွန်တော်သူမ၏မျက်နှာကို စိုက်ကြည့်လိုက်သည်။

ကမ္ဘာမြေတစ်ခုလုံး အဖြူရောင်ပန်းပွင့်များဖြင့် ဖုံးလွှမ်းပါစေသား၊

သူမက ပန်းပွင့်ကလေးကို နှုတ်ခမ်းကြားတွင် ကိုက်ရင်း တီးတိုးလေသံဖြင့်. . . . .

"အချိန်မှားယွင်းပြီးတော့မှ ဒီစကားကို ပြောမိသလို ဖြစ်သွားသလား. . . မင်းညီ"

"အချစ်မှာ အချိန်ဆိုတာ မရှိပါဘူးဟာ"

■

http://www.cherrythitsar.org


(လေး)

သူမသာ ငှက်ဖြစ်မည်ဆိုလျှင် ကျွန်တော်သည် လေပြည်ဖြစ်ပါမည်။

သက်တံတွေဆီ ကျွန်တော်တို့နှစ်ယောက် အတူသွားကြသည့်အခါ သင်တို့ မနာလိုမဖြစ်ကြပါနှင့်။

မနက်ဖြန်ကြလျှင် ချစ်သူအတွက် ခရမ်းရောင်မီးလျှံများကို ကျွန်တော်ယူဆောင်လာခဲ့ပါဦးမည်။ မှော်ကတ္တီပါစဖြင့် ချုပ်ထားသည့် အိတ်ထဲတွင် နှစ်ဦးသဘောတူပိုင်ဆိုင်သည့် ညနေခင်းများစွာကို ထည့်သွင်းကာ သီချင်းတစ်ပုဒ်အဖြစ် ပြောင်းလဲပစ်လိုက်ကြသည်။

နားထောင်ပါ။ ယခု. . . . ငှက်ကလေးတွေ သီဆိုနေသည်မှာ ထိုသီချင်းဖြစ်ပါသည်။

■

(ငါး)

Poem ဟု အမည်လှလှ ပေးထားသော အမှတ်တရ လက်ဆောင်ပစ္စည်းဆိုင်ထဲသို့ ကျွန်တော်နှင့် မေဘုန်းရှိန် ဝင်ခဲ့ကြသည်။ ကျွန်တော်က

“ငါ နင့်ကို လက်ဆောင်ပေးချင်တဲ့ ပစ္စည်းတစ်ခုရှိတယ် သိလား”

“ဘာလဲ. . . . မင်းညီ”

ကျွန်တော်က ရက်အင်ဒီးယန်းလူမျိုးများ ရိုးရာအသုံးအဆောင် ပစ္စည်းအဖြစ် သုံးစွဲသည့် Dream Catcher (အိမ်မက်ကောင်းများကို ဖမ်းဆီးပေးသော ကိရိယာ) ကလေးကို ကြိုးမှဖြုတ်ကာ သူမ၏ လက်ထဲသို့ ထည့်ပေးလိုက် သည်။

“ဒါ. . . ဘာလဲဟင်”

“Dream Catcher လို့ခေါ်တယ်မေဘုန်းရှိန်ရဲ့။ ရက်အက်ဒီးယန်း လူမျိုးတွေက ဒီကိရိယာလေးကို အိပ်ရာခေါင်းရင်းမှာ ချိတ်ဆွဲထားတတ် ကြတယ်။ ဒါလေးက အိမ်မက်ကောင်းတွေကို ဖမ်းယူပေးတယ်လို့ ယုံကြည်ကြတယ်လေ”

သူမ အနည်းငယ် ပြုံးလိုက်၏။

“ဒါဆို ငါ. . ဒီဥစ္စာလေးကို ငါ့. . . . . အိပ်ရာခေါင်းရင်းမှာ ချိတ်ထားရင် အိမ်မက်လှလှလေးတွေ မက်မှာပေါ့၊ ဟုတ်လား မင်းညီ”

“အင်းပေါ့”

ကွင်းကလေးများ၊ ပိုက်ကွန်ကြိုးစနှင့် ငှက်မွှေးငယ်များ လှုပ်ရှား ယိမ်းနွဲ့နေသည့် အိမ်မက်ဖမ်း ကိရိယာလေးသည် သူမ၏လက်ထဲတွင် အသက်ဝင်နေသည်ဟု ထင်ရသည်။

မေဘုန်းရှိန်က. . . . .

http://www.cherrythitsar.org


"ငါလည်း နင့်ကို လက်ဆောင်တစ်ခု ပြန်ပေးချင်တယ် မင်းညီ"

ကျွန်တော့်ရင်ထဲမှာလှစ်ခနဲအဝါရောင်သန်းသောပျော်ရွှင်မှုတစ်ခု ဖြတ်ပြေးသွားသည်။

သို့သော် ထိုအခိုက်အတန့်မှာပင်. . .

*

ကျွန်တော့် ပျော်ရွှင်မှုပေးသို့ အရိပ်မည်းမည်းတစ်ခု အုပ်မိုးလာ၏။ မသိစိတ်၏ လှုံ့ဆော်မှုဖြင့် ဆိုင်အဝင် တံခါးဝဆီသို့ ဖျတ်ခနဲ ကျွန်တော် လှမ်းကြည့်မိသည်။

ဆိုင်ထဲဝင်လာသူကရတနာ။

*

ရတနာက ကျွန်တော့်ကို လှမ်းမြင်လိုက်သည်နှင့် တအံ့တသြ ဖြစ်သွားပြီး. . .

"မောင်. . . ဘာဖြစ်လို့ ရတနာ့ဆီကို အဆက်အသွယ်မလုပ်တာလဲ။ ဒီတစ်လလုံးလုံး ရတနာ့ဆီကို မောင်. . . ဖုန်းဆက်ဖော်တောင်မရဘူး။ ဟင်. . . ဘာဖြစ်နေတာလဲ၊ ပြောစမ်းပါဦး"

ကျွန်တော်ချည်းသက်သက်သာဆိုလျှင်တော့ ဒီကိစ္စသည် ရယ်သလိုမောသလိုနှင့် ပေါ့ပေါ့ပါးပါး ပြီးဆုံးသွားမှာ သေချာပါသည်။

ကျွန်တော်ပါးစပ်ထဲတွင် ရည်းစားဟောင်းကောင်မလေးများ ကို (သူတို့လည်း သိက္ခာမကျ၊ ကိုယ့်ကိုလည်း မနာကြည်းရအောင်) နှစ်သိမ့်နိုင်သည့် ဗလောင်းဗလဲ စကားလုံးတွေ ပင်လယ်ကူးသင်္ဘောတစ်စင်းစာ အပြည့်ရှိပါသည်။

သို့သော် ကျွန်တော်မျှော်လင့် မထားမိလိုက်ခင်မှာပင် မေဘုန်းရှိန်က ပွဲသိမ်းကွက်ကို တစ်ကွက်ထဲ အပြီးရွှေ့လိုက်၏။

"ဘာဖြစ်လို့. . အဆက်အသွယ် မလုပ်တာလဲဆိုတော့ ငါက

http://www.cherrythitsar.org



မလုပ်ခိုင်းတာပဲ။ **မင်းညီက. . . . ငါ့ချစ်သူ** ဆိုတော့ ငါ့မှာတားပိုင်ခွင့်ရှိတယ်။ နောက်ပြီး. . သူက ငါ့ကို သိပ်ချစ်တော့ ငါပြောတဲ့အတိုင်း တစ်သွေမတိမ်းနေတာပေါ့”

သူမ၏စကားကို ကြားရပြီးသည်နှင့်တပြိုင်နက် ကျွန်တော့် ဘဝတစ်ခုလုံးပြိုကျသွားသလို ခံစားလိုက်ရ၏။

ဘယ်သောအခါတွင်မှ ဖြစ်ပါလာလိမ့်မည်ဟု ထင်မှတ်မထားသော ခံစားချက်တစ်မျိုး ဝုန်းခနဲ ပေါက်ဖွားလာသည်။

ကျွန်တော် မေဘုန်းရှိန်ကို နာကြည်းသွားသည်။

■

http://www.cherrythitsar.org


(ခြောက်)

"မင်းပဲ စဉ်းစားကြည့်မောင်အေး၊ ငါသူ့ကို စိတ်မနာသင့်ဘူးလား"

ဒီလောက်ဖြူစင် မြင့်မြတ်တဲ့ အချစ်ကိုမှ ဘာဖြစ်လို့ သူကလဲ့စားချေဖို့ အသုံးချလိုက်ရတာလဲ။ ငါ. . . သူ့ကို အရမ်းချစ်ပါတယ်။ မင်းတို့အားလုံးလည်းသိကြမှာပါ။ ဒါပေမယ့်. . . . ငါ့အချစ်ကို သူကလဲ့စားချေဖို့လက်နက် အဖြစ်နဲ့ အသုံးချလိုက်တာကိုတော့ ငါလုံးဝခွင့်မလွှတ်နိုင်ဘူးကွာ. . . .။

ငါ့ဘက်က အချစ်နဲ့ ထိုက်တန်တဲ့ အချစ်မျိုးသူ့ဆီမှာရှိတဲ့ အချိန်ကျမှ ငါပြန်လာမယ်။ လောလောဆယ်တော့ ပောဒီတောင်ကြီး မြို့မှာပဲ ငါနေနိုင်သလောက် အချိန်တွေကို ဖြုန်းပစ်လိုက်ဦးမယ်။

ကိုကျင်ကတော့ ငါ့ကို'ထွက်ပြေးပြန်ပြီ'လို့ စွပ်စွဲချင် စွပ်စွဲနေဦးမှာပေါ့။ သူ့ကို ပြောလိုက်ပါကွာ။ ငါထွက်ပြေးတာမဟုတ်ပါဘူးလို့။

ဟင်. . ငါဘာလုပ်နေတာလဲ ဟုတ်လား။ ငါ မျိုးစေ့ကနေ ပျိုးပင်လေးတွေ အပင်ပေါက်လာတာကို စောင့်ကြည့်နေတာပေါ့။ ဒါပဲ သူငယ်ချင်း။ ကဲ. . . ဖုန်းချလိုက်တော့မယ်နော်၊ ဂွတ်နိုက်"

*

တောင်ကြီးမြို့၏ ညသည် နတ်သမီးပုံပြင်တစ်ပုဒ်လို ချမ်းမြေ့အေးဆိတ်လျက် လှပနေသည်။

လမင်းသည် တောင်၏အစွန်း၊ တော၏ အရိပ်တွင် ပျပျမှိုင်းဝေကာ လင်းပနေ၏။ လမ်းအပေါ် တိမ်တွေက အုပ်ဆိုင်းသွားသည်ကို

ကြောင်နှစ်ကောင်စာအုပ်တိုက်

http://www.cherrythitsar.org



မြင်ရသောအခါ လမင်းနှင့် တိမ်တိုက်များသည် မည်သို့ ဆွေမျိုး တော်စပ်ကြသလဲဆိုသည်ကို ကျွန်တော် စဉ်းစားနေမိသည်။

တကယ်တမ်းကျတော့ ထိုအဖြေကို ကျွန်တော် သိချင်လှသည် မဟုတ်ပါ။ ကျွန်တော်၏ စိတ်ရှုးထမှု သက်သက်သာလျှင်ဖြစ်ပါသည်။ လူဆိုသည်မှာ 'တစ်ခါတစ်ရံ' ရူးဖို့ လိုအပ်သည်မဟုတ်လား။

ကျွန်တော့်အတွက်တော့ ထို 'တစ်ခါတစ်ရံ' သည် သူမကြောင့် ဖြစ်သော ရင်ခုန်သံ၌ ရူးသွပ်ခြင်းပေါ် တည့်တည့် ကျရောက်ခဲ့သည်ကိုပင် ကျေးဇူးတင်နေမိသည်။

ရူးသောသူသည် သီချင်းတွေဆိုတတ်သည်ဟု ပြောလေ့ရှိကြသည်။

ကျွန်တော် သီချင်းတွေ ဆိုပစ်လိုက်သည်။

■

http://www.cherrythitsar.org


(၁)
စိတ်ကူးအရင့်အမာကြီးနဲ့ လွမ်းရတာ. . .
တစ်ကမ္ဘာလုံးကို ထမ်းထားရတာထက်
ပိုလေးတယ်. . .။
(၂)
ကောင်မလေးရယ်. . .
နောက်ကျခဲ့တာက
တစ်စုံတစ်ရာကိုချစ်ဖို့. . .
ငါတို့. . . .
ဘာမှ အဆင်သင့်မဖြစ်ခဲ့ကြတာတစ်ခုပါပဲ။
(၃)
"ခေါင်းကလေးဝင်ပါရစေ"
(၄)
"လက်ကလေးဝင်ပါရစေ"
(၅)
"ခြေထောက်ကလေးဝင်ပါရစေ"
(၆)
အချစ်ဟာ ကုလားအုတ်တစ်ကောင်ပါပဲ။
ငါ့ရင်ဘတ်ရွက်ထည်တဲမှာ လာမိုးခို
ငါကတော့. . . .
စွန့်လွှတ်ဖို့အတွက်သက်သက်ပဲ ကြိုခဲ့တယ်။
"ဝင်ခဲ့လေကွယ်. . . ."
(၇)

http://www.cherrythitsar.org



ပြီးတော့. . .
အဲဒီကုလားအုတ်ရဲ့ ခြေဖမိုးကို နမ်းရှုပ်. . .
ရက်ထည်တဲရဲ့ အပြင်ဘက်ကို
(ငါ့ဘာသာငါ) သုံးရာသီလုံးလုံးနောက်ဆုတ်ပြီးထွက်ခဲ့တယ်။
ကြည့်စမ်း. . . .
ငါဟာ ပိုးစိုးပက်စက် မြင့်မြတ်နေလိုက်ပုံများ။
(၉)
ကောင်မလေးရေ. . .
တို့တွေ နားလည်လိုက်ရအောင်
မင်းနဲ့ငါ တကယ်နားလည်သွားသလိုပုံမျိုးနဲ့
နားလည်ပစ်လိုက်ကြရအောင်လေ. . . .။

■

http://www.cherrythitsar.org



# အခန်း- ၇

(တစ်)

ရန်ကုန်လေဆိပ်မှ အပြင်ထွက်ထွက်ချင်း မေဘုန်းရှိန် လာကြို နေသည်ကို တွေ့လိုက်ရသောအခါ ကျွန်တော့် နှလုံးအိမ်တစ်ခုလုံး ဝမ်းသာစိတ်ဖြင့် နာကျင်သွားရသည်။

"ငါ. . ပြန်လာမယ်ဆိုတာ ဘယ်သူ့ကိုမှလည်း အကြောင်းမကြား ထားဘဲနဲ့ နင်ဘယ်လိုလုပ်သိပြီး လာကြိုနေတာလဲ"

"နင်ထွက်သွားတဲ့နေ့ကတည်းက တောင်ကြီးရှိတဲ့နေ့တိုင်း ငါ ဒီနေရာမှာ အမြဲလာစောင့်ကြိုနေတာပါ မင်းညီ။ နောက်ဆုံး ခရီးသည်တွေ အားလုံးကုန်လို့ နင်ပါမလာတာ သေချာပြီဆိုမှ ငါလှည့်ပြန်ခဲ့တာချည်းဘဲ"

ကျွန်တော် စိတ်ကို မထိန်းသိမ်းလိုက်နိုင်တော့။ သူမ၏ ပါးပြင်နှင့် မေးရိုးအစပ်နားဆီကို ဖျတ်ခနဲ လှမ်းပြီး နမ်းလိုက်မိသည်။

သူမက အရှက်မျက်နှာဖြင့် ခေါင်းကို ငုံ့ဖယ်ပြီး. . .

"နေဦးလေ မင်းညီရဲ့၊ အခုမနမ်းနဲ့ဦး။ ငါနင့်ကို လက်ဆောင် တစ်ခုပြန်ပေးဖို့ အကြွေးကျန်သေးတယ်လေ။ အဲဒါပေးပြီးမှ နမ်း"

"နင်က ဘာလက်ဆောင်ပေးမှာမို့လဲ"

ကားမောင်းနေသော သူမကို ကျွန်တော်က လှမ်းမေးလိုက်၏။

သူမက ရဲရင့်ခိုင်မာစွာ ဆုံးဖြတ်ထားသည့် မျက်ဝန်းများဖြင့် တစ်ချက်လှမ်းကြည့်ရင်း

"ငါ. . . နင့်ကို လက်ထပ်မယ်မင်းညီ။ အချစ်ကို ငါအသုံးချခဲ့တာ

http://www.cherrythitsar.org



မဟုတ်ပါဘူး။ နင့်အချစ်နဲ့ ထိုက်တန်တဲ့ အချစ်မျိုးနဲ့ တုံ့ပြန်ခဲ့တာပါဆိုတဲ့ အကြောင်းကို သက်သေပြစရာ ငါ့မှာ ဒီအခွင့်အရေးဘဲရှိတော့တယ်လေ။ ငါ့ကို. . . လက်ထပ်ပါ။ ပြီးတော့ အရေးကြီးဆုံးက ငါ့ရဲ့အချစ်ကို နင်လိပ်ပြာသန့်သန့်နဲ့ ပိုင်ဆိုင်ပါ မင်းညီ”

နောက်သုံးရက်အကြာတွင် ကျွန်တော်နှင့်မေဘုန်းရှိန်တို့ တရားရုံးတွင် လက်မှတ်ထိုးလိုက်ကြပါသည်။

■

http://www.cherrythitsar.org



(နှစ်)

ပျော်ရွှင်မှုသည် အရာခပ်သိမ်းကို သိမ်းပိုက်သွား၏။ကျွန်တော့် ရင်ခွင်ကမ္ဘာမြေတစ်ခုလုံး ရွှေရောင်လင်းလက်၍ မှောင်သွားသည်။

မေဘုန်းရှိန်ထံမှ အဲသည်လို လက်ဆောင်မျိုး ရလိမ့်မည်ဟု ကျွန်တော် ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့မိပါ။

သူမ၏ ရဲဝံ့သော ဆုံးဖြတ်ချက်ကို ကျွန်တော် ဦးခိုက်သည်။ သူမ၏ နှလုံးသားကို ကျွန်တော် လေးစားသည်။ သူမ၏ အချစ်ကို ကျွန်တော် ယုံကြည်သည်။ သူမ၏ ပေးဆပ်မှုအတွက်လည်း ကျွန်တော် တုန်လှုပ်မိပါသည်။

သူမအနေဖြင့် ကျွန်တော့်ကို လက်ထပ်ဖို့အထိ အဆုံးစွန် ရည်ရွယ်ခဲ့ပြီဆိုမှတော့ ကျန်တာတွေ ဘာမှမလိုအပ်တော့ပါ။

အားလုံးကိုပြီးဆုံးပစ်လိုက်ဖို့အလွယ်လေးပင်။ မေ့လျော့ပစ်လိုက်ဖို့လည်း အလွယ်လေး။ ဖြေဖျောက် သင်ပုန်းချေပစ်လိုက်ဖို့လည်း အလွယ်လေးပင် ဖြစ်ပါသည်။

သူမ၏ ကလေ့စားချေမှုထဲတွင် ကျွန်တော့်အချစ်ကို အသုံးချခဲ့ သည့် အဖြစ်အပျက်ကိုလည်း(မေဘုန်းရှိန်၏ ဘဝမှာ တစ်ခါတစ်ရံစာ ရှားရှားပါးပါးမှားယွင်းခဲ့သည့်)အဖြစ် ကျွန်တော်လွယ်ကူလျှင်မြန်စွာ သွန်မှောက်ပစ်လိုက်တော့သည်။

(သူမ၏ ရင်ထဲတွင် ကျွန်တော့်အပေါ် နက်နက်ရှိုင်းရှိုင်း မတွယ်တာဘဲနှင့် ဒီလောက်အရေးကြီးသည့် ဆုံးဖြတ်ချက်မျိုး ချလိမ့်မည်မဟုတ်မှန်း ကျွန်တော် နာလည်ထားသောကြောင့် ဖြစ်၏)

ကျွန်တော်နှလုံးသားထဲမှ နာကျည်းမှုတွေ အားလုံးပြေပျောက်သွားသည်။ ဒဏ်ရာတွေအားလုံး တမဟုတ်ချင်း ကျက်သွား၏။

http://www.cherrythitsar.org



သူမသည် ဝေဒနာအားလုံးကို တစ်ခဏအတွင်း သက်သာပျောက်ကင်းသွားစေနိုင်သော'သမားတော်' ဖြစ်ပါသည်။

■

http://www.cherrythitsar.org



(သုံး)

“မေဘုန်းရှိန်က မင်းကို ခုလိုလက်ထပ်တဲ့အထိ ချက်ချင်းကြီး ဆုံးဖြတ်လိမ့်မယ်လို့ ငါ လုံးဝထင်မထားဘူးကွာ”

မောင်မောင်အေးက ယခုအချိန်ထိ မယုံသေးဟန်ဖြင့် ဝိုးတဝါး ပြောသည်။

“အေး. . . ဟုတ်ပါရဲ့၊ မင်းတို့. . . မင်းတို့နှစ်ယောက် တကယ် လက်ထပ်ကြတာနော်”

ကိုကျင်က အိမ်မက်မှ လန့်နိုးလာသူတစ်ယောက်လို ယောင် တိယောင်ကန်း မေးနေသောကြောင့် ကျွန်တော်တို့ ရယ်ဖြစ်ကြသည်။ ကျွန်တော်က. . .

“သြော်. . . ခက်ပါလား၊ အခုလေးတင် တရားသူကြီးရှေ့မှာ ရုံးတက်လက်ထပ်ကြလို့ ကိုကျင်တောင် သက်သေနေရာက လက်မှတ် ဝင်ထိုးခဲ့သေးတဲ့ဥစ္စာ၊ တကယ်လက်ထပ်တာလား. . . လို့ မေးနေရသေး တယ်၊ ခုပဲ. . . တရားရုံးက ဆင်းလာတာ ငါးမိနစ်တောင် မပြည့် သေးဘူး”

“ဟုတ်ပါဘူးကွာ. . .၊ငါ့စိတ်ထဲမှာ ဘာကို အံ့ဩမှန်းမသိဘဲ အံ့ဩနေမိလို့ပါ”

ဝေဠုကလည်း. . . .

“အေးလေ. . မင်းတို့ နှစ်ယောက်ကလည်း တစ်သက်လုံး သူငယ်ချင်းတွေလို နေလာကြပြီးမှ ရုတ်တရက် ထပြီး ချစ်သူတွေဖြစ်ကြ၊ နောက်. . . ဘာမှ မကြာလိုက်ဘူး ပြန်းစားကြီး စိတ်နာပြီး ကွဲမလိုလိုဖြစ်ကြ၊ ဟော. . . ခုတော့ ချက်ချင်းကြီး လက်ထပ်ကြပြန်ရော. . .၊ ငါတို့က ဘာကို နားလည်ရမှာလဲ”

http://www.cherrythitsar.org



"အေးကွာ. . . မေဘုန်းရှိန်နဲ့ မင်းညီတို့ကတော့ လုပ်လိုက်ရင် အဆန်းတွေချည်းပဲ"

သူတို့သူ၏ာ မဟုတ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း အလှည့်အပြောင်းမြန်ဆန်သော အရာခပ်သိမ်းကို နားမလည်နိုင်သလိုလို၊ မယုံကြည်နိုင်သလိုလို ဝိုးတိုးဝါးတား ခံစားနေရပါသည်။

ထို့ကြောင့် သူတို့ကို ဘာမှ ပြန်မဖြေရှင်းနိုင်တော့ဘဲ ရယ်ရုံသာ ရယ်ပြလိုက်ရ၏။

ကျွန်တော့်ဘေးမှ ယှဉ်ပြီးလျှောက်လာသော မေဘုန်းရှိန်ကတော့ တစ်စုံတစ်ရာကို ငြိမ်သက်စွာ စဉ်းစားနေပုံရသည်။

*

တရားရုံးအပြင်ဘက်တွင် ရပ်ထားသော ကျွန်တော့်ကားရှိရာဆီသို့ ခြေလှမ်းများ ဦးတည်လိုက်ကြသည်။ လောလောဆယ် ရုံးတက်လက်မှတ်ထိုးသည့် အထိမ်းအမှတ်အဖြစ် သူငယ်ချင်းများကို စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားပြီး ကျွေးမွေးရဦးမည်ဖြစ်၏။

မင်္ဂလာဧည့်ခံပွဲကိုတော့ မနက်ဖြန်ကျမှ ကျင်းပဖို့ စီစဉ်ထားသည်။

ကျွန်တော် ကားရှိရာသို့ အရောင်တွင် ကားပေါ်တက်ခါနီး ဆဲဆဲ. . . .

"အောင်ပါစေ. . . အောင်ပါစေ. . . ရတနာရွှေမိုးငွေမိုး သွန်းဖြိုးလို့ အောင်ပါစေ. . . ဗေပုံထီပုံထီ. . . . ဗေထီ"

ပါးစပ်ဆိုင်းတီးပြီး သီချင်းဆိုသံကြားရသဖြင့် ကျွန်တော်တို့အားလုံး ဖျတ်ခနဲ လှည့်ကြည့်မိကြသည်။ စိတ်ရောဂါ ဝေဒနာရှင်တစ်ဦးဖြစ်ဟန်တူသူက ယပ်တောင်လေး တစ်ချောင်းကိုင်ကာ ကွေးနေအောင် ကရင်း လာနေသည်ကိုမြင်လိုက်ရ၏။

ထိုသူ၏ ရင်ဘတ်ပေါ်တွင်လည်း ကြွေရည်သုတ် သံရေခွက်ဟောင်း တစ်ခွက်ကို ကြိုးဖြင့်ချည်ပြီး လည်ပင်းမှာ စလွယ်သိုင်းထားသည်။

http://www.cherrythitsar.org



ကိုကျင်က ထိုသူ့ကို လှမ်းကြည့်ပြီး ကရုဏာသက်စွာ. . . . .

"သနားပါတယ်ကွာ၊ ပိုက်ဆံအကြွေလေး ဘာလေးပါရင် လှူလိုက်ရအောင်"

ဟု ပြောပြောဆိုဆိုဖြင့် သူ့တိုက်ပုံအင်္ကျီထဲနှုက်ပြီး ပိုက်ဆံအိတ်ကို ထုတ်၏။

ကျွန်တော်က သူ့လက်ကို လှမ်းတားထားလိုက်ပြီး. . .

"နေ. . . နေ. . . ကိုကျင်၊ ကျွန်တော်ပဲ ပေးလိုက်မယ်၊ ကျွန်တော်တို့ရဲ့ မင်္ဂလာဦးအလှူဒါန ဖြစ်သွားအောင်ပေါ့"

ကျွန်တော်က ငါးရာတန် တစ်ရွက်ထုတ်ပေးလိုက်ရာ ထိုသူက ပိုက်ဆံကို လှမ်းယူပြီး ပုဆိုးခါးပုံစကြားထဲ ကျစ်ကျစ်ပါအောင် လိပ်ထည့်ရင်း အဆီအငေါ်မတည့်သော ဆုတောင်းစာများကို တသီတတန်း ရှည်လျားစွာ ရွတ်နေလေတော့သည်။

ကိုကျင်က ထိုဝေဒနာရှင်၏ လည်ပင်းတွင် တွဲလောင်းချိတ်ဆွဲထားသည့် သောက်ရေခွက်အစုတ်ကို စူးစူးစမ်းစမ်းကြည့်ရင်း. . . .

"ဟေ့လူ. . . ဘာဖြစ်လို့ ခင်ဗျားလည်ပင်းမှာ သောက်ရေခွက်ကို ချည်ထားရတာလဲ"

ဟု နေနိုင်နထိုင်နိုင် မေးလိုက်၏။ ထိုသူက ကိုကျင့်ကို 'ဒါလေးတောင် မစဉ်းစားတတ်ဘူးလား'ဟု အပြစ်တင်ချင်သည့် အကြည့်ဖြင့် ကြည့်လိုက်ရင်း. . .

**"ကျုပ်ရေသောက်ချင်တဲ့ အချိန်မှာ သောက်လို့ရအောင် ရေခွက်ကို သွားလေရာ ယူသွားရတာပေါ့ဗျ၊** ဘာလဲ ခင်ဗျားက ကျုပ်ရေခွက်ကိုလုချင်လို့လား၊ ဟင်း. . . ဘာရမလဲ၊ စိန်ပလိန်တိန်. . . မုန့်ကြိုးလိမ်. . . "

အော်ဟစ်ရင်း ပြေးထွက်သွားလေ၏။

မေဘုန်းရှိန်က ထိုမြင်ကွင်းကိုကြည့်ရင်း သက်ပြင်းတစ်ချက်ချကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။ ကျွန်တော်က. . . . .

ဘာဖြစ်လို့လဲ. . . . မေဘုန်းရှိန်၊ နင် ဘာကိုတွေးမိလို့လဲ"

မေဘုန်းရှိန်က ရုတ်တရက် ပြန်မဖြေ၊ အတန်ကြာအောင်

http://www.cherrythitsar.org



စဉ်းစားနေပြီးမှ. . . .

"ငါတို့တွေဟာလည်း အရှူးနဲ့တူနေပြီလားလို့ပါ"

"ဘာဆိုင်လို့လဲ"

သူမက စောစောကလူ ပြေးထွက်သွားရာဆီကို တစ်ချက်လှမ်းကြည့်လိုက်ရင်း. . .

"တကယ်ဆိုရင် 'ရေခွက်' ဆိုတာ ကိုယ်ရေသောက်ချင်တဲ့ အချိန်မှာ အသုံးချ ခပ်သောက်ပြီးရင် သူ့နေရာသူ ပြန်ထားလိုက်ရုံပဲ၊ နောက်ထပ်လိုမှ တစ်ခေါက်ထပ်ယူပြီး. . . အသုံးချ၊ ပြီးရင်. . . ပြန်ထား၊ ဒီလိုပဲ လုပ်ရမှာ မဟုတ်လား၊ အဲဒီရေခွက်ကို သွားလေရာရာ ယူသွားဖို့မှ မလိုအပ်တာ။

**ဒီလို့ပဲပေါ့ အချစ်ဆိုတာလည်း အတ္တတစ်မျိုးပဲလေ၊ အတ္တဆိုတာ မုန်းဖို့လည်း မလိုသလို တက်မက်ဖို့လည်း မလိုပါဘူး၊ အသုံးချဖို့ လိုအပ်လာတဲ့အချိန်မှာ အဲဒီအတ္တကို အသုံးချလိုက်. . . .၊ ပြီးရင်. . . သူ့နေရာသူ ပြန်ထားလိုက်ရုံပဲပေါ့။**

**အဲဒီလိုမဟုတ်ဘဲ. . . အချစ်ဆိုတဲ့ အတ္တကြီးကို သွားလေရာရာ လည်ပင်းမှာဆွဲပြီး ယူသွားရင် အရူးနဲ့ တူနေမှာပေါ့"**

မေဘုန်းရှိန်၏ စကားကြောင့် ကျွန်တော် သူမကို ဆတ်ခနဲ လှမ်းကြည့်လိုက်မိသည်။ သူမကလည်း ကျွန်တော့်ကို ရီဝေသော မျက်ဝန်း များဖြင့် စိုက်ကြည့်နေသည်ကိုမြင်ရ၏။

ကျွန်တော်တို့ နှစ်ယောက်စလုံး တစ်စုံတစ်ရာ၏ တငွေ့ငွေ့ လောင်ကျွမ်းနေသော ရနံ့ကို စတင်ရှူရှိုက်နေကြရပြီထင်သည်။

■

http://www.cherrythitsar.org



(လေး)

မနက်ဖြန်မနက် မိုးသောက်လျှင် ကျွန်တော်နှင့် မေဘုန်းရှိန်တို့၏ မင်္ဂလာဆည့်ခံပွဲကို ကျင်းပရတော့မည်။

တစ်ညလုံး ကျွန်တော်တို့နှစ်ယောက် စကားမဆိုဖြစ်ကြ။ (ဘယ်လို တန်ခိုး သိဒ္ဓိမျိုးက ဟန့်တားထားသလဲဆိုသည်ကို ကျွန်တော်တို့ ကိုယ်တိုင်လည်း မသိကြပါ)

ဝရန်တာနှင့် ကပ်လျှက်တွင်ရှိသော ကျွန်တော့်စာကြည့်ခန်း ကြမ်းပြင်ပေါ်တွင် နံရံကိုမှီလျက် နှစ်ယောက်သား တိတ်ဆိတ်စွာ ထိုင်နေဖြစ်ကြသည်။

Rod Stewart ၏ For the first time သီချင်းကို ခပ်တိုးတိုး ဖွင့်ထား၏။ ညသည် ညင်သာစွာ တငွေ့ငွေ့ သေဆုံးလျက် ရှိလေသည်။

*

စာကြည့်စားပွဲပေါ်တွင် စဥ့်အိုးသေးသေးကလေးတစ်လုံး၊ ဘာပစ္စည်းမှ ထည့်မထား။ ဗလာဟင်းလင်းဖြစ်နေသော အိုးကလေး။

ထို အိုးကလေးသည် ဟိုတစ်ချိန်တုန်းဆီက ကျွန်တော့်ကို မေဘုန်းရှိန် ပေးခဲ့ဖူးသော အိုးငယ်ကလေး ဖြစ်ပါသည်။

ကျွန်တော်တို့ရှေ့ ကြမ်းပြင်ပေါ်တွင် ပြန့်ကြဲနေသော လက်ထပ်စာချုပ်နှစ်စောင်။

"ဟို. . . . အရင်တုန်းက ဘဝဖြင့် ငါတို့ ဘယ်နည်းနဲ့မှ ပြန်မရနိုင်တော့ဘူးနော် မင်းညီ"

လွမ်းဆွတ်တသရလွန်းသောကြောင့် ကြေကြေကွဲကွဲ ဖြစ်နေ

http://www.cherrythitsar.org



သည့် လေသံမျိုးဖြင့် သူမ ခပ်ညည်းညည်း ပြောသည်။

ဘာအနှောင်အဖွဲ့မှ မရှိသော နေ့ရက်များဆီသို့ ကျွန်တော် လွမ်းလွမ်းတတ ဖြစ်နေရပြန်လေသည်။

"ဟုတ်တယ်လေ၊ အဲဒီတုန်းက နင်နဲ့ငါ သူငယ်ချင်း. . .။ သူငယ်ချင်းဆိုတာ တစ်ယောက်ကို တစ်ယောက် ပိုင်ဆိုင်မထားတဲ့ သံယောဇဉ်တွေနဲ့ ချစ်ကြတာ"

သူမက တိတ်တခိုး သက်ပြင်းချလိုက်ပြီး. . . .

''အင်းပေါ့ . . . တစ်ယောက်ကို တစ်ယောက် ချည်နှောင်လိုက်ကြပြီဆိုတာနဲ့ တပြိုင်နက် ဘဝဆိုတာ မလွတ်လပ်တော့ဘူးနော်"

မီးရောင်ကြောင့် နံရံပေါ်တွင် ကျွန်တော်တို့နှစ်ယောက်၏ အရိပ်ပုံတွေ ထင်ဟပ်လျက်ရှိသည်။

ဟို အရင်တုန်းက ကျွန်တော် စိတ်ကူးယဉ်ခဲ့ဖူးသည့် အတွေးများ ကိုပြန်လည်အသက်သွင်း ကြည့်နေဖြစ်သည်။

ဝေးစဉ် အချိန်တုန်းကတော့. . . . . . .

"သူမနှင့်လက်ထပ်ရလျှင် အရမ်းပျော်စရာကောင်းမှာပဲ' ဟု မျှော်လင့်ရင်ခုန်ခဲ့ဖူးသည်။

အခုတော့. . . .

ဟင်းအင်း၊ အခုတော့ မျှော်လင့်ထားသလိုမျိုး ပျော်ရွှင်ကြည့်ဖို့ ကြိုးစားသော်လည်း မအောင်မြင်ပါ။ တစ်ခုခု လိုအပ်လစ်ဟာနေသည့် ခံစားမှုဖြင့် ပေါ့ရွှတ်ရွှတ်ဖြစ်နေ၏။

သူမကို ကြည့်လိုက်တော့လည်း သိပ်ပျော်ရွှင်ပုံမရ။ မသွားမဖြစ်သည့် ခရီးတစ်ခုကို သွားနေရသူ၏ ငြီးငွေ့နေမှုမျိုးဖြင့် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေ၏။

ဘုရားရေ. . .။

လက်ထပ်လိုက်ရတယ်ဆိုတာ ဒါမျိုးလား။

*

http://www.cherrythitsar.org



နောက်ဆုံးတွင် သူမက ထိန်းချုပ်ထားရသော သည်းမခံနိုင်မှု တစ်ခုကို အလျှော့ပေးလိုက်ရသည့် လေသံဖြင့်. . .

"ချစ်သူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် ချစ်နေကြရုံနဲ့ မလုံလောက်ဘူးလား၊ ဘာဖြစ်လို့ လက်ထပ်ကြတာလဲ"

"ဒါ. . . ဖော်မြူလာပဲလေ။ လူတွေအားလုံးဟာ ဒီလို ပုံသေနည်းနဲ့ နေထိုင်ကြတာပဲ၊ တစ်ယောက်နဲ့ တစ်ယောက်ချစ်မယ်။ ပြီးတော့၊ ပြီးရင်တော့ ဘာမှ. . . ဆက်လုပ်စရာမှမရှိတာ။ လက်ထပ်လိုက်ဖို့ တစ်လမ်းပဲ ရှိတော့တာပေါ့"

"ဘုရားရေ ၊ချစ်ခြင်းတွေဆိုတာ ဒီလိုပဲအဆုံးသတ် သွားလေ့ ရှိသလား. . . မင်းညီ"

ကျွန်တော်သူမကို ဘာမှ ပြန်မပြောပါ။ စားပွဲပေါ်တွင် တင်ထားသောစဥ့်အိုးငယ်ကလေးဆီကိုသာ ငေးကြည့်နေလိုက်သည်။

ထိုစဥ့်အိုးငယ်ကလေးသည် ဘာတစ်ခုမှ ထည့်မထားသောကြောင့် လွတ်လပ်စွာ ရပ်တည်နေသော အိုးကလေးဖြစ်ပါသည်။ အကယ်၍ ထိုအိုးကလေးထဲသို့ ရေများလောင်းထည့်လိုက်ပါက ထိုအိုးကလေးသည်ရေအိုးဖြစ်သွားပေလိမ့်မည်။ သတ်မှတ်ချက်တစ်ခုဖြင့် တံဆိပ်ခပ်နှိပ်ခံရသောကြောင့် သူသည် အရင်တုန်းကလို လွတ်လပ်သည့် အိုးကလေးသက်သက်ဖြစ်ခွင့်ရတော့မည် မဟုတ်ပါ။

'ရေအိုး' ဟူသည့် ခေါင်းစဥ်အောက်မှာပင် သူ့ဘဝကို အဆုံးသတ်လိုက်ရတော့မည်ဖြစ်ပါသည်။

"ငါ မေးနေတာ မဖြေဘဲနဲ့ ဘာတွေစဉ်းစားနေတာလဲ မင်းညီ"

"သြော်. . . အိမ်ထောင်ပြုတယ်ဆိုတာ ဘယ်လောက်အထိ အသုံးဝင်သလဲလို့ ငါစဉ်းစားနေတာပါ"

ပြောရင်းနှင့်ပင် ကျွန်တော်က စားပွဲဆီထသွားပြီး စဥ့် အိုးကလေးကို ယူလာကာ ကြမ်းပြင်ပေါ်ချလိုက်သည်။ထို့နောက် ပြန့်ကြဲနေသော လက်ထပ်စာချုပ်နှစ်စောင်ကို လိပ်ပြီးစဥ့်အိုးထဲ ထည့်လိုက်၏။

"တစ်ယောက်ကို တစ်ယောက် အပိုင်သိမ်းထားချင်တဲ့ လူတွေအတွက်တော့ အသုံးဝင်မှာပါ။ ဒါပေမယ့် ငါကတော့ ဘာကိုမှ

http://www.cherrythitsar.org



သိမ်းပိုက်မထားချင်ဘူး၊ ငါက အရာရာကို လွှတ်ချထားချင်တဲ့ မိန်းမပဲ”

“ငါ့ . . . . နားလည်ပါတယ်”

“ဘဝဆိုတာ အလွတ်ကလေးအတိုင်း ရှိနေတာ ကောင်းပါတယ်။ ဘာကိုမှ ထည့်သွင်းသတ်မှတ်မထားတဲ့ ဗလာဟင်းလင်းပေါ့။ ပေါ့ပေါ့ပါးပါးပဲလေ”

သူမက အိမ်မက်မက်နေသူ တစ်ယောက်လို စဥ့်အိုးထဲမှ လက်ထပ်စာချုပ်တစ်စောင်ကို ယူပြီး မီးခြစ်ဖြင့် ရှို့လိုက်သည်။ မီးတောက်သည် စက္ကူအနားစတစ်လျှောက် လိပ်ပြီးလောင်ကျွမ်းကာ တဖြည်းဖြည်းနှင့်အရှိန်ရလာ၏။

ကျွန်တော်က ကျန်သည့်စာချုပ်တစ်စောင်ကိုပါယူပြီး မီးကူးညှိလိုက်သည်။

လက်ထပ်စာချုပ်နှစ်စောင်ကို လောင်ကျွမ်းပစ်လိုက်သည့် ပြာစများသည် စဥ့်အိုးကလေးထဲ၌ တစ်စထက်တစ်စ များပြားစုပုံလာ၏။

နောက်ဆုံး မီးငြိမ်းသွားသည့်အချိန်တွင် စဥ့်အိုးကလေးထဲ၌ ပြာမှုန်တွေသာ ကျန်ရစ်တော့သည်။

သူမကစဥ့်အိုးကလေးကို ယူကာဝရန်တာဆီသို့ တစ်လှမ်းချင်း လျှောက်သွားပြီး ပြာမှုန်များကို လေပြည်ထဲတွင် သွန်ချ ဖြန့်ကြဲလိုက်တော့သည်။

ဘာမှ မကျန်ရစ်တော့။

■

http://www.cherrythitsar.org


(ငါး)

နောက်တစ်နေ့ မင်္ဂလာဆောင်ခံပွဲသို့ သတို့သားကော သတို့သမီးပါ ရောက်မလာသည့်အတွက် ပရိတ်သတ်များ နားလည်ရခက်နေပေလိမ့်မည်။

***

http://www.cherrythitsar.org



တကယ်တော့ ကျွန်တော်နှင့် မေဘုန်းရှိန်သည် ထာဝရ သူငယ်ချင်းများသာဖြစ်ကြပါသည်။

●■●

မင်းခိုက်စိုးစန်

http://www.cherrythitsar.org

အပေါက်တွေကို သင်ရှုမနေခဲ့တဲ့
သူငယ်ချင်းတစ်ယောက်အကြောင်း၊

